# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၅ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၄)


**မ ဖျက် ဆီး နိုင်**

စည်းစိမ်ဥစ္စာသည် ပညာမဲ့သူကို ဖျက်ဆီး၏။ ထိုပညာမဲ့သူသည် စည်းစိမ်ဥစ္စာကို တပ်မက်ခြင်းကြောင့် မိမိကိုယ်ကိုယ် ပြန်၍ ဖျက်ဆီး၏။ နိဗ္ဗာန်ကို ရှာမှီးသူ ပညာရှိကိုမူ စည်းစိမ်ဥစ္စာက မဖျက်ဆီးနိုင်ချေ။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၅၅)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘာ့ဘဏ်အုပ်စု၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းဆိုင်ရာအရာရှိချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံစဉ် မြန်မာရွှေ့ပြောင်း အလုပ်သမားများအရေး အဓိကထားဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း) တို့ တွေ့ဆုံဆွေးနွေးစဉ်
(ဓာတ်ပုံ - ရိုက်တာ)

**ဗန်ကောက် ဇွန် ၂၄**

ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများကို ထိုင်းနိုင်ငံသားများနှင့်တန်းတူ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုများပေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံသို့ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ တွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်ပြီး ယင်းအပေါ် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပညာရေးအတွက် ဘတ်သန်း ၅၀၀၊ ကျန်းမာရေးကဏ္ဍအတွက် ဘတ်သန်း ၅၀၀ အစိုးရက ချမှတ်ပေးထားပါကြောင်း၊ မြန်မာအလုပ်သမားများသည်လည်း ထိုင်းအလုပ်သမားများကဲ့သို့ တန်းတူအခွင့်အရေးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်များရရှိစေလိုပါကြောင်း၊ ငါးဖမ်းသင်္ဘောများတွင် ရောက်နေသည့် မြန်မာအလုပ်သမားများ လူကုန်ကူး

စာမျက်နှာ ၄ ကော်လံ ၁ ✻

**"ထိုင်းနိုင်ငံတွင် တရားဝင်လာရောက်အလုပ်လုပ်နိုင်ရန် ထိုင်းအစိုးရက အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများဒုက္ခရောက်သည့်အချိန်တွင် ဆက်သွယ်၍ရမည့် Hot Line ဖုန်းနံပါတ်များပေးသွားမည်ဖြစ်ကြောင်း၊ ဖုန်းများတွင်အသုံးပြုနိုင်သည့် Application များပြုလုပ်၍ ဒုက္ခရောက်ချိန်တွင် အကူအညီတောင်းခံနိုင်ရန် မြန်မာစကားနားလည်သည့် အော်ပရေတာများကို ရွေးချယ်ခန့်ထားပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ပြောကြား"**




မြန်မာ့အလင်း

# ကွမ်းပြဿနာ အဖြေရှာလျှင်

ကွမ်းရွက်၏အလယ်ပိုင်း၌ ကုဝေရနတ်မင်းသည် အမြဲစောင့်၏။
ကွမ်းရွက်၏အရင်းပိုင်း၌ ဘီလူးစောင့်၏။
ကွမ်းရွက်၏အဖျား၌ မိစ္ဆာနတ်ယုတ်စောင့်၏။
ထို့ကြောင့် ကွမ်းရွက်၏ အရင်းနှင့်အဖျားကို ဆိတ်ဖြတ်ပြီးလျှင် အလယ်ပိုင်းကိုသာ စားရာ၏။ ထိုသို့စားခြင်းဖြင့် ကျက်သရေတိုးတက်၏။

ပင်းယခေတ်က စွယ်စုံပညာရှင် စတုရင်္ဂဗလအမတ်ကြီးပြုစုခဲ့သော လောကနီတိကျမ်းတွင် ကွမ်းကိုမည်ကဲ့သို့ စားရမည်ဖြစ်ကြောင်း အထက်ပါကဲ့သို့ ဖော်ပြခဲ့၏။ ကွမ်းသည် မြန်မာ့ယဉ်ကျေးမှုထဲမှာ၊ မြန်မာ့ရာဇဝင်ထဲမှာ၊ မြန်မာ့သမိုင်းကျမ်းများထဲမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့သော အရာတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာလူမျိုးများနှင့် ကွမ်းစားခြင်းဓလေ့တို့ ပတ်သက်ဆက်နွှယ်ခဲ့ကြသည်မှာ ရာစုနှစ်များနှင့်ချီ၍ပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကွမ်းတစ်ယာတွင် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဆေးတို့ ပေါင်းစပ်ပါဝင်ကြောင်း လူတိုင်းသိကြသည်။ ဆေးဟုဆိုရာတွင် ရိုးရိုးဆေးရွက်ကြီးအပြင် နှပ်ထားသောဆေး၊ ပေါင်းထားသောဆေး၊ နည်းအမျိုးမျိုးဖြင့် ပြုပြင်စီမံထားသောဆေးတို့လည်း ပါဝင်သည်။ ကွမ်းစားခြင်းဓလေ့တွင် ပြဿနာနှစ်ရပ်ရှိသည်ဟု ဆိုနိုင်သည်။ ကွမ်းကို မစားရမနေနိုင် စွဲစွဲမြဲမြဲ အလွန်အကျွံစားသုံးရာမှ ကွမ်းစားသူတွင်ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာသည် ပထမပြဿနာဖြစ်ပြီး ကွမ်းတံတွေးကို စည်းမဲ့ကမ်းမဲ့ မဆင်မခြင်ထွေးရာမှ ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုသည် ဒုတိယပြဿနာဖြစ်သည်။ ပထမပြဿနာမှာ ကွမ်းကို မဆင်မခြင် စားသုံးသူတစ်ဦးတည်းကိုသာ ထိခိုက်နိုင်ပြီး ဒုတိယပြဿနာမှာမူ အများပြည်သူကိုပါ ထိခိုက်စေသည်။ မိမိတို့လူမျိုးကို စည်းကမ်းမရှိသော၊ မိမိကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းမရှိသော လူမျိုးအဖြစ် ကမ္ဘာကရှုမြင်ကာ အမျိုးသားရေးဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည်။ မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင်လည်း နိုင်ငံတကာအမြင်တွင် မတင့်တယ်သော အကျင့်စရိုက်တို့ကို ဆိုင်ရာအာဏာပိုင်တို့က ပြုပြင်တည့်မတ်ထိန်းကျောင်းပေးခဲ့ကြရကြောင်း ကြားသိခဲ့ရဖူးသည်။ နံနက်လင်းသည်နှင့် ရေတစ်ခွက်ကိုင်ကာ လူမြင်ကွင်းတွင် တန်းစီထိုင်ပြီး အခင်းကြီးသွားကြသည့် ဓလေ့စရိုက်များ၊ တွေ့ကရာနေရာတွင် ကြံ့သလိုတံတွေးထွေး၊ ဆေးလိပ်ပစ်ချကြသည့် ဓလေ့စရိုက်များ စသည်တို့ကို ၎င်းတို့နိုင်ငံများ၏ အစိုးရများက မီဒီယာအသီးသီး၊ နည်းလမ်းအမျိုးမျိုးဖြင့် သုတ်သင်ဖယ်ရှားရင်း အမျိုးသားရေးပုံရိပ်ကို မြှင့်တင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ကွမ်းစားသုံးမှု၏ လက်ရှိအခြေအနေမှာ စိုးရိမ်ရေမှတ်သို့ ရောက်လာနေပြီဟု ဆိုနိုင်သည်။ အရွယ်မရောက်သေးသူများ အပါအဝင် အမျိုးသားလူဦးရေ၏ ထက်ဝက်ကျော်ကျော်နှင့် အမျိုးသမီးလူဦးရေ၏ လေးပုံတစ်ပုံခန့်တို့မှာ ကွမ်းစားသူများဖြစ်သည်ဟု ဆိုသည်။ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းမှာလည်း တစ်ခါတစ်ရံ အဆောက်အအုံအသစ်စက်စက်များ၏ လှေကားထောင့်များ၌လည်းကောင်း၊ ဓာတ်လှေကားအတွင်း၌လည်းကောင်း တွေ့မြင်ရတတ်ရာ လမ်းမများပေါ်နှင့် ပလက်ဖောင်းများတွင်မူ ဆိုဖွယ်ရာမရှိ။ ယုတ်စွအဆုံး မြန်မာတို့၏ ကွမ်းတံတွေး စည်းကမ်းမဲ့ထွေးမှုမှာ ကိုရီးယားလိုနိုင်ငံမျိုးအထိပင် ရပ်ကျော် ရွာကျော် နိုင်ငံရပ်ခြားထိ ကျော်ခဲ့သည်။

အစိုးရသစ်လက်ထက် ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းတို့ကို လျော့နည်းပပျောက်စေရေးအတွက် လွန်ခဲ့သည့် ဧပြီလနှောင်းပိုင်းက စတင်ဆောင်ရွက်ခဲ့ရာတွင် ရှုထောင့်အမျိုးမျိုးမှ အမြင်အမျိုးမျိုး၊ အသံအမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုးတို့ ပေါ်ထွက်လာခဲ့ကြောင်း မီဒီယာများမှတစ်ဆင့် သိရှိရသည်။ စင်စစ်အားဖြင့် ကွမ်းစားခြင်းမှာ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ပိုင်ရွေးချယ်မှုသာဖြစ်ပြီး လူတစ်ဦးချင်းစီ၏ စရိုက်များနှင့်လည်း သက်ဆိုင်သည်။ ကွမ်းစားခြင်းနှင့် ကွမ်းရောင်းခြင်းတို့ လျော့နည်းပပျောက်စေရန်အတွက်မူ အချိန်များစွာယူရမည်ဟု ရှုမြင်မိသည်။ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ ဆွဲဆောင်စည်းရုံးခြင်း၊ ဇုန်နယ်များသတ်မှတ်ပေးခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူခြင်းစသည့် နည်းလမ်းများဖြင့်သာ စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟု ဆိုချင်ပါကြောင်း။ ။



## ကိုးဆူစံပြကျေးရွာ၌ မြေငှားဂရန်ထုတ်ပေး

**ပုသိမ် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုသိမ်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း ဝဲယာရှိ ကိုးဆူစံပြကျေးရွာ၌ လူနေအိမ်ခြံမြေကွက်များ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ပုသိမ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာများသည် ဇွန် ၂၁ ရက် နံနက်က ကိုးဆူစံပြကျေးရွာ ရတနာပုံဘုန်းတော်ကြီးကျောင်း၌ ဒေသခံရွာသူရွာသားများနှင့် တွေ့ဆုံပွဲကျင်းပခဲ့ သည်။

ရှေးဦးစွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းက ကိုးဆူစံပြကျေးရွာ၌ ရွာမြေ ဧရိယာ ၉ဒသမ ၅၀ ဧကပေါ်ရှိ အိမ်မြေ ၇၈ လုံးရှိသည့်အနက် အိမ်ခြေမြေကွက် ၃၀ ကိုသာ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်မှုရှိသဖြင့် မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသော အိမ်ခြံမြေကွက် ၄၇ လုံးမှာ လမ်းမကြီးဥပဒေနှင့် ငြိစွန်းမှုရှိနေခြင်း၊ အိမ်မြေကွက်ငါးကွက်မှာ လူနေထိုင်မှုမရှိခြင်း၊ ကျန်မြေကွက်တစ်ခုမှာ သတ်မှတ်မြေဧရိယာမပြည့်စုံခြင်းတို့ကြောင့် မြေငှားဂရန်ထုတ်ပေးနိုင်ခြင်းမရှိကြောင်း၊ ဥယျာဉ်လယ်ယာမြေ၊ စားကျက်မြေများ ဆက်စပ်ရှိနေမှုကို လန ၃၀(က)ဖြင့် သက်ဆိုင်ရာသို့ လျှောက်ထားနိုင်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူတို့၏ မေးမြန်းချက်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးဌေးနိုင်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒေါ်သန်းသန်းနုတို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

**ပုသိမ်လှကြည်**

## ယာဉ်နှစ်ထပ်ရပ်ခြင်းကြောင့် ယာဉ်လမ်းကြောင်း ကျပ်တည်းမှုဖြစ်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက် ရန်ကုန်အနောက်ပိုင်း ဆေးရုံ ခုတင် (၂၀၀) ရှေ့တွင် မော်တော်ယာဉ်အချို့မှာ နှစ်ထပ်ရပ်တန့်ကာ အချိန်ကြာမြင့်စွာနားနေခြင်းကြောင့် အထက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်၌ သွားလာလျက်ရှိသော မော်တော်ယာဉ်၊ ဆိုက်ကား၊ အနေးယာဉ်၊ စက်ဘီးတို့မှာ အန္တရာယ်နှင့်နီးကပ်ပြီး ယာဉ်လမ်းကြောင်းရှုပ်ထွေးကျပ်တည်းမှုများဖြစ်နေကြောင်း ဇွန် ၂၄ ရက် နံနက်ပိုင်းက ခရီးသွားလုပ်သားပြည်သူများထံမှ သိရသည်။

**ရွှေတိုင်လွင်**




## ကော့မှူးမြို့နယ်တွင် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဖွဲ့စည်း

**ကော့မှူး ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများကို လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီ မတည်ထောက်ပံ့၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပျဉ်းကတိုး၊ တာတိုက်၊ ကမာပတ်၊ မဝန်း၊ ဆုံရှမ်း ကျေးရွာတို့အား တိုးချဲ့ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါကျေးရွာများ၌ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီအား ဇွန်လတတိယပတ်က ကျေးရွာသူရွာသားများ၏ ဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## သီပေါ၌ ကွမ်းစားသုံးမှုလျှော့ချရေး အသိပညာပေး ဟောပြော

**သီပေါ ဇွန် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တောင်မြို့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး က ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကွမ်းစားသုံးမှုလျှော့ချရေး၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ပပျောက်ရေးအကြောင်းကို ဇွန် ၂၂ ရက်တွင် ဟောပြောပြီး နယ်မြေမှူး/ဆယ်အိမ်မှူးများက ကွမ်းစားသုံးမှုလျှော့ချရေးနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုပပျောက်ရေး အသိပညာပေး ကြော်ငြာဆိုင်းဘုတ်များကို တောင်မြို့ရပ် နယ်မြေအတွင်း လူအများသွားလာရာမြင်ကွင်းနှင့် စာသင်ကျောင်းများတွင် လိုက်လံကပ်ထားကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၃၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်အကြား ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် စာရင်းအင်းဆိုင်ရာကဏ္ဍများ၌ ကမ္ဘာ့ဘဏ်မှအကူအညီပေးရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းဆိုင်ရာ အရာရှိချုပ် မစ္စ ဆရီ မူရာနီ အင်ဒရာဝါတီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်အကြား ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် စာရင်းအင်းဆိုင်ရာကဏ္ဍများ၌ ကမ္ဘာ့ဘဏ်မှ နည်းပညာ အကူအညီပေးရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၂)၊ (၁၇)နှင့် (၂၂) အား ကြားဖြတ်အမိန့်နှင့် စီရင်ချက်များချမှတ်

နေပြည်တော် ဇွန် ၂၄

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးပြုံးလွင်အပေါ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးလှဆွေက လျှောက်ထားခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါဝင်ပါက လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်၍ လျှောက်ထားသူရင်းအား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာပေးပါရန် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ (က)နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေပုဒ်မ ၈၇ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ကန့်ကွက်လွှာတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီးဖြစ်သည်။**



အဆိုပါအမှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးစန်းရွှေနှင့် ဦးဝင်းမော်တို့ ခုံအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က လျှောက်ထားသူက တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၅ အရ ငြင်းချက်အမှတ်(၃) ပဏာမငြင်းချက်အား ထုတ်ပယ်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ခွင့်ပြုရန်မသင့်ဟု ဆင်ခြင်သုံးသပ်ပြီး လျှောက်ထားချက်ကို ပယ်လိုက်သည်ဟု အမိန့်ချမှတ်ခဲ့သည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသော လျှောက်ထားခံရသူ ဦးဇခုန်တိန့်ယိန်း(တစ်သီးပုဂ္ဂလ) အပေါ် ကချင်ပြည်နယ်လွှတ်တော် ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဦးစံဝေခေါင်လွမ်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က မဲဆန္ဒရှင်တစ်ဦးအနေဖြင့် လျှောက်ထားခံရသူသည် တရားမျှတသော ရွေးကောက်ပွဲကို ပျက်ပြယ်အောင် လုပ်ဆောင်ခဲ့ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့သည့်အတွက် ကိုယ်စားလှယ်မဖြစ်ထိုက်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးရန် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ အရ ကန့်ကွက်လွှာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်က တင်သွင်းထားမှု၊ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံခဲ့သော ဦးယောနာ (တစ်သီးပုဂ္ဂလ)က လျှောက်ထားခံရသူ ဦးဇခုန်တိန့်ယိန်းအား ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာထားခြင်းမှ ပယ်ဖျက်ပေးပါရန်နှင့် လျှောက်ထားသူသာလျှင် ကိုယ်စားလှယ်ဖြစ်ထိုက်သူဖြစ်ကြောင်း ဆုံးဖြတ်ပေးရန် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ အရ ကန့်ကွက်လွှာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က တင်သွင်းထားမှုများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (င)အရ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၅) နှင့် (၄၁/၂၀၁၅)ကို တစ်ပေါင်းတည်း ကြားနာစစ်ဆေးခဲ့သည်။

အဆိုပါအမှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က စစ်ဆေးကြားနာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်တွင် လျှောက်ထားခံရသူ ဦးဇခုန်တိန့်ယိန်းအား ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရခြင်းသည် တရားမဲ့ပြုကျင့်မှုများကြောင့် ပျက်ပြယ်ကြောင်းဆုံးဖြတ်သည့် အမိန့်ကို ချမှတ်သည်။

ကချင်ပြည်နယ် ချီဖွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လျှောက်ထားသူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးခေါဘောမ် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က ယင်းမဲဆန္ဒနယ်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသော ဦးဇခုန်ယိန်းဆောင် (စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ)အပေါ် တရားမဲ့ပြုကျင့်မှုများ ကျူးလွန်သဖြင့် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်းဆုံးဖြတ်ချက် ချမှတ်ပေးပါရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ကန့်ကွက်လွှာကို တင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလက်ခံပြီး ဖြစ်သည်။

အဆိုပါအမှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က စစ်ဆေးကြားနာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်တွင် ကချင်ပြည်နယ် ချီဖွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်းဆောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးခေါဘောမ်၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းနှင့် တရားစရိတ်အဖြစ် ကျပ်နှစ်သိန်းကို လျှောက်ထားသူ ဦးခေါဘောမ်က လျှောက်ထားခံရသူ ဦးဇခုန်ယိန်းဆောင်သို့ ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းမီဒီယာအဖွဲ့များအကြား မီဒီယာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့် သတင်းရယူရာတွင် ပံ့ပိုးပေးနိုင်မည့်အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Burma News International (BNI) ၏ အမှုဆောင် ဒါရိုက်တာဖြစ်သူ ဒေါ်နန်းဖော့ဂေနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအမံများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းမီဒီယာအဖွဲ့များအကြား အပြန်အလှန်လက်တွဲလုပ်ဆောင်နိုင်မည့် မီဒီယာနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သတင်းရယူရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ပံ့ပိုးပေးနိုင်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ရှင်းလင်း

**မုံးကိုး ဇွန် ၂၄**

မူဆယ်ခရိုင် မုံးကိုးမြို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် စိုက်ပျိုးရေးတောင်သူလက်သမားများအား စိုက်ပျိုးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် နည်းပညာများ ရှင်းလင်းဟောပြော သရုပ်ပြသခြင်းကို မူဆယ်ခရိုင် စိုက်ပျိုးရေးမှူး ဒေါ်နန်းလွင်လွင်စိန်နှင့်အဖွဲ့က ပြုလုပ်ရာ နယ်စပ်ဒေသဖြစ်သည့်အတွက် တစ်ဖက်နိုင်ငံကဲ့သို့ အထွက်တိုး နည်းပညာများ လက်တွေ့ကျကျ ရှင်းလင်းပြသပေးသည့်အတွက် အကျိုးရှိကြောင်း၊ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မိုးရာသီသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၂၄**

၂၀၁၆ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်း ရေလှောင်တမံကြိုးဝိုင်းအတွင်း ကျင်းပခဲ့သည်။

ရှေးဦးစွာတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးမြင့်က သစ်ပင်စိုက်ပျိုးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်များအား စိုက်ပျိုးရန်ပျိုးပင်များ ပေးအပ်ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပင်များတွင် ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ အော်ရေးရှား၊ မန်ဂျန်ရှား ပျိုးပင် ၇၀၀ ခန့်စိုက်ပျိုးခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# လက်ပံတန်းမြို့ ကလေးစာဖတ်ခန်းသို့ ဂျပန်သံရုံးဝန်ထမ်းများ လာရောက်အားပေး

**လက်ပံတန်း ဇွန် ၂၄** သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းသို့ ဂျပန်သံရုံးမှ နိုင်ငံခြားရေးရာ တာဝန်ခံ မစ္စတာ စုဂျိစံနှင့်အဖွဲ့သည် ဇွန် ၂၂ ရက် နံနက် ၁၁ နာရီက ရောက်ရှိခဲ့သည်။ လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ရှန်တီစေတနာ့အဖွဲ့ဝန်ထမ်းနှင့် အထက(၃)ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ကိုယ်လက်လှုပ်ရှားခြင်း၊ ပုံပြောခြင်း၊ စက္ကူရုပ်ပြဇာတ်ပြသခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ကလေးများနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို ခရိုင်ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

❇ ရှေ့ဖုံးမှ

ခံရခြင်း၊ နှိပ်စက်ခံရခြင်း မရှိစေရန်လည်း နယ်မြေခံတာဝန်ရှိပုဂ္ဂိုလ်များက ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေး လုပ်ငန်းများကိုလည်း ဆောလျင်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်နိမိတ်ဆိုသည်မှာ နိုင်ငံနှစ်နိုင်ငံကို ခွဲခြားထားခြင်း မဟုတ်ဘဲ နှစ်နိုင်ငံ အတူတကွ Share လုပ်သည့်နေရာ ဖြစ်ကြောင်း၊ မည်ကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်သွားမည်ကို နှစ်နိုင်ငံအစိုးရများက ဆောင်ရွက်သွားရန်လိုကြောင်း၊ နှစ်နိုင်ငံပြဿနာများကို ဖြေရှင်းရာတွင်လည်း ညှိနှိုင်းစေ့စပ်ဖြေရှင်းရန်လိုကြောင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ထိုင်းနိုင်ငံတွင် တရားဝင် လာရောက်အလုပ်လုပ်နိုင်ရန် ထိုင်းအစိုးရက အကူအညီပေးသွားမည် ဖြစ်ကြောင်း၊ အလုပ်သမားများ ဒုက္ခရောက်သည့်အချိန်တွင် ဆက်သွယ်၍ရမည့် Hot Line ဖုန်းနံပါတ်များပေးသွားမည်ဖြစ်ကြောင်း၊ ဖုန်းများတွင် အသုံးပြုနိုင်သည့် Application များ ပြုလုပ်၍ ဒုက္ခရောက်ချိန်တွင် အကူအညီတောင်းခံနိုင်ရန် မြန်မာစကားနားလည်သည့် အော်ပရေတာများကို ရွေးချယ်ခန့်ထားပေးသွားမည်ဖြစ်ကြောင်း။

ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသည့် ဒုက္ခသည်များနေရပ်သို့ ပို့ဆောင်ရေးအတွက်လည်း နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ နေရပ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများကို ဖော်ထုတ်ပေးပြီးသည့်အချိန်တွင် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို စတင်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးအပါအဝင် နှစ်နိုင်ငံကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရချင်းသာမက အခြေခံလူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ထိုင်းနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း တန်းတူစောင့်ရှောက်မှုရရှိနိုင်ရေး၊ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများ နေရပ်ပြန်ခေါ်နိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးသာမက နှစ်နိုင်ငံ၏အရေးကြီးသော စီမံကိန်းတစ်ခုဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရေး၊ အာဆီယံမူဘောင်အတိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နှစ်နိုင်ငံ အကြီးအကဲများ၏ ရှေ့မှောက်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံ အလုပ်သမား ဝန်ကြီး ဗိုလ်ချုပ်ကြီး စီရီရှိုင်းဒစ်စကူတို့က မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ခြင်းနားလည်မှုစာချွန်လွှာ၊ အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်စာချုပ်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းတို့က နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းသဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများအရ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများကိစ္စကို နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက်အကျိုးခံစားခွင့်များ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံသဘောတူညီချက်၌ အလုပ်ခန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ်ပါကာလနှင့် သတ်မှတ်ချက်များပြီးဆုံးသည့် အလုပ်သမားများကို နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းအစီအစဉ်များ ထိရောက်မှုရှိရေး၊ အလုပ်သမားများအား ဥပဒေအရ အကာအကွယ်ပေးမှုများ ရရှိခံစားနိုင်ရေး၊ အလုပ်ခန့်ထားခြင်းအတွက် လက်ခံသည့်နိုင်ငံ၏ နယ်မြေအတွင်း ဝင်ရောက်လာသည့်အလုပ်သမားများသည် လူမျိုးနှင့် ဘာသာ၊ ကျား/မ ခွဲခြားမှု မရှိဘဲ တန်းတူညီမျှမှုအပေါ်အခြေခံ၍ မိမိနိုင်ငံသားများနှင့် တန်းတူအခွင့်အရေးရရှိစေရေး စသည့်အချက်များပါဝင်သည်။

နှစ်နိုင်ငံနားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်စာချုပ်များ လက်မှတ်ရေးထိုးအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။


ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) သည် ဝန်ကြီးချုပ် တာဝန်ယူပြီးနောက် ၎င်း၏ ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး နှစ်ရက်ကြာလာရောက်ခဲ့သည်။ အဆိုပါခရီးစဉ်တွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အရေးကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ပြီး မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ဒုက္ခသည်များ၏အရေးကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံများတွင် ထိုင်းနိုင်ငံသည် အဆင့် (၂) နေရာတွင်ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇၀၇ ဒသမ ၆၅ သန်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅၁၁ ဒသမ ၃၃ သန်းအထိရှိခဲ့သည်။

**(သတင်းစဉ်)**



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး ဗိုလ်ချုပ်ကြီး စီရီရှိုင်းဒစ်စကူတို့ နှစ်နိုင်ငံအကြား အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်စာချုပ် အပြန်အလှန်လဲလှယ်စဉ်
(သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)တို့ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်စဉ်**
(သတင်းစဉ်)

## ❐ ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများကို ထိုင်းနိုင်ငံသားများနှင့်တန်းတူ ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှုများပေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြား

## ❐ မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံများတွင် ထိုင်းနိုင်ငံသည် အဆင့် (၂) နေရာတွင်ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇၀၇ ဒသမ ၆၅ သန်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅၁၁ ဒသမ ၃၃ သန်းအထိရှိခဲ့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**ဗန်ကောက် ဇွန် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းနှင့် ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ ပညာရေးကဏ္ဍ မြှင့်တင်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းတက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် အဆိုပါဝန်ကြီးဌာန၌ ဆက်လက်တွေ့ဆုံပြီး (Myanmar-ASEAN and the World, The Way Forward) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး၌ ငြိမ်းချမ်းရေး အပြည့်အဝမရရှိသေးမီကာလအတွင်း ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များအကြား ယုံကြည်မှုကို ဦးစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပဋိပက္ခကို ချစ်ကြည်ရင်းနှီးမှုအဖြစ်သို့လည်းကောင်း၊ ပဋိပက္ခကို အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုအဖြစ်သို့ လည်းကောင်း ပြောင်းလဲရန် ကြိုးပမ်းနေပါကြောင်း စသည်ဖြင့် ဆွေးနွေးဟောပြောသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးမှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းတက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး (Myanmar-ASEAN and the World, The Way Forward) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောစဉ်**
(သတင်းစဉ်)





# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်တွေ့ဆုံပြီး အကျဉ်းထောင်၊ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လေ့လာ

မြစ်ကြီးနား ဇွန် ၂၄

**ကုလသမဂ္ဂ(UN)၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ရန်ကုန်မြို့မှတစ်ဆင့် မြစ်ကြီးနားမြို့သို့ ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်က ရောက်ရှိကြပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် သွားရောက်တွေ့ဆုံသည်။**

တွေ့ဆုံစဉ် မစ္စ ယန်ဟီလီက ခရီးစဉ်အတွက် ကူညီပေးသည့် ပြည်နယ်အစိုးရအဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစုပင်လုံ) ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို မိမိအနေဖြင့် စိတ်လှုပ်ရှားမိကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို လာရောက်လေ့လာခြင်းဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစုပင်လုံ)မှ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အဆင်ပြေသွားပါက လူ့အခွင့်အရေးကိစ္စရပ်များလည်း ပြေလည်သွားမည်ဖြစ်ကြောင်းနှင့် လူ့အခွင့်အရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ယင်းနောက် မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ လယ်ကုန်းရပ်ကွက် ဇီးအွန်နှစ်ခြင်းအသင်းတော်ဝင်းအတွင်းရှိ IDP စခန်းနှင့် ဂျာမိုင်ကောင်းရပ်ကွက် RC အသင်းတော်ဝင်းအတွင်းရှိ IDP စခန်းများသို့ သွားရောက်လေ့လာပြီး စစ်ဘေးရှောင်မိသားစုများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ဇွန် ၂၅ ရက်တွင် မြစ်ကြီးနားမြို့မှ လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်ရှိမည်

၂၄-၆-၂၀၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ကျောက်ဖောက်သည့်စက်ဖြင့် တွင်းတိမ်တူးဖော်

**တောင်ငူ ဇွန် ၂၄**

တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူများအတွက် ရက် ၁၀၀ စီမံချက်ဖြင့် နွေရာသီရေရှားပါးပြတ်လပ်သည့် ကျေးရွာများ၌ တွင်းတိမ်လေးတွင်း၊ လက်တူးတွင်း တစ်တွင်း ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့်ဝန်ထမ်းများ ဇွန် ၂၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နွေရာသီတွင် ရေပြတ်လပ်သည့် တောင်ငူမြို့နယ် ကွမ်းပင်ကျေးရွာအုပ်စု ထိုးဝါးချောင်းကျေးရွာတွင် ကျောက်များကို ဖောက်သည့်စက်ဖြင့် တွင်းတိမ်တူးဖော်ဆောင်ရွက်ရာ ရာနှုန်းပြည့်ပြီးစီးမှု နှင့် မွန်ကုန်းကျေးရွာတွင် အဆိုပါစက်ဖြင့် တူးဖော်လျက်ရှိသည့် မြေပြင်အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကမ္ဘာ့ဘဏ်အုပ်စု၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇွန်  ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကမ္ဘာ့ဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းဆိုင်ရာအရာရှိချုပ် မစ္စဆရီမူရာနီအင်ဒရာဝါတီနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အခြေခံအုတ်မြစ်များ၊ အနာဂတ်ကာလ ဒီမိုကရေစီစနစ်ရှင်သန်ရေး ဆောင်ရွက်ပေးရမည်

ရန်ကုန်  ဇွန်  ၂၄

**ပြည်သူများခံစားနေရသည့်ဒုက္ခများကို နည်းမှန်လမ်းမှန်ဖြင့် ကုစားပေးရန်လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို လိုအပ်သည်ထက် ပို၍ ခံစားမနေသင့်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့နံနက် ၁၀ နာရီတွင် တွေ့ဆုံစဉ် ထိုကဲ့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းပြည့်ဝမှသာ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များမှာလည်း အားကောင်းမောင်းသန် ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၏အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန်ဖြစ်ကြောင်း။

မိမိတို့သည် ဥပဒေပြုသူများဖြစ်သည့်အတွက် ဥပဒေကို လေးစားလိုက်နာရန်လိုအပ်ကြောင်း၊ အထူးသဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူထံမှဆင်းသက်ကြောင်း၊ ယင်းမှာ ဒီမိုကရေစီ၏ အခြေခံမူဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စများကို စောင့်ကြည့်ထိန်းညှိနိုင်သော်လည်း ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်စေရန် သတိပြုရမည်ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်နှင့်တာဝန်များကို သိရှိရန်လိုအပ်ကြောင်း၊ လုပ်ပိုင်ခွင့်အပိုင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများနှင့် ဥပဒေကြမ်းများ တင်သွင်းခွင့်ရှိကြောင်း၊ မေးခွန်းမေးခြင်း၊ အဆိုတင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းချက်၊ ကန့်သတ်ချက်များကို သိရှိရန်လိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကိုလည်း လေးစားလိုက်နာရန်လိုအပ်ကြောင်း။

မိမိတို့အနေဖြင့် ဆောင်ရွက်ခွင့်ရသည့်အချိန်တွင် မျိုးဆက်သစ်များအတွက် ဒီမိုကရေစီအခြေခံအုတ်မြစ်များ တည်ဆောက်ပေးရေး၊ လူ့အခွင့်အရေး အခြေခံအုတ်မြစ် ဆောင်ရွက်ပေးရေး၊ အနာဂတ်ကာလတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ရေးတို့ကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူအကျိုးကို ဖြူဖြူစင်စင် ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်ကန်ကန် ဝိုင်းဝန်းဖော်ဆောင် သွားကြစေလိုကြောင်း၊ တရားမျှတသောလူ့အဖွဲ့အစည်း တည်ဆောက်ရေးနှင့် အဂတိကင်းရှင်းသော လူ့အသိုင်းအဝိုင်းတည်ဆောက်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန် အခွင့်သာခိုက်တွင် လိပ်ပြာသန့်သန့်ဖြင့် သမိုင်းဝင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များ၏မေးမြန်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြော

**ရန်ကုန်  ဇွန်  ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အ.ထ.က (၁) မရမ်းကုန်းတွင် လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၁ နာရီက ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၆၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုးနှင့် လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ “အခု ဖြန့်ဝေပေးလိုက်တဲ့ လျှပ်စစ်အသိပညာပေးလက်ကမ်းစာစောင်ကို ကလေးတို့အနေနဲ့ သေချာစွာဖတ်ဖို့လိုပါတယ်။ ဒီကနေ အိမ်ရောက်အောင် ယူသွားဖို့လည်း လိုပါတယ်။ ဒါမှ အိမ်ကမိဘတွေလည်း ဖတ်မိမယ်။ ဒီလက်ကမ်းစာစောင်ထဲမှာ လျှပ်စစ်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုပုံနဲ့ သတိထားရမယ့်အချက်တွေ၊ လျှပ်စစ်အန္တရာယ်ဖြစ်နိုင်ဖွယ် ဖြစ်စဉ်တွေ၊ မိသားစု လျှပ်စစ်ကာကွယ်ရေးစနစ်တွေ၊ ဓာတ်လိုက်ခံရသူကို ရှေးဦးသူနာပြုစုနည်းတွေပါဝင်တဲ့ အချက်အလက်တွေကိုသိရှိနိုင်မှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူလေးတွေအနေနဲ့ လျှပ်စစ်အန္တရာယ်ကို ကိုယ်တိုင်လဲ ဂရုစိုက်သလို ကိုယ်နဲ့နီးစပ်ရာ သူငယ်ချင်းတွေကို လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးမှုတွေ ဖြန့်ဝေပေးစေလိုပါတယ်”ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုးက ပြောသည်။

ယခုအခါတွင် မိုးရာသီကျရောက်လာပြီဖြစ်သဖြင့် ရာသီဥတုကြောင့်၊ လူကြောင့် မလိုလားအပ်သော လျှပ်စစ်အန္တရာယ်များကျရောက်ကာ အသက်ဆုံးရှုံးသွားသည့် ဖြစ်စဉ်များရှိသည်။

ထို့ကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများအား မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**





# တွန်းဇံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**တွန်းဇံ  ဇွန်  ၂၄**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီက တွန်းဇံ- ကျီခါးလမ်း နတ်ဇန်မဏိပူရ် မြစ်ကူးတံတားတည်ဆောက်မည့်အခြေအနေ တီးတိန်းတံတားနှင့် တီးဆွောင်းတံတားတည်ဆောက်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ တွန်းဇံ-ကျီခါးရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ အစိုးရအဖွဲ့နှင့် တွေ့ဆုံပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တွန်းဇံနှင့် ကျီခါးမြို့မိမြို့ဖများက မြို့နယ်အတွင်း အဓိကလိုအပ်နေသော လမ်းတံတား၊ လျှပ်စစ်မီး၊ မြို့တော်ခန်းမတည်ဆောက်ပေးနိုင်ရန် စသည့်လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူက ပြန်လည်ရှင်းလင်းပြီး လုပ်ငန်းလိုအပ်ချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ထပ်ဆင့်ရှင်းလင်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောက်လုပ်လျက်ရှိသည့် တိုးချဲ့လူနာဆောင် ဆောက်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

◆ *ကျောဖုံးမှ*

ကြည့်ရှုလေ့လာကြရာ မြန်မာ့ပုလဲလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လိုက်လံရှင်းလင်းပြသသည်။

(၅၃)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို ယနေ့မှ စ၍ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲ စုစုပေါင်း ၆၉၃၉ တွဲကို ရောင်းချသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲအတွဲ စုစုပေါင်း ၃၆၅ တွဲမှ အခြေခံဈေး ယူရို ငွေ ၁၀၀၀ မှ ၁၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် ပုလဲအတွဲ ၃၃၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေး ယူရိုငွေ ၁၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ပုလဲအတွဲ ၂၇ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ပြသရောင်းချသွားမည်ဖြစ်သည်။

အလားတူ ကျောက်မျက်အတွဲ စုစုပေါင်း ၅၁၂ တွဲမှ အခြေခံဈေး ယူရိုငွေ ၅၀၀ မှ ၂၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲ ၃၅၃ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ အခြေခံဈေး ယူရိုငွေ ၂၀၀၀၁ နှင့်အထက် တန်ဖိုး သတ်မှတ်သည့် ကျောက်မျက်အတွဲ ၁၅၉ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ပြသရောင်းချသွားမည်ဖြစ်သည်။

ထို့အတူ ကျောက်စိမ်းအတွဲ စုစုပေါင်း ၆၀၆၂ တွဲမှ အခြေခံဈေး ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ် သည့် ကျောက်စိမ်းအတွဲ ၅၉၉၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ အခြေခံဈေးယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲ ၁၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Technical Data Center ထူထောင်နိုင်ရေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့်ကိစ္စများနှင့် မြန်မာနိုင်ငံ၏ စွမ်းအင်၊ ကျန်းမာရေးနှင့် မီဒီယာကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက စင်ကာပူနိုင်ငံအခြေစိုက် Krislite Pte., Ltd. မှ Director Mr. Sims Teo ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ General Electric International Incorporated (GEII) မှ Chief Country Representative ဖြစ်သူ Mr. Andrew Lee နှင့် Lighting Specialist Co., Ltd. မှ Managing Director ဦးကျော်မိုးနိုင်တို့သည် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် Krislite နှင့် Lighting Specialist Co., Ltd. တို့ ပူးပေါင်း၍ Lighting ပိုင်းဆိုင်ရာများကို ဒီဇိုင်းရေးဆွဲတပ်ဆင်ပေးလျက်ရှိသည့် အခြေအနေများနှင့် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စွမ်းအင်သုံးစွဲမှုနည်းပါးပြီး Light Pollution ကို လျှော့ချပေးနိုင်သည့် နည်းပညာမြင့်LED မီးလုံးများ ထုတ်လုပ်ရေးနှင့်Technical Data Center ထူထောင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

General Electric International Incorporated (GEII) ကလည်း မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် မီဒီယာကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် အထောက်အကူပြုစက်ပစ္စည်းများ ပံ့ပိုးပေးနိုင်ခဲ့မှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



# မျိုးဆက်သစ်လူငယ်များ အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၄**

မြန်မာ့ယဉ်ကျေးမှု သမိုင်းတစ်လျှောက် တည်ရှိခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များ လေ့လာခြင်းအားဖြင့် ဂုဏ်ယူမြတ်နိုး တန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တတ်လာစေရန် ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းကာ ပြတိုက်ပညာပေးရေး လုပ်ငန်းများကို စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ဇွန် ၂၃ ရက်တွင် နေပြည်တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လယ်ဝေးမြို့နယ် အထက(၂)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၈ ဦး၊ ဒက္ခိဏသီရိမြို့နယ် အထက(၁၈)မှ ၃၅ ဦးနှင့် ဒက္ခိဏသီရိမြို့နယ် အထက(၁၉)မှ ၃၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၉ ဦးတို့သည် အမျိုးသားပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြတိုက်သို့ အဖွဲ့လိုက်လာရောက်သော ကျောင်းသား ကျောင်းသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မော်တော်ယာဉ်များဖြင့် ကြို/ပို့ ပေးခြင်း၊ ဝင်ကြေးအခမဲ့ပေးခြင်း၊ လိုက်လံရှင်းလင်းပြသပေးခြင်း၊ ရှေးဟောင်းယဉ်ကျေးမှု သုတဉာဏ်စမ်းမေးခွန်းများကို ဖြေကြားစေခြင်း၊ အဖြေမှန်သူများကို အမှတ်တရလက်ဆောင်ပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍လည်း နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အခြေခံပညာ ကျောင်းများအနေဖြင့် အဖွဲ့လိုက်လေ့လာလိုပါက အမျိုးသားပြတိုက်(နေပြည်တော်)နှင့် ဆက်သွယ်ပြီး အပတ်စဉ် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း အခမဲ့ လာရောက် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခြင်ဆေးဖျန်းစက်ဖြင့် ခြင်နှိမ်နင်းရေး ဆောင်ရွက်

**စလင်း ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့ရှိ စည်ပင်သာယာဈေးနှင့် ဈေးပတ်ဝန်းကျင်တို့တွင် ဇွန်လ တတိယပတ်မှစတင်၍ ဈေးဝယ်သူများ၊ ဈေးသူ ဈေးသားများ၏ ကျန်းမာရေးကို ကြိုတင်ကာကွယ်သောအားဖြင့် မိုးတွင်းကာလသွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ခြင်ဆေးဖျန်းစက်အသုံးပြု၍ ခြင်ဆေးဖျန်းပက်ပေးခြင်း၊ ရေဝပ်နိုင်သောနေရာများကို သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ သုံးရေကန်များကို အဖုံးအကာများ ထားရှိစေခြင်းတို့ကို အမှုဆောင်အရာရှိ ဦးနေမန်း၊ ဈေးသူ ဈေးသားများ၊ ဈေးကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

*ကျောဖုံးမှ*

မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ထိုင်းအမျိုးသမီးကလပ် Kon Kan အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဗန်ကောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရပြီး Bangkok Sports အသင်းနှင့် ခြောက်ဂိုးစီ သရေကျခဲ့သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြ ဒေါ်သီတာကြည်၊ ဂိုးနည်းပြ ဒေါ်ဇာလီဝင်း၊ ကစားသမားများအဖြစ် သူဇာထွေး၊ ဇင်မင်းထွန်း(ဂိုး)၊ ဆုမြတ်မွန်၊ စန္ဒာထွေး၊ ဝတ်ရည်ထွန်း၊ ပပဝင်း၊ ယုယုစိုး၊ မေသက်ဖြူ၊ နန်းခမ်းမို၊ တင့်တင့်ထွန်း၊ ခင်မာလင်း၊ ကေသီစိုး၊ မိဆက်၊ ဆုပိုပိုကျော်၊ ဘေဝါထူး၊ နီလာမြင့်၊ ဝါဝါခိုင်၊ ခိုင်မာဦး၊ ခိုင်နှင်းသန့်(ဂိုး)နှင့် ပြည့်ပြည့်ဇော်(ဂိုး)တို့ ပါဝင်ကြသည်။

အာဆီယံဖူဆယ်ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ MIC အမျိုးသားအသင်းနှင့် W F.C အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကြိမ်ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။

# ကချင်ပြည်နယ် ဖားကန့်တွင် ကျောက်ကြောမြေပြိုကျမှုဖြစ်ပွား၊ ၁၀ ဦးဒဏ်ရာရရှိ၊ နှစ်ဦးပျောက်ဆုံး

**ဖားကန့် ဇွန် ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာအနီးရှိ ကျောက်စိမ်းလုပ်ကွက်တစ်ခုအတွင်း ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျောက်ကြောကမ်းပါးပြိုကျမှုဖြစ်ပွားရာ ၁၀ ဦးဒဏ်ရာရရှိပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အတည်ပြုချက်အရ သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာ၏ အရှေ့မြောက်ဘက် သုံးဖာလုံခန့်အကွာ လုပ်ငန်းရပ်နားထားသည့် ကျောက်စိမ်းသစ်ရွက်ကုမ္ပဏီလုပ်ကွက်တွင် အမြင့်ပေ ၂၀၀၊ အလျားပေ ၃၀ ရှိ ကျောက်ကြောကမ်းပါးယံပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေနေသော ဦးတူးအောင် (၃၆ နှစ်) တောင်းကော့ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်၊ ဦးဇော်တူး (၄၆ နှစ်) တောင်းကော့ကျေးရွာ ရပ်ကွက် (၂) ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်၊ နော်ဆန်း (၁၈ နှစ်) တောင်းကော့ကျေးရွာ ရပ်ကွက် (၂) ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်၊ တင်မျိုးအောင် (၁၆ နှစ်) မော်ကလင်ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်၊ ဦးအောင်မျိုးဝင်း (၃၆ နှစ်) မော်လကင်ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်၊ နေလင်းဌေး(၂၂ နှစ်) မော်လကင်ကျေးရွာ ဆိပ်မူကျေးရွာအုပ်စု ဖားကန့်မြို့နယ်၊ ဦးစောမောင် (၃၇ နှစ်) တောင်းကော့ကျေးရွာ၊ ဇော်ဝင်းမောင် (၂၅ နှစ်) တောင်းကော့ကျေးရွာ၊ လဒွဲ (၃၀ နှစ်) နမ့်မော်ကျေးရွာ၊ ဦးထွန်းအေး (၃၅ နှစ်) တောင်းကော့ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်နေသူတို့မှာ ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိကြပြီး ဝင်းနိုင်(ခ)ဌေးဝင်း (၂၃ နှစ်) ရပ်ကွက်(၅) ဆိုင်းအောင်ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်နှင့် ကိုမင်းမင်း(၂၆ နှစ်) ရပ်ကွက်(၁) တောင်းကော့ကျေးရွာ ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်တို့ နှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



"မြေပြိုကျတဲ့နေရာမှာ ဆက်လက်ပြိုကျနိုင်တဲ့ အခြေအနေရှိတဲ့အတွက် ပျောက်ဆုံးနေတဲ့သူနှစ်ဦးကို ဆက်ပြီး မရှာဖွေနိုင်သေးပါဘူး" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ပြောသည်။

ဒဏ်ရာရရှိသူများကို ဆိပ်မူကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ နမ့်မော်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ နယ်မြေခံတပ်ဖွဲ့မှ တပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက ချောက်အတွင်းမှ ဝိုင်းဝန်းကယ်ဆယ်ပြီး ဖားကန့်ပြည်သူ့ဆေးရုံသို့ လူနာတင်ယာဉ်နှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ်၌ ပြီးခဲ့သည့် မေလအတွင်းက ဆိပ်မူကျေးရွာအုပ်စုအတွင်း ကျောက်ကြောကမ်းပါးယံပြိုကျမှုကြောင့် လူ ၁၃ ဦး၊ ဝေ့ခါမော်သစ်ကုန်းကျေးရွာအနီးရှိ လုပ်ကွက်တစ်ခု၌ ၁၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# မိတ္ထီလာတွင် ပထမဆုံးအဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံ စတင်တည်ဆောက်

**မိတ္ထီလာ ဇွန် ၂၄**

မိတ္ထီလာမြို့ မြို့မရုပ်ရှင်ရုံလမ်းတွင် ပထမဆုံး အဆင့်မြင့်ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံကို စတင်တည်ဆောက်လျက်ရှိရာ လာမည့် ဒီဇင်ဘာလမတိုင်မီ ရုပ်ရှင်ရုံတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ယင်းရုပ်ရှင်ရုံပိုင်ရှင် ဦးစိုးအောင်က ပြောသည်။

"ဒီတစ်ရက် နှစ်ရက်ပဲရှိသေးတယ်၊ အဆင့်မြင့်ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံ စတင်တည်ဆောက်တာ ရုပ်ရှင်ရုံတည်ဆောက်တဲ့ လုပ်ငန်းအတွက် ခွင့်ပြုကာလ ဒီနှစ်အကုန်ပိုင်းထိ တစ်နှစ်အချိန်ရတယ်။ ဒါပေမယ့် လာမယ့်ဒီဇင်ဘာလမတိုင်မီ ရုပ်ရှင်ရုံတည်ဆောက်တဲ့လုပ်ငန်း ပြီးစီးဖို့ ရည်မှန်းထားပါတယ်"ဟု ဦးစိုးအောင်က ပြောသည်။



ယင်းအဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံမှာ ယခင် ဂရင်းရုပ်ရှင်ရုံနေရာတွင်ပင် အစားထိုးဆောက်လုပ်ခြင်းဖြစ်ကာ မြေညီထပ်တွင် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနိုင်ရန်နှင့် ပထမထပ်တွင် ရုပ်ရှင်ပြသသွားနိုင်ရန် နှစ်ထပ်တည်ဆောက်မည်ဖြစ်သည်။ မိတ္ထီလာမြို့တွင် ပထမဆုံး အဆင့်မြင့်ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံ ဖြစ်လာမည့် ယင်းရုပ်ရှင်ရုံသည် ရုပ်ရှင်ကြည့်ပရိသတ် ၂၂၀ အထိ တစ်ပြိုင်နက်ကြည့်ရှုနိုင်မည်ဖြစ်ရာ ရုပ်ရှင်ရုံဝင်ကြေးအား တခြားနယ်ဒေသများမှာ ပြသထားသည့်နှုန်းထားအတိုင်းသာ ရယူမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံတည်ဆောက်တဲ့နေရာမှာ မြေညီထပ်ကို ဈေးဆိုင်ခန်းတွေ ဖွင့်လှစ်ရောင်းချနိုင်ဖို့၊ ပထမထပ်ကို ရုပ်ရှင်ပြသနိုင်ဖို့ နှစ်ထပ်တည်ဆောက်တာပါ။ ရုပ်ရှင်ရုံ တည်ဆောက်ပြီးစီးလို့ပြတဲ့အခါ ရုံဝင်ကြေးကတော့ ရန်ကုန်၊ မန္တလေးတို့လို မဟုတ်ပေမယ့် အခြားနယ်ဒေသတွေမှာ ပြသနေတဲ့နှုန်းထားအတိုင်းပဲ ယူမှာဖြစ်ပါတယ်။ ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူတွေအနေနဲ့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး တစ်ဦးတည်းရှော့ပင်းမောဖွင့်မယ်ဆိုရင်လည်း ညှိနှိုင်းငှားရမ်းပေးသွားမှာဖြစ်ပါတယ်"ဟု ဦးစိုးအောင်က ပြောသည်။

မိတ္ထီလာတွင် ပထမဆုံး အဆင့်မြင့်ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံအား စုစုပေါင်း ခန့်မှန်းကုန်ကျငွေ သိန်းသုံးထောင်ခန့် အကုန်အကျခံ ဆောက်လုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ရုံတည်ဆောက်ပြီးစီးပါက အဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံအဆင့်နှင့်အညီ ပြသနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇွန် ၂၄**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမအစည်းအဝေးကို (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၅၊ ၆၊ ၇၊ ၈) ရက် ဇူလိုင် ၉၊ ၁၀၊ ၁၁၊ ၁၂ ရက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၉၊ ၁၀ ရက်) ဇူလိုင် ၁၃၊ ၁၄ ရက် (ဗုဒ္ဓဟူး၊ ကြာသပတေး) နေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၄ ရက်) ဇူလိုင်လ ၈ ရက် (သောကြာနေ့)အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇရပ်ကောင်းမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

**ဇရပ်ကောင်း ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇရပ်ကောင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ဇွန် ၂၄ ရက်က ဇရပ်ကောင်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ လူနေအိမ်များနှင့် ဘုရားပန်းအိုးများ၊ ရေမြောင်းများ၊ ရေတွင်း၊ ရေကန်များ၊ အထက်တန်းကျောင်းဝင်းအတွင်းရှိ မိုးရေလှောင်ကန်များကို အဖွဲ့ငါးဖွဲ့ဖွဲ့ကာ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇရပ်ကောင်းမြို့ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

ဇွန် ၂၆ ရက်တွင် အမှတ်(၂)ရပ်ကွက်အတွင်းသို့ ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# ရေစကြို၌ တန် ၂၀၀၀ ခန့် တင်ဆောင်နိုင်သည့် သံကိုယ်ထည်တွဲရေယာဉ် တည်ဆောက်နေ

**ရေစကြို ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နှင့် တစ်မိုင်ခန့်အကွာ ကျောမကြားကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းနံဘေးတွင် လွန်းကျင်းတည်၍ ကုန်တန်ချိန် ၂၀၀၀ ခန့် တင်ဆောင်နိုင်သည့် သံကိုယ်ထည်တွဲယာဉ်တစ်စင်း တည်ဆောက်နေကြောင်း သိရသည်။ **(ယာပုံ)**

ယခုတည်ဆောက်နေသည့် သံကိုယ်ထည်တွဲယာဉ်မှာ အလျား ၂၁၆ ပေ၊ အနံ ၅၄ ပေ၊ အနက် ၁၀ ပေ အရွယ်အစားရှိပြီး ကုန်တန်ချိန် ၁၈၀၀ မှ တန် ၂၀၀၀ ခန့်ထိ တင်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့မှ ဆရာကြီး ဦးကျော်ဇေယျက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း ဦးမျိုးမောင်မောင်သိမ်းထံမှ သိရသည်။ "ကုန်ကျငွေကတော့ ငွေကျပ်သိန်း ၃၀၀၀ ကျော်လို့ ခန့်မှန်းထားပါတယ်။ တွဲယာဉ်တည်ဆောက်ရာမှာ အသုံးပြုတဲ့ သံနဲ့ သံမဏိတွေကိုတော့ ရန်ကုန်မြို့က ကုမ္ပဏီနဲ့ ချိတ်ဆက်မှာယူအသုံးပြုတာဖြစ်ပါတယ်။ အခုတွဲယာဉ်နောက်ပိုင်းက ပြီးပါပြီ။ ဦးပိုင်းလုပ်ငန်းတွေ လုပ်နေပါတယ်။ အချောသပ်လုပ်ငန်း လုပ်ဆောင်ပြီးရင်တော့ ပြန်လည်စစ်ဆေးပြီး မကြာမီမှာ လွန်းကျင်းကနေ ရေချနိုင်တော့မှာ ဖြစ်ပါတယ်။ တည်ဆောက်ရာမှာ ဝန်ချီယန္တရားမသုံးဘဲ လူအားနဲ့ ဆောင်ရွက်တဲ့အတွက် ဒေသခံလူငယ်တွေ အလုပ်အကိုင်ရရှိနေသလို နည်းပညာနဲ့ အတွေ့အကြုံဗဟုသုတတွေလည်း ရရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုကဲ့သို့ ကုန်တန်ချိန် ၂၀၀၀ ခန့် တင်ဆောင်နိုင်သည့် သံကိုယ်ထည်တွဲယာဉ်ကို ရေစကြိုမြို့တွင် ပထမဆုံးတည်ဆောက်နိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

**ဇေထွဏ်းဇော် (ရေစကြို)**





သဲကုန်းမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များ၊ ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ပုတီးကုန်း မြို့ပေါ်ရှိ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးတို့က ဇွန် ၂၁ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်
(မြို့နယ် ပြန်/ဆက်)

# စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ဦးဆောင်၍ အခမဲ့ဆေးဝါးကုသခြင်းနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပ

**ကျိုက်လတ် ဇွန် ၂၄**

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သည့် ဆေးဝါးအခမဲ့ကုသပေးမှုများ၊ ကျောင်းသား ကျောင်းသူများ သင်ထောက်ကူဖြစ်စေသည့် ဟောပြောပွဲများကို ဇွန် ၁၇ နှင့် ၁၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကမာချိုင့်ကျေးရွာသို့ သွားရောက်၍ ဓမ္မပါလဖောင်ဒေးရှင်း ဦးဆောင်နာယက ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် ရှင်ပါကဍာလင်္ကာရနှင့် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဆရာ ဦးမျိုးသန့်-တွဲဖက်မြန်မာစာပါမောက္ခ (ငြိမ်း) (မောင်ဘုန်းပြည့်) ဦးဆောင်သော ဆရာဝန်ကြီးများ၊ ပညာရေးဆရာကြီး ဆရာမကြီးများပါဝင်သောအဖွဲ့ဝင် ၁၈ ဦးတို့က လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဝင်များသည် ဇွန် ၁၇ ရက် နံနက်က ရန်ကုန်မြို့မှ ထွက်ခွာလာပြီး ကျိုက်လတ်မြို့နယ် ကမာချိုင့် ဓမ္မပါလဖောင်ဒေးရှင်းနာယက ဆရာတော်၏ မွေးဖွားရာဇာတိ ဓမ္မရက္ခိတကျောင်း၌ အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မေစု၊ သားဖွားမီးယပ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မော်နှင်း၊ ဒေါက်တာဒေါ်လှကြူတို့ နှင့်ဆေးအဖွဲ့ဝင်များသည် လာရောက်စောင့်ဆိုင်းနေကြသော ကျေးရွာသူ ကျေးရွာသားများအား စနစ်တကျဆေးဝါးကုသပေးပြီး လိုအပ်သောဆေးဝါးများကို အခမဲ့ပေးကာ ညနေမိုးချုပ်သည်အထိ ဆေးကုသပေးခဲ့သည်။

ည ၇ နာရီတွင် ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် ဟောပြောပွဲကျင်းပရာ ဆရာ ဦးမျိုးသန့်-မြန်မာစာတွဲဖက် ပါမောက္ခ(ငြိမ်း) (မောင်ဘုန်းပြည့်)က လည်းကောင်း၊ ဆရာ ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)က ကိုယ့်ကျင့်တရားသာ ဂုဏ်သိက္ခာခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိန်မြင့်ထွန်း(တက္ကသိုလ်) က မူးယစ်အန္တရာယ်ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ဇွန် ၁၈ ရက် နံနက်ပိုင်းမှစ၍ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မေစု ခေါင်းဆောင်သော ဆေးအဖွဲ့ဝင်များသည် အခမဲ့ဆေးကုသပေးခဲ့ရာ နှစ်ရက်ပေါင်း လူဦးရေ ၂၅၀ ကျော် လာရောက်ဆေးကုသမှု ခံယူကြသည်။

**စိန်ရွှေလှိုင်**

# အောင်လံမြို့နယ် ရေပြင်းကျေးရွာ အလက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀ ဖျားနာကာ အချို့မှာ အော့အန်မှုဖြစ်ပွား

**အောင်လံ ဇွန် ၂၄**

အောင်လံမြို့နယ် ရေပြင်းကျေးရွာ အလက(ခွဲ)ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၆ ဦးရှိသည့်အနက် ဇွန် ၂၂ ရက် နံနက် ၈ နာရီခန့်တွင် ကျောင်းသား ကျောင်းသူ ၄၀ မှာ ဖျားနာပြီး အချို့မှာ အော့အန်မှုများဖြစ်ပွားခဲ့သည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းမူက စိုးရိမ်ရသည်ဟုယူဆရသော အသက်ရှစ်နှစ်အရွယ်ရှိ မောင်ဖြိုးခန့်ကျော်ကို အောင်လံမြို့ရှိ ဆေးရုံဆေးခန်းများသို့ပို့ရန် မိဘများအား ညွှန်ကြားပြီး မြို့နယ်ပညာရေးမှူးထံသို့ သတင်းပို့အကြောင်းကြားခဲ့သည်။

ထို့ကြောင့် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဆွေက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်ထံ ဆက်လက်အကြောင်းကြားခဲ့ပြီး ဒေါ်ညွန့်ညွန့်ဆွေသည် ဒေါက်တာမျိုးလွင်၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ရေပြင်းကျေးရွာသို့သွားရောက်၍ ကျောင်းပတ်ဝန်းကျင်အား စစ်ဆေးခြင်း၊ ခြင်ဆေးများဖျန်းပေးခြင်း၊ ရေသန့်ဆေးများခတ်ခြင်းတို့ကို ပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာရှိပြည်သူများအား စမ်းသပ်ကုသပေးရာ သာမန်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုးကြောင့် ဖြစ်ပွားရခြင်းသာဖြစ်ကြောင်းသိရှိရ၍ အဖြစ်မှန်ကို ပြည်သူများအားရှင်းပြပြီး ကျန်းမာရေးအသိပညာပေးဟောပြောကာ ယင်းရွာတွင် တစ်ပတ်ကြာ ဆေးခန်းဖွင့်လှစ်၍ စောင့်ကြပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် ကျောင်းသား ကျောင်းသူ ၂၄ ဦးမှာ အောင်လံမြို့ပေါ်ရှိ ပြင်ပဆေးခန်းများတွင် သွားရောက်ကုသကြကာ ကျောင်းသားတစ်ဦးမှာ မြို့နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသခဲ့ပြီး အားလုံးအခြေအနေကောင်းမွန်လျက်ရှိပြီး စိုးရိမ်စရာမရှိတော့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၈ ပါ “ အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ ” ဆိုသည့် စကားရပ်ကို “ လုပ်သက်နှစ် ၃၀ ပြည့်သောအခါ ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“ ၆၂။ ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင် ခံစားခွင့် တောင်းခံသည့်အခါ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ။ ”

ထင်သာမြင်သာ ပြုပြင်စရာ

# လမ်းပြောင်းပြန်မောင်းသည့်ကားကို သက်ဆိုင်ရာက အရေးယူပေးစေလို

**ရန်ကုန် ဇွန် ၂၄**

လိုင်းကားမျိုးစုံဖြင့် ရှုပ်ထွေးနေတတ်သော မဟာဗန္ဓုလလမ်းနှင့် လမ်းသစ်လမ်းဆုံ လူကူးခုံးကျော်တံတားအနီး မဟာဗန္ဓုလလမ်းပေါ်ရှိ အနောက်မှအရှေ့သွားယာဉ်ကြောပေါ်တွင် ကျောင်းကားတစ်စီး လမ်းပြောင်းပြန်မောင်းနှင်နေမှုကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အတွင်း သုံးရက်ဆက်တိုက် နံနက်ပိုင်း ၆ နာရီခွဲဝန်းကျင်တွင် မြင်တွေ့ရသည်ဟု ယင်းနေရာအနီး မျက်မြင်တွေ့ရှိသူများက ပြောသည်။

ဟွန်ဒိုင်းအမျိုးအစား အဆိုပါကျောင်းကားသည် (၉)လမ်းအတွင်းမှ မောင်းထွက်လာပြီး မဟာဗန္ဓုလလမ်းပေါ်တွင် အရှေ့သို့မောင်းနှင်ရမည့်အစား အနောက်ဘက်သို့ လမ်းပြောင်းပြန်မောင်းနှင်ကာ လမ်းသစ်လမ်းအတွင်းသို့ ဝင်ရောက်သွားခြင်းဖြစ်သည်ဟု သိရသည်။

ရုံဖန်ရံခါ ကျောင်းကြိုပို့အချိန်လိုအပ်ချက်ကြောင့် ယင်းသို့လမ်းကြောင်းပြောင်းပြန်မောင်းနှင်ခြင်းမျိုးမဟုတ်ဘဲ နေ့စဉ်ရက်ဆက် လမ်းပြောင်းပြန်မောင်းနှင်မှု ပြုလုပ်နေခြင်းကို သက်ဆိုင်ရာကထိရောက်သော အရေးယူမှုပြုလုပ်ပေးရန် လိုအပ်နေသည်ဟု မြင်တွေ့ရသူများက ပြောသည်။



ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းအတွင်းသို့ ဝင်ရောက်လာသောအနေးယာဉ်တစ်စီးသည် လမ်းသစ်ခုံးကျော်တံတားအောက်အလွန် မဟာဗန္ဓုလလမ်းပေါ်တွင် လမ်းပြောင်းပြန်မောင်းနှင်လာသော အဆိုပါကျောင်းကားကို ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် မျက်နှာချင်းဆိုင်တွေ့သဖြင့် ရှောင်ပေးခဲ့ရသည်ဟု ယင်းအနေးယာဉ် လုပ်သားက ပြောသည်။

ကျောင်းသားများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယင်းယာဉ်မောင်းနှင်သူအား စည်းကမ်းတကျမောင်းနှင်မှုလိုအပ်နေသည်ဟု အထက်ပါဖြစ်စဉ် မြင်တွေ့ခဲ့သူတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# ပေါင်မြို့နယ်၌ အားကစားကွင်းမြေ ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်



**ပေါင် ဇွန် ၂၄**

အားကစားကွင်းမြေနေရာ၌ မြေဂရန်နှင့် လုပ်ပိုင်ခွင့်ပုံစံ(၇) ထုတ်ပေးခဲ့သဖြင့် ရပ်ကွက်နေပြည်သူများက ကိုယ်ကျိုးစီးပွားရှာ အလွဲသုံးစားပြုသူများအား ဖယ်ရှားနိုင်ရေးအတွက် ဆန္ဒထုတ်ဖော်ခြင်းကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် ကော့စိုင်ရပ်ကွက် မုတ္တမတံတားမှ လူဝကြီးမိုတယ်ရှေ့အထိ ပိုစတာဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်ဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ပေါင်မြို့နယ် မုတ္တမမြို့အမှတ်(၁၈) နယ်မြေ ကော့စိုင်ရပ်ကွက်ရှိ အဆိုပါမြေနေရာမှာ အားကစားကွင်းမြေအဖြစ် ထားရှိရန် မြေပိုင်ရှင် ဦးစောမောင်အား ကျွန်းမြေသုံးကေဖြင့် အစားထိုးလဲလှယ်ခဲ့ပြီးဖြစ်သော်လည်း ၎င်း၏သားဖြစ်သူ ဦးမြတ်စိုးက အားကစားကွင်းမြေကွက်မှ ၁ ဒသမ ၃၃ ဧကအား မြေစာရင်းနှင့် ညှိနှိုင်း၍ ရောင်းစားခဲ့ခြင်း၊ အလားတူ ဦးစောမောင်၏ အငယ်ဆုံးသားဖြစ်သူ ဦးဌေးနိုင်ကလည်း ကျေးရွာမှတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ အားကစားကွင်းမြေအား ပုံစံ(၇)ရရှိသည်ထိ ဆောင်ရွက်ခဲ့သောကြောင့် အများစုက မကျေနပ်သဖြင့် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရပ်ကွက်ပြည်သူ အများပိုင်အားကစားကွင်းမြေ ပြန်လည်ရရှိရေးအတွက် ၈၈ မျိုးဆက် ကျောင်းသားများ၊ ရပ်ကွက်နေပြည်သူများက အဆိုပါအားကစားကွင်းအား ရပ်ကွက်ပိုင်မြေအဖြစ်ထားရှိပြီး အားကစားစိတ်ပါဝင်စားသော လူငယ်များ၊ ကျောင်းသား ကျောင်းသူများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တောင်းဆိုဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပညာရေးနှင့် အလုပ်အကိုင်ပြပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂၄**

လူငယ်လူရွယ်များအနေဖြင့် ပညာရေးဆိုင်ရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာပြီး ပညာရေးအခွင့်အလမ်းများ အထောက်အပံ့ဖြစ်စေရန်နှင့် အလုပ်ရှာဖွေလိုသောလူငယ်များ ကုမ္ပဏီအဖွဲ့အစည်းများနှင့်ချိတ်ဆက်မိစေရန်အတွက် ဒုတိယအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၆ ပြပွဲကြီးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြခန်းများအပါအဝင် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ ၆၀ မှ ပြခန်းပေါင်း ၉၀ ပါဝင်ပြသခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပြည်တွင်းမှ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှု သင်တန်းကျောင်းများ၊ IT သင်တန်းကျောင်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာနှင့် ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ လေကြောင်းသင်တန်းကျောင်းများ၊ စာအုပ်နှင့် စာရေးကိရိယာအမျိုးမျိုးပါဝင်ရာ ပြပွဲကို ဇွန် ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ခင်မောင်ညို (ဘောဂဗေဒ)က ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ်ပညာရပ်အလိုက် ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၂၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အီးယူမှ ဗြိတိန်ခွဲထွက်ရေး ထောက်ခံမဲအသာဖြင့် အနိုင်ရ



အီးယူမှ ဗြိတိန်ခွဲထွက်ရေး အဓိကထောက်ခံခဲ့သော လွတ်လပ်ရေးပါတီ (Independence Party) မှ ခေါင်းဆောင်ဖြစ်သူ နိုင်ဂျယ်ဖရက်ဂျ်(အလယ်)ကို ထောက်ခံသူများနှင့်အတူ တွေ့ရစဉ်

**လန်ဒန် ဇွန် ၂၄**

ဗြိတိန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး သို့မဟုတ် အားလုံးနီးပါးသည် ဇွန် ၂၃ ရက်တွင်ကျင်းပခဲ့သည့်ဥရောပသမဂ္ဂ(အီးယူ)တွင် ဗြိတိန်ဆက်လက်ရှိရေး မရှိရေးနှင့်ပတ်သက်ပြီး ဆန္ဒမဲပေးရာတွင် ပါဝင်ခဲ့ကြသည်။

ထိုသို့ဆန္ဒမဲပေးကြရာတွင် နောက်ဆုံးစာရင်းဇယားနှင့် ရလဒ်များအရ ဗြိတိန်အနေဖြင့် အီးယူမှခွဲထွက်ရေးတွင် စုစုပေါင်းဆန္ဒမဲပေးသူ ၁၇၄၁၀၇၄၂ ဦးရှိပြီး ၅၁ ဒသမ ၉ ရာခိုင်နှုန်းရှိကာ ဆက်လက်ကျန်ရှိလိုသည့်ဘက်တွင် စုစုပေါင်းဆန္ဒမဲပေးသူ ၁၆၁၄၁၂၄၁ ဦးရှိပြီး ၄၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။ စာရင်းဇယားနှင့် ရလဒ်များကိုနှိုင်းယှဉ်ကြည့်ရာတွင် ခွဲထွက်ရေးသမားများဘက်မှ ထောက်ခံမဲ ၅၁ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပြီး ဆက်လက်ကျန်ရှိလိုသည့်ဘက်မှ ထောက်ခံ မဲ ၄၈ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆန္ဒမဲပေးရာတွင် လူပေါင်းသန်း ၃၀ ကျော်ပါဝင်ခဲ့ပြီး ၇၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယင်းပမာဏသည် ဗြိတိန်၏မဲပေးမှုသမိုင်းတွင် ၁၉၉၂ အထွေထွေရွေးကောက်ပွဲပြီးကတည်းက အများဆုံးဖြစ်ကြောင်း သိရသည်။

ဗြိတိန်အနေဖြင့် အီးယူမှထွက်ခွာရန် မဲအသာဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် လာမည့် အောက်တိုဘာတွင် ရာထူးမှ ဆင်းမည်ဖြစ်သည်။

ဒေါင်းနင်းလမ်းတွင် မိန့်ခွန်းပြောကြားစဉ် ၎င်းက ဗြိတိန်အနေဖြင့် ခေါင်းဆောင်မှုအသစ်လိုအပ်ကြောင်း ပြောခဲ့သည်။

ဝန်ကြီးချုပ်အနေဖြင့် ဗြိတိန်အား အီးယူတွင်ဆက်လက်ရှိရေးအတွက် ဆန္ဒမဲများပေးရန် တိုက်တွန်းခဲ့သော်လည်း နောက်ဆုံးတွင် ၎င်း၏ရည်ရွယ်ချက်မှာ မအောင်မြင်ဘဲ ရှုံးနိမ့်ခဲ့ရသည်။ အီးယူတွင်ဆက်လက်ကျန်ရှိရေးအတွက် လန်ဒန်၊ စကော့တလန်နှင့် မြောက်အိုင်ယာလန်တို့က မည်သို့ပင် ထောက်ခံနေစေကာမူ နောက်ဆုံးရလဒ်မှာ ၄၈ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ရှုံးနိမ့်ခဲ့သည်။

**(ရိုက်တာ)**

## အင်ဒိုနီးရှားသင်္ဘောသား ခုနစ်ဦးကို ဖိလစ်ပိုင်တောင်ပိုင်းရှိ လက်နက်ကိုင်များပြန်ပေးဆွဲ

**ဂျကာတာ ဇွန် ၂၄**

အင်ဒိုနီးရှားသင်္ဘောသားခုနစ်ဦးကို ဖိလစ်ပိုင်တောင်ပိုင်းရေပိုင်နက်ရှိ လက်နက်ကိုင်နှစ်ဦးကပြန်ပေးဆွဲသွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ချားစ် ၀၀၁ သင်္ဘောမှ သင်္ဘောသား ၁၃ ဦးရှိသည့်အနက် ခုနစ်ဦးတို့ကို ပြန်ပေးဆွဲခဲ့ကြောင်း၊ ရော့ဘီ ၁၅၂ သင်္ဘောကိုလည်း ဆူလူပင်လယ်တွင် ဖမ်းဆီးထားကြောင်း ဇွန် ၂၃ရက်က နိုင်ငံခြားရေးဝန်ကြီး ရက်နိုအယ်လ်ပီမာဆူဒီက ဂျကာတာတွင် သတင်းထောက်များကိုပြောသည်။

နိုင်ငံခြားရေးဝန်ကြီး၏ပြောပြချက်အရ ပြန်ပေးဆွဲမှုများသည် ဇွန် ၂၀ ရက်က မတူညီသောအချိန်များတွင် ဖြစ်နိုင်ပြီး လက်နက်ကိုင်အုပ်စုမှာလည်း နှစ်စုဖြစ်နိုင်သော်လည်း အသေးစိတ်အချက်အလက်များကိုမူ မသိရသေးပေ။

**(ဆင်ဟွာ)**

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ရှီနှင့်ပူတင်တွေ့ဆုံ



**ပေကျင်း ဇွန် ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဒေသတွင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏အခန်းကဏ္ဍ မြှင့်တင်ရန်၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကြာသပတေးနေ့က တွေ့ဆုံခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည်ယင်းနေ့ နှောင်းပိုင်းက Tashkent ၌ (၁၆) ကြိမ်မြောက် SCO အစည်းအဝေးအတွက် ခဏတာတွေ့ဆုံခဲ့ကြပြီး လာမည့်စနေနေ့တွင် ပူတင်သည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ရုရှားနှင့် အပြန်အလှန်ယုံကြည်မှု၊ နိုင်ငံရေးနည်းဗျူဟာများ အခိုင်အမာတည်ဆောက်ရေးနှင့် အချင်းချင်း ကူညီထောက်ပံ့ပေးရေးတို့တွင် ရှေ့ဆက်လက်တွဲသွားလိုကြောင်း၊ နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုကို လက်ဆင့်ကမ်းသွားစေလိုကြောင်း ရှီကပြောခဲ့သည်။

**(ဆင်ဟွာ)**

## ရီယိုအားကစားပွဲများအတွက် အိုလံပစ်ကျေးရွာများကို မီဒီယာများသို့ပြသ

**ရီယိုဒီဂျနေရိုး ဇွန် ၂၄**

ဘရားဇီးနိုင်ငံ ရီယိုဒီဂျနေရိုးတွင် ပြုလုပ်မည့် ၂၀၁၆ ခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် အားကစားသမားများအားထားရှိမည့် ကျေးရွာများကို အပြည့်ပြည့်ဆိုင်ရာ မီဒီယာများကို ပြသခဲ့သည်။ အဆိုပါကျေးရွာကို ဇူလိုင် ၂၄ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီး အိုလံပစ်အဓိကပြိုင်ပွဲများ ကျင်းပသည့်နေရာနှင့် သုံးကီလိုမီတာခန့်ကွာဝေးသည်။

နိုင်ငံပေါင်း ၂၀၀ ကျော်မှ အားကစားသမား ၁၇၀၀၀ နှင့် နည်းပြများကို ယင်းကျေးရွာ၌ထားရှိမည်ဖြစ်သည်။ မသန်စွမ်းအားကစားသမားများနှင့် အုပ်ချုပ်သူအရာရှိများသည် အားကစားပြိုင်ပွဲကျင်းပစဉ်အတွင်း အဆိုပါကျေးရွာများ၌ တည်းခိုစားသောက်ကြမည်ဖြစ်သည်။ ရီယိုဒီဂျနေရိုး အိုလံပစ်ကို ဩဂုတ် ၅ ၇က်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မသန်စွမ်းအားကစားပြိုင်ပွဲများကို စက်တင်ဘာ ၇ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

## ကိုလံဘီယာ၌ဆယ်စုနှစ် ငါးခုကျော်ကြာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်အဆုံးသတ်သည့် အထိမ်းအမှတ်ကျင်းပ

**ဘိုဂိုတာ ဇွန် ၂၄**

ကိုလံဘီယာအစိုးရနှင့် ဖာ့ရ်သူပုန်များကြား ဆယ်စုနှစ်ငါးခုကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်အဆုံးသတ်ရေးအတွက် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ကိုလံဘီယာနိုင်ငံသားများ ကျင်းပကြသည်။

ဘိုဂိုတာမြို့၌ ပြည်သူများသည် လမ်းမများပေါ်သို့ထွက်ပြီး လက်ချင်းချိတ်ကာ အမျိုးသားသီချင်းများ သီဆိုကြသည်။ ယခုကြေညာချက်သည်အပြည့်အဝငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲ၏ နောက်ဆုံးအဆင့်ဖြစ်သည်ဟု ရှုမြင်ကြသည်။

အချိန်ကြာမြင့်စွာ ဖြစ်ပွားခဲ့သည့်စစ် ပွဲကြောင့်လူပေါင်း ၂၂၀၀၀၀ သေဆုံးခဲ့ရပြီး လူသန်းပေါင်းများစွာနေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ ကြာသပတေးနေ့က ကြေညာခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေး မှုမှာ လွန်ခဲ့သော သုံးနှစ်ကျော်ကတည်းက ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စတင်ခဲ့ခြင်း ဖြစ်သည်။

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တိုက ဇူလိုင်လအကုန်တွင် လက်မှတ်ရေးထိုးနိုင်ရန် ခန့်မှန်းထားကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**



**အ**မေရိကန်ပြည်ထောင်စု၌ ဒရုန်းပျံသန်းမှုဆိုင်ရာဥပဒေများကို ဖြေလျှော့ပေးလိုက်သည့်အတွက် အမေရိကန်နိုင်ငံ၏ဝေဟင်၌ စီးပွားရေးဆိုင်ရာ ဒရုန်းယာဉ်ထောင်ပေါင်းများစွာတို့ တရားဝင်ပျံသန်းခွင့်ရရှိတော့မည်ဖြစ်သည်။ လေကြောင်းထိန်းသိမ်းရေးအဖွဲ့ချုပ်က စီးပွားရေးသုံးဒရုန်းယာဉ်ကို မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူများသည် လေယာဉ်မောင်းလိုင်စင်ရှိရမည်ဟု စည်းမျဉ်းထုတ်ပြန်ထားသည်။ ဒရုန်းယာဉ်ထုတ်လုပ်သူများဘက်မှ မလိုအပ်ဘဲ စည်းကမ်းတင်းကျပ်သည်ဟု ပြောကြားသည်။

# အမေရိကန်ပြည်ထောင်စု၏ အသစ်ထုတ်လိုက်သော စည်းမျဉ်းစည်းကမ်းများဖြင့် တစ်ဖန်ဆန်းသစ်လာသည့်ဒရုန်းယာဉ်လုပ်ငန်း

**ခြူးစန္ဒီနွေး**

လိုင်စင်ရှိရမည့်အပြင် စီးပွားရေးဒရုန်းအော်ပရေတာများသည် လေကြောင်းအာဏာပိုင်အဖွဲ့ချုပ် (FAA) ထံမှ လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။ ယနေ့အချိန်ထိ လျှောက်ထားသူ ၅၃၀၀ သာ (FAA) မှ ခွင့်ပြုချက်ရရှိထားသည်။



လူတင်ဆောင်ရန် စမ်းသပ်နေသည့် ဒရုန်း

စနစ်ဟောင်းကို ဝေဖန်ကြသူများက လုပ်ထုံးလုပ်နည်း အဆင့်ဆင့်မှာ မလိုအပ်ဘဲ ဖောင်းပွလျက်ရှိပြီး ကုန်ကျစရိတ်လည်း များပြားသည်ဟု ပြောကြားသည်။

"ကျွန်တော်တို့ဟာ လေကြောင်းလိုင်း တစ်ခေတ်ဆန်းသစ်မှုနဲ့ ကြုံနေရတာပါ။ မောင်းသူမဲ့ ဒရုန်းယာဉ်တွေဟာ သတင်းအချက်အလက်တွေ စုဆောင်းဖို့ သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရတဲ့ ဒေသတွေမှာ အကူအညီတွေပေးနိုင်ဖို့ လုံခြုံစိတ်ချရပြီး လုပ်ငန်းဆောင်တာတွေကို လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ဖို့ ပြုလုပ်ပေးပါလိမ့်မယ်" ဟု အမေရိကန် သယ်ယူပို့ဆောင်ရေး ဝန်ကြီး အန်တွန်နီဖော့က ပြောသည်။

"ကျွန်တော်တို့ဆန်းသစ်မှုတွေပြုလုပ်ဖို့ လေကြောင်းအသိုင်းအဝိုင်းနဲ့အတူ အလုပ်တွဲလုပ်ဖို့မျှော်လင့်ထားပါတယ်။ လုံခြုံစိတ်ချရပြီးကမ္ဘာပေါ်မှာ အရှုပ်ထွေးဆုံး လေကြောင်းစံနှုန်းတွေကို ထိန်းသိမ်းရင်းနဲ့ပေါ့"ဟု ၎င်းက ဆက်ပြောသည်။

ဒရုန်းယာဉ်နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းပြောင်းလဲမှုများကို ဒရုန်းယာဉ်နှင့်ဆက်စပ်သည့် လုပ်ငန်းအသိုင်းအဝိုင်းက ကြိုဆိုသော်လည်း စည်းမျဉ်း စည်းကမ်းများမည်သို့ အားဖြည့်ဆောင်ရွက်မည်ကိုမူ သိလိုကြသည်။

စည်းမျဉ်းစည်းကမ်းများအရ ဒရုန်းယာဉ်ကို မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူသည် အသက် ၁၆ နှစ်ကျော်ပြီးသူဖြစ်ရမည်။ ထို့ပြင် မြေပြင်မှထိန်းချုပ် မောင်းနှင်သူသည် မြေပြင်မှ ပေ ၄၀၀ အထက်ကျော်၍ မမောင်းနှင်ရ။

အကယ်၍ ဒရုန်းယာဉ်၏ အလင်းရောင်ကို ၃ မိုင်ကျော်က မြင်တွေ့ရပါက နေ့အလင်းရောင်ရှိစဉ် အချိန်၌ သာမက နေဝင်ဆည်းဆာအချိန်၌ပါ ပျံသန်းမောင်းနှင် ခွင့်ပြုသည်။ ဒရုန်းယာဉ်၏ အလေးချိန်မှာ ၅၅ ပေါင်ထက် မကျော်လွန်ရပါ။ မောင်းနှင်မည့်သူသည် နှစ်နှစ်အတွင်း လေကြောင်း မောင်းနှင်မှုဆိုင်ရာ သိပ္ပံပညာ လုံခြုံစိတ်ချရေး စမ်းသပ်မှုကို အောင်မြင်ရမည်ဖြစ်သည်။

အသစ်ထုတ်လိုက်သည့် စည်းမျဉ်းအသစ်အရ ညအချိန်၌ မောင်းနှင်ခြင်းကို ခွင့်ပြုမထားပါ။ သို့သော် FAA က ဒရုန်းအသုံးပြုမှုနှင့် ပတ်သက်၍ အင်္ဂါနေ့က ထုတ်ပြန်ထားခဲ့သော စည်းမျဉ်းမှုဘောင်များထက်ကျော်လွန်၍ တောင်းခံမှုများရှိပါက အွန်လိုင်းမှတစ်ဆင့် တောင်းခံနိုင်ရန် ပြင်ဆင်ထားကြောင်း ပြောသည်။

အကယ်၍ တောင်းဆိုချက်မှာ ကျိုးကြောင်း ဆီလျော်၍ လုံခြုံစိတ်ချမှုကို ပေးစွမ်းနိုင်ပါက မောင်းနှင်သူသည် အစောပိုင်းက ထုတ်ပြန်ထားသော စည်းမျဉ်းများနှင့် မကိုက်ညီဘဲလည်း မောင်းနှင်နိုင်သည်။ ထို့ပြင် ဒရုန်းပိုင်ရှင်အားလုံးကို ဒရုန်းအသုံးပြုရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖြန့်ဝေထားပြီး ဖြစ်ကြောင်း FAA က ပြောသည်။

အမာဇွန် နှင့် ဝေါလ်မက် ကဲ့သို့သော ကုမ္ပဏီများက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဒရုန်းကို အသုံးပြုရန် စိတ်ဝင်စားလျက်ရှိသည်။ သို့သော် FAA ကမူ သုတေသနလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်၍ ယင်းအကြံကို ကန့်သတ်ထားဆဲဖြစ်သည်။

လွန်ခဲ့သော နှစ်က ကယ်လီဖိုးနီးယားမှ ဥပဒေပြုအမတ်များက စက်ချွတ်ယွင်းလာသည့် ဒရုန်းများကို အရေးပေါ်ဝန်ဆောင်မှုများပေးနိုင်ရန် ဥပဒေကြမ်းတစ်ခုတင်သွင်းနိုင်ရန် မျှော်လင့်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းကို အတည်မပြုနိုင်ခဲ့ပေ။ ကယ်လီဖိုးနီးယားမှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။ အမေရိကန်တစ်ဝန်းလုံးရှိ ပြည်နယ်များတွင် ဒရုန်းအသုံးပြုရာနှင့်ပတ်သက်၍ ၎င်းတို့၏ ကိုယ်ပိုင်စည်းမျဉ်းများကို ချမှတ်ရန် ရှာဖွေကောင်း ရှာဖွေနိုင်သည်ဟု ရှေ့နေ တစ်ဦးဖြစ်သူ မက်သယူးဂရိုဆက်က ပြောသည်။ ယင်းမှာ ကောင်းမွန်သည့် နည်းလမ်းတစ်ခုမဟုတ်။ တစ်ပြေးညီ သတ်မှတ်ချက်သာလျှင် ပဓာနကျသည့် နည်းလမ်းဟု ၎င်းကဆက်ပြောသည်။

ဒရုန်းနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများ တစ်ပြေးညီမဖြစ်ခြင်းသည် ဒရုန်းလုပ်ငန်းအတွက် ကောင်းမွန်သည့် အလားအလာတစ်ခုမဟုတ်ကြောင်း၊ လေကြောင်းလုံခြုံရေးအတွက်လည်း အပြည့်အဝကောင်းမွန်ခြင်းမရှိဟု ၎င်းကပြောသည်။ ပြည်နယ်တစ်ခုနှင့်တစ်ခု စည်းမျဉ်းများမတူညီခြင်းက လုံခြုံစိတ်ချရသည့်ပျံသန်းမှု တစ်ခုဖြစ်လာမည်မဟုတ်ကြောင်းလည်း ၎င်းကပြောသည်။ အသစ်ထုတ်လိုက်သည့် စည်းမျဉ်းများသည် အားလပ်ချိန်တွင်ဒရုန်းကိုဝါသနာအရ အသုံးပြုသူများအတွက်လည်း ထိခိုက်မှုရှိမည် မဟုတ်ပေ။ ထို့ပြင် စည်းမျဉ်းများသည် မောင်းသူမဲ့ လေယာဉ် စနစ်ထိန်းသိမ်းမောင်းနှင်ရာတွင် လုံခြုံစိတ်ချရမည်ဖြစ်ပြီး ဝေဟင်၌ အခြားသော မောင်းနှင်မှုများနှင့်လည်း အနှောင့်အယှက်မဖြစ်ဘဲ ဆီလျော်အဆင်ပြေရမည်ဟု လေကြောင်းပိုင်းလော့များ အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

တခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အမေရိကန်သည် နည်းပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော စည်းမျဉ်းဥပဒေအသစ်များ ရေးဆွဲရန် နှေးကွေးကြသည်။ FAA မှ စည်းမျဉ်းများသည် ဗြိတိန်နိုင်ငံလေကြောင်း ထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့ (CAA) က ချမှတ်ထားသော စည်းမျဉ်းများနှင့်ဆင်တူသည်။ CAA ၏ စည်းမျဉ်းများသည် ယခုနှစ် ဧပြီလအတွင်းက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ပေ ၄၀၀ အထိဟု ကန့်သတ်ထားသည်။

FAA ၏စည်းမျဉ်းများသည် အမေရိကန်၏လေကြောင်းထိန်းချုပ်ရေးကို ကျော်လွန်၍ အကျိုးသက်ရောက်မှုမရှိသော်လည်း စီးပွားရေးအရဒရုန်းလုပ်ငန်းလုပ်ကိုင်သူများ အဖွဲ့အစည်းက ဒရုန်းလုပ်ငန်းလုပ်ကိုင်သူများသည် အမေရိကန်၌ များပြားလာနိုင်ကြောင်း ခန့်မှန်းထားသည်။ ယခုအခါ အမေရိကန်နိုင်ငံသည် ယှဉ်ပြိုင်မှုများရှိနေပြီး ဒရုန်းလုပ်ငန်းတွင်ပါဝင်ရန် လူအများ၏စိတ်ဝင်စားမှုကိုရရှိနေကြောင်း မစ္စတာဂရိုဆက်က ပြောသည်။ ပြည်ပ၌ဒရုန်းလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် အမေရိကန်နိုင်ငံ၌ ပြန်လည် လုပ်ကိုင်ရန် စဉ်းစားလာကြမည်ကို တွေ့မြင်ရတော့မည်ဟု လည်း ၎င်းကဆက်ပြောသည်။

ဒရုန်းယာဉ်များအဓိကထုတ်လုပ်သည့်ဒီဂျေအိုင်က FAA ၏ ကြေညာချက်မှာသမိုင်းဝင်မှတ်တမ်းတစ်ခုပင်ဖြစ်သည်ဟု ပြောခဲ့သည်။ အသစ်ထုတ်လိုက်သည့် စည်းမျဉ်းများအရ ခြံသမား တစ်ဦးအတွက်လည်း ၎င်း၏ ယာမြေခြံများအပေါ်မှ ဒရုန်းကိုလွယ်လွယ်ကူကူ ပျံသန်းနိုင်မည်ဖြစ်ပြီး ဆောက်လုပ်ရေး ကန်ထရိုက်တာများသည်လည်းလေ့ကားအမြင့်ကြီး တက်စရာမလိုဘဲ ကုန်ကျစရိတ်ကိုတွက်ချက်နိုင်တော့မည်ဖြစ်သည်။ ထို့ပြင်ကယ်ဆယ်ရေး လုပ်ငန်းများ၌လည်း တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ပြီး လူပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်တော့မည်ဟု ဒီဂျေအိုင်ကုမ္ပဏီက လွန်ခဲ့သော အင်္ဂါနေ့တွင် ပြောခဲ့သည်။

ဒရုန်းယာဉ်များဝေဟင်တွင် ပျံသန်းနေစဉ်၌ သာမက မြေပြင်ပေါ်တွင်ရှိနေစဉ်ပါ လုံခြုံစိတ်ချရမှုရရှိစေရေး လေကြောင်းနည်းပညာပိုင်းဆိုင်ရာပြောင်းလဲမှုများကို အားဖြည့်ဆောင်ရွက်နိုင်ရန် FAA အနေဖြင့် ရှေ့ဆက်၍ အများကြီး လုပ်ကိုင်ဆောင်ရွက်ရန်ရှိသေးသည်ဟု ဒီဂျေအိုင်က ယူဆသည်။

စစ်ဘက်ဆိုင်ရာ၌လက်နက်တပ်ဆင်ထားသည့် ဒရုန်းများအသုံးပြု၍ တိုက်ခိုက်ရာတွင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အနောက်မြောက်ပိုင်းတွင်ရှိသော တာလီဘန်ခေါင်းဆောင်များနှင့်စစ်သွေးကြွအဖွဲ့ခေါင်းဆောင်များကို တိုက်ခိုက်နိုင်သည်။ ယင်းဒရုန်းများတွင်လူလိုက်ပါမှုမရှိ၍ အမေရိကန်စစ်သည်များ သေဆုံးမှုကို လျှော့ချနိုင်သည်။ သို့သော် ပစ်မှတ်ရွေးချယ်ရာတွင် ရန်သူနှင့်အရပ်သားရောနှောနေမှုကြောင့် အပြစ်မဲ့ အရပ်သားများ ပါသေဆုံးကြရမှုကို ဝေဖန်သူများက ထောက်ပြကြသည်။

ယခုအခါ လူတင်ဆောင်နိုင်သည့် ဒရုန်းယာဉ်များကို စမ်းသပ်ပျံသန်းရန်ကြိုးပမ်းနေပြီဖြစ်သည်။ ကမ္ဘာ့ပထမဦးဆုံး လူတင်ဆောင်နိုင်သည့်ဒရုန်းယာဉ်ကို ယခုနှစ်နှောင်းပိုင်းတွင် စတင်ပျံသန်းမည်ဟု အမေရိကန်ပြည်ထောင်စုရှိ တရုတ်လေကြောင်း နည်းပညာကုမ္ပဏီဖြစ်သည့် Ehang Holdings က ကြေညာထားသည်။

လူသယ်ဆောင်နိုင်သော ဒရုန်းယာဉ်ကို လက်တွေ့ကမ္ဘာတွင်မည်သို့ အသုံးဝင်အောင် ပြုလုပ်မည်နည်းဟူသောမေးခွန်းများလည်းရှိနေရာ အနာဂတ်တွင်နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်လာမည့်ဒရုန်းများကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**ကိုးကား-ဘီဘီစီ** (22-6-2016)

**"အသစ်ထုတ်လိုက်သည့် စည်းမျဉ်းများအရ ခြံသမားတစ်ဦးအတွက်လည်း ၎င်း၏ ယာမြေခြံများအပေါ်မှ ဒရုန်းကို လွယ်လွယ်ကူကူ ပျံသန်းနိုင်မည်ဖြစ်ပြီး ဆောက်လုပ်ရေးကန်ထရိုက်တာများသည်လည်း လေ့ကားအမြင့်ကြီး တက်စရာမလိုဘဲ ကုန်ကျစရိတ်ကိုတွက်ချက်နိုင်တော့မည်ဖြစ်"**



# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏အိမ် သူခိုးဝင် ယောက္ခမဖြစ်သူအား ချွန်ထက်သည့်အရာဖြင့် ထိုးပြီးထွက်ပြေး



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အိမ်အတွင်းသို့ ဇွန် ၂၄ ရက် နံနက်က သူခိုးတစ်ဦးဝင်ရောက်ပြီး နိုးလာသော ယောက္ခမဖြစ်သူအား ချွန်ထက်သည့်အရာဖြင့်ထိုး၍ ထွက်ပြေးသွားကြောင်း သိရသည်။

သူခိုးမှာ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် အောင်ချမ်းသာ (၆) လမ်း အိမ်အမှတ်-၈ နှစ်ထပ်သစ်သားအိမ်၏အောက်ထပ်ခြေရင်း ပြတင်းပေါက်တွင် တပ်ဆင်ထားသော သံဆန်ခါအောက် ရှစ်လက်မခန့် လွှတ်နေသည့်နေရာမှ ဝင်ရောက်ခဲ့ဟန်ရှိပြီး အိမ်အပေါ်ထပ်သို့ရောက်ရှိ မွေ့နှောက်ရာမှ နိုးလာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး၏ ယောက္ခမဖြစ်သူ ဒေါ်ခင်သန်းနွဲ့အား ချွန်ထက်သည့် အရာဖြင့်ထိုး၍ ထွက်ပြေးသွားခြင်းဖြစ်ကြောင်း ဒေါ်ခင်သန်းနွဲ့၏ ခင်ပွန်းဖြစ်သူ ဦးဖေခင်၏ပြောပြချက်အရ သိရသည်။

ဦးဖေခင်က "ကျွန်တော်က အောက်ထပ်မှာအိပ်တာ၊ ဇနီး ဒေါ်ခင်သန်းနွဲ့ ရယ်၊ သားငယ်၊ သမီးနဲ့ ကိုဘိုဘိုဦးတို့က အပေါ်ထပ်မှာအိပ်တယ်၊ အပေါ်ထပ်က အသံတွေကြားလို့ တက်ကြည့်တော့ ဒေါ်ခင်သန်းနွဲ့မှာ ဒဏ်ရာတွေဖြင့် သွေးတွေထွက်နေတာ တွေ့ရပါတယ်။ သူခိုးကတော့ ထွက်ပြေးသွားပါပြီ" ဟု ဆိုသည်။

အခင်းဖြစ်ပွားရာနေအိမ်သို့ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သိန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ကလည်း မွန်းလွဲ ၁ နာရီခွဲခန့်တွင် လာရောက်စစ်ဆေးမှု၊ အားပေးမှုများ ပြုလုပ်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးသို့ ချိတ်ဆက်မေးကြည့်ရာ "ကျွန်တော် ညက နေပြည်တော်ရောက်နေပါတယ်၊ သိသိချင်း နံနက် ၄ နာရီ လောက်ကတည်းက ဆင်းလာခဲ့ပါတယ်၊ အခု ရန်ကုန်ဆေးရုံကြီးကို ရောက်နေပါပြီ။ လည်ပင်းအနောက်၊ ကုပ်အောက်မှာ ဒဏ်ရာသုံးချက်ရထားပါတယ်၊ တစ်ချက်ကတော့ တစ်လက်မခွဲလောက် နက်သွားတယ်။ အခုတော့ စိုးရိမ်ရတဲ့အနေ အထားမရှိတော့ပါဘူး"ဟု ဖုန်းဖြင့် ပြောကြားခဲ့သည်။

အိမ်အတွင်းသို့ ဝင်ရောက်ပြီး အန္တရာယ်ပြုခဲ့သူအား စမ်းချောင်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သီပေါမြို့နယ် နမ့်လန်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကျောက်မဲ ဇွန် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာ ကျူတောရပ်နေ အိုက်ကော(၃၆)နှစ်၏ နေအိမ်အား ရဲအုပ်ထင်ကျော်ဦး ဦးစီးသောအဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၃ နာရီက သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူ၊ ဝါမှုန့် အလေးချိန် ၁ ဒသမ ၄ ဂရမ်ခန့်ပါ တစ်ဘူး၊ ရေမွှေးဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူ၊ ဝါမှုန့်အလေးချိန် ၀ ဒသမ ၁၂ ဂရမ်ခန့်ပါ တစ်ဘူး စုစုပေါင်း ၁ ဒသမ ၅၂ ဂရမ် ခန့်နှင့် သုံးစွဲရန်ရောက်ရှိနေသော ထွန်းစိန်(၃၄)နှစ် နမ့်လန်ကျေးရွာနေသူ၏ လွယ်အိတ်အတွင်းမှ မူးယစ်ဆေးဝါးအသုံးပြုရာတွင် သုံးသည့်ဝါးပိုက်ငယ်နှစ်ခုတို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ သီပေါမြို့နယ် နမ့်လန်ကျေးရွာ စက်ရုံရပ်နေ ဒေါ်နန်းရွှေချော (၄၀)နှစ်၏နေအိမ်အား ဇွန် ၂၃ ရက် ညနေ ၄ နာရီခွဲက သတင်းအရ ရဲအုပ်ထင်ကျော်ဦး ဦးစီးသောအဖွဲ့မှ ဝင်ရောက်ရှာဖွေရာနေအိမ် CZI-125 နံပါတ်မပါ ဆိုင်ကယ်ထိုင်ခုံအောက်မှ မိုင်းကိုင်စက္ကူဖြင့်ထုပ်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်းဆေးပြား ၃၈၁၉ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ရဲအုပ်သန်းမင်းမောင် ဦးစီးသောအဖွဲ့သည် ဇွန် ၂၃ ရက်က သီပေါမြို့နယ် နမ့်လန်ကျေးရွာ စက်ရုံရပ်နေ စိုင်းကျော်ဦး(၃၉)နှစ်အား တွေ့ရှိပြီး ပလတ်စတစ်အိတ်အတွင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားရှစ်ပြား၊ နေအိမ်အိပ်ခန်းအတွင်း သစ်သားပေါင်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၈၃ ပြား တွေ့ရှိသိမ်းဆည်းခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသူများအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(ခရိုင်ပြန်/ဆက်)**



အိုက်ကော၊ ထွန်းစိန်၊ စိုင်းကျော်ဦး၊ ဒေါ်နန်းရွှေချောတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# လမ်းဘေးသစ်ပင်ဝင်တိုက်ရာမှ တရားမဝင်သစ်များဖမ်းမိ

**သဲကုန်း ဇွန် ၂၄**

ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမရဲစခန်းအပိုင် အမှတ်-၆၆ ခြေမြန်တပ်မဌာနချုပ်ရှေ့ရှိ ရန်ကုန်-ပြည်လမ်း လမ်းဘေးသစ်ပင်ကို ဇွန် ၂၃ ရက် နံနက် ၇ နာရီခွဲခန့်က ပြည်ဘက်မှမောင်းနှင်လာသည့် NISSAN DIESEL ၁၂ ဘီးယာဉ်က ဝင်တိုက်ရာ ကားပေါ်ပါ တရားမဝင်သစ်များကို ဖမ်းဆီးရမိခဲ့သည်။ ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်ပါသူတို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

"စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ၍ ပိတောက်သစ်များ တရားမဝင် တင်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ "ပိတောက်သစ်တွေပါ စာရွက်စာတမ်းအထောက်အထားမရှိသေးဘူး တရားမဝင်သစ်ဖြစ်နိုင်ဖို့များတယ်" ဟု သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန အင်းမနယ်တာဝန်ခံ ဦးသက်လွင်က ပြောသည်။ ထို့နောက် ပိတောက်သစ်တန်ချိန်မှာ ၁၀ တန်ခန့်ဟုသိရပြီး ယာဉ်၏ ရှေ့ခေါင်းပိုင်း ထိခိုက်ပျက်စီးသွားပြီး အင်းမရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ကြီး**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၄၅၇၂၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Myanmar Padauk Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (နေပြည်တော်)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၃ယ/၆၆၄၂၉ Wonjan 150 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၇/ပမန(နိုင်)၁၂၇၅၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၃-၆-၂၀၁၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၄ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာ၌ ယာဉ်အမှတ် 9B/9294 ယာဉ်လက်ဝယ်ရှိသူအမည်မှာ ဒေါ်ကြည်ကြည်နိုင် ၁၂/ဒဂန(နိုင်)၀၂၆၂၇အစား ဒေါ်ကြည်ကြည်ဒိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၅-၂၀၁၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၇ ယာဉ်အမှတ် ၃၇ယ/၇၀၉၅၉၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ကညန ခရိုင်ရုံး လှိုင်ကော်အစား လှိုင်လင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကားဝယ်လိုသည်**

(TAXI)ကယ်ဒီးနားပဲခြမ်း CNG ကား ဝယ်လိုသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၂၄၀၀၆**

**ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း**

**ထုချေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂ နှင့်ဆက်သွယ်သည့်**

**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂၅**

ဒေါ်ချိုချိုဝင်း နှင့် ဒေါ်သန်းသန်းအေး

(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ)ဦးဖေတင်

**တရားနိုင်** **တရားရှုံး**

ဒေါ်သန်းသန်းအေး၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၂တွင် ရရှိသည့် အနိုင်ဒီကရီကို အတည်ပြုပေးစေရန် အကြောင်းဖြင့် ဤရုံးတော်တွင် တရားနိုင် ဒေါ်ချိုချိုဝင်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ) ဦးဖေတင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်းကို ချေပပြောဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ရသူအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အမှုနှင့်သက်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကိုဖြစ်စေ သင်၏ရှေ့နေနှင့်ပါစေ၍ ၂၀၁၆ခုနှစ် ဇူလိုင် ၁၂ ရက် (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၈ရက်) နံနက် ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်။

၂၀၁၆ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီဂီဝင်း)

ဒုတိယမြို့နယ်တရားသူကြီး

ချမ်းမြသာစည်မြို့နယ်တရားရုံး

**ယောနယ်အသင်း (ရန်ကုန်)**

**ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ**

ယောနယ်အသင်း (ရန်ကုန်)၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ (ကလေး၊ ဂန့်ဂေါ၊ ဆော၊ ထီးလင်း၊ ကျောက်ထု)မြို့နယ်များမှ အသင်းဝင်နှင့် ယောသူ/ယောသားများ စုပေါင်း၍ ဝါဆိုသင်္ကန်း-ဆွမ်းဘောဇဉ်များဖြင့် ယောဓလေ့အစဉ်အလာမပျက် ဘုံဆွမ်းဆက်ကပ် လှူဒါန်းပြီး တိပိဋက (ယော)ဆရာတော်ကြီး ဟောကြားတော်မူသည့် သာဓုအနုမောဒနာ တရားတော်များ အတူတကွ နာကြားနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်**။ ။ ၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် (၁၃)ရက် ၃-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)

**အချိန်**။ ။ နံနက် ၉ နာရီ

**နေရာ**။ ။ ယောနယ်အသင်း (သတ္တာဒေဝမန္ဒသန်) ဓမ္မာရုံ၊ စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ် ဖုန်း-၃၈၈၂၅၈၊ ၀၉-၃၀၀၀၆၉၅၁

**အမှုဆောင်အဖွဲ့**

**အမှားပြင်ဆင်ချက်**

(၆-၆-၂၀၁၆) ရက်စွဲပါ မြန်မာ့အလင်း သတင်းစာတွင် ထည့်သွင်း ကြေငြာခဲ့သည့် အထူးကုစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၏ တင်ဒါပိတ်မည့်ရက်ကို (၂၀-၆-၂၀၁၆) နေ့အစား၊ တင်ဒါ စည်းကမ်းချက်ပါ အတိုင်း (၂၀-၇-၂၀၁၆)နေ့ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်ကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

အထူးကုစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့

ဖုန်း-၀၅၂-၂၂၃၀၈၀၁၊ ၀၅၂-၂၂၃၀၁၇၀၊ ၀၅၂-၂၂၃၀၈၈၇

**ကြော်ငြာစာ**

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)**

**တောင်ကြီးခရိုင်တရားရုံးတော်**

**၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ် -၈**

**ကွယ်လွန်သူ ဦးမြင့်ဆွေ၏ ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု။**

**ဦးသန်းအောင်** **လျှောက်ထားသူ**

တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၁၅၃/၁ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြင့်ဆွေ၏ အမွေထိန်းလက်မှတ်စာရရှိသူ ဦးသန်းအောင်က တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၁၅၃/၁ ဟု အမည်တွင်သည့် ကွင်း/အကွက်အမှတ်နှင့် အမည်(၂၀/ကန်အောက်ရပ်)၊ ဦးပိုင်အမှတ်(၂၁၃-က)၊ မြေကွက်အမှတ် ၂၆၃၊ ဧရိယာ ၀ ဒသမ ၁၄၈ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်၊ တစ်ထပ်၊ သွပ်မိုး၊ နေအိမ်ဥပစာကို စီမံခန့်ခွဲနိုင်ရန်အတွက် လျှောက်ထားလာသည်ဖြစ်၍ လျှောက်ထားမှုကို ၂၀၁၆ ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၃ ရက်)၌ ဆိုင်ဆိုကြားနာ ရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် အထက်ဖော်ပြပါမြေနှင့် ဥပစာ၌ အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၁၆ ခုနှစ် ဇူလိုင် ၇ ရက်(၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၃ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်၍ ခိုင်လုံသောအထောက်အထားများ တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော လျှောက်ထားသူ ဦးသန်းအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဇွန် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းမော်)

ခရိုင်တရားသူကြီး

တောင်ကြီးခရိုင်တရားရုံး

# ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ ပုံမှန်အတိုင်း အေးချမ်းလျက်ရှိ

**ဝေါ ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ သူရဲသမိန်ကျေးရွာ၌ ရွာသူရွာသားအချို့ ခိုက်ရန်ဖြစ်ပွားခဲ့သည့်အပေါ် သက်ဆိုင်ရာက ထိန်းသိမ်းညှိနှိုင်းဆောင်ရွက်ခဲ့သဖြင့် အခြေအနေမှာ ပုံမှန်အတိုင်း ပြန်လည်အေးချမ်းသွားပြီဖြစ်ကြောင်း**(ယာပုံ)**၊ အဆိုပါမြို့နယ်မှ ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းလွင်က ယနေ့နံနက်ပိုင်းတွင် မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။



"ကျွန်တော်တို့အနေနဲ့ ရွာသူ၊ ရွာသားတွေ အချင်းချင်း ထပ်ပြီးပြဿနာမဖြစ်အောင် လုံခြုံရေးတွေတိုးမြှင့်ချထားတယ်။ နောက်ထပ် ထပ်ပြီးဖြစ်စရာအကြောင်းမရှိတော့ပါဘူး။ အခုဖြစ်ပွားခဲ့တဲ့ကိစ္စက အဆောက်အအုံဆောက်လုပ်မှုနဲ့ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ်တင်တဲ့ကိစ္စကနေ ပတ်ဝန်းကျင်ကိုထိခိုက်တဲ့ ဆဲဆိုရာကနေ စတင်ဖြစ်ပွားခဲ့တာပါ။ အခုတော့လည်း အေးချမ်းသွားပါပြီ။ သက်ဆိုင်ရာက ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ပေးနေပါတယ်"ဟု ရဲမှူးအုန်းလွင်က ပြောသည်။

ဆက်လက်၍ အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဆင့်က "ပြဿနာဖြစ်ပြီး သိပ်မကြာပါဘူး၊ ရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေးအင်အား တိုးမြှင့်ချထားလိုက်တော့ အဲ့ဒီညနေပိုင်းမှာပဲ အခြေအနေပြန်လည်တည်ငြိမ်သွားပါတယ်။ အိမ်မပြန်ရဲတဲ့သူတချို့ကိုတော့ ရွာထဲက ရဲစခန်းမှာပဲ စောင့်ရှောက်မှုပေးခဲ့ပါတယ်။ အခုမနက်မိုးလင်းတော့ ကိုယ့်အိမ်ကိုယ် ပြန်ရောက်နေကြပါပြီ။ အရင်က ဒီရွာမှာ အခုလိုပြဿနာမျိုးမရှိခဲ့ပါဘူး။ စိတ်အခန့်မသင့်လို့ ဖြစ်သွားတယ်လို့မြင်ပါတယ်"ဟု ပြောသည်။

အဆိုပါကျေးရွာသည် ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိပြီး အိမ်ခြေ ၁၅၇၀ ခန့်တွင် လူဦးရေ ၉၀၀၀ ခန့် နေထိုင်လျက်ရှိသည့် တိုက်နယ်အဆင့်ရှိ ကျေးရွာကြီးတစ်ရွာဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## ယူရို ၂၀၁၆ ရှုံး/ထွက်ပွဲစဉ်
## ဆွစ်ဇာလန်နှင့်ပိုလန်၊ ဝေးလ်နှင့်မြောက်အိုင်ယာလန်တို့ ယှဉ်ပြိုင်မည်

ယူရို ၂၀၁၆ ရှုံး/ထွက်ပွဲစဉ် ၁၆ သင်းအဆင့်ကို ဇွန် ၂၅ ရက် ညပိုင်းတွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စုပွဲစဉ်အထိ သွင်းဂိုးအများဆုံးသွင်းယူထားသူအဖြစ် ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်နှင့် စပိန်တိုက်စစ်မှူး မိုရာတာတို့က သုံးဂိုးစီ သွင်းယူထားသည်။

ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့်အုပ်စု(က)မှ ဒုတိယ ဆွစ်ဇာလန်နှင့် အုပ်စု(ဂ)မှ ဒုတိယပိုလန်တို့ တွေ့ဆုံမည်ဖြစ်ပြီး ဆွစ်ဇာလန်သည် အုပ်စုပွဲစဉ် သုံးပွဲကစားအပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေကျကာ ပြင်သစ်ကို သရေကစားနိုင်ခဲ့သည်။ ပိုလန်ကလည်း သုံးပွဲအပြီးနှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားကာ ဂျာမနီကို သရေကစားနိုင်ခဲ့သည်။ ယင်းနှစ်သင်းတွင် ဥရောပထိပ်တန်းလိဂ်များ၌ ကစားနေသော အတွေ့အကြုံရင့်ကစားသမားများ ပါဝင်နေပြီး ခြေရည်တူနှစ်သင်းယှဉ်ပြိုင်ရာ တိုက်စစ်မှူးများ၏ အဆုံးသတ် သေချာမှုကို စောင့်ကြည့်ရမည်ဖြစ်သည်။

ည ၁၀ နာရီခွဲတွင်ယှဉ်ပြိုင်မည့် အုပ်စု(ခ)မှ ဝေးလ်နှင့် အုပ်စု (ဂ)မှ မြောက်အိုင်ယာလန်ပွဲတွင် ဝေးလ်က အုပ်စုပထမဖြင့် တက်ရောက်လာသလို မြောက်အိုင်ယာလန်မှာ အုပ်စုတတိယဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဝေးလ်အသင်း၏အားသာချက်မှာ ကွင်းလယ်ပိုင်းနှင့် တိုက်စစ်ပိုင်းဖြစ်သည်။ ယင်းပွဲတွင် ဝေးလ်အသင်းသာ အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်သည်။

**သီဟ**

## MIC အမျိုးသားဖူဆယ်အသင်း ထိုင်းခြေစမ်းခရီးစဉ်တွင် နှစ်ပွဲစလုံးအနိုင်ရရှိ

**ဗန်ကောက် ဇွန် ၂၄-** မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် MIC အမျိုးသားဖူဆယ်အသင်းသည် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံးအနိုင်ရရှိခဲ့သည်။ MIC ဖူဆယ်အသင်းသည် ဇွန် ၂၃ရက်နှင့် ၂၄ ရက်တို့တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပထမပွဲတွင် North Bangkok အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ ဒုတိယပွဲတွင် Kasen Bundith တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ MIC ဖူဆယ်အသင်းသည် ၂၀၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သောကြောင့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ဗန်ကောက်မြို့၌ လေးရက်ကြာ သွားရောက်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
### သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
## သွားဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**(၁-၁) ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc(General Dental Practice) | ၁ နှစ် |

**(၁-၂) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) | ၂ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ၂ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၂ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားရောဂါကုဆေးပညာ) | ၂ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားတုဆေးပညာ) | ၂ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားဖုံးရောဂါကုပညာ) | ၂ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(ကလေးသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (ဈ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားညှိကုပညာ) | ၂ နှစ် |

**(၁-၃) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၃ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့် မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ၃ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားတုဆေးပညာ) | ၃ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားရောဂါကုဆေးပညာ) | ၃ နှစ် |
| (င) | သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ) | ၃ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားဖုံးရောဂါကုပညာ) | ၃ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (သွားညှိကုပညာ) | ၃ နှစ် |

**(၁-၄) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) | ၃ နှစ် |

၂။ လိုအပ်သောအရည်အချင်း
**(က) ဒီပလိုမာသင်တန်း**
(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိပြီးသူ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်ဖြစ်ရမည်။
(၂) လက်ရှိတရားဝင် သွားဘက်ဆိုင်ရာဆရာဝန်မှတ်ပုံတင် (သခ) သက်တမ်း (၂)နှစ်ပြည့်ပြီး (သခ)သက်တမ်းတိုး ကိုင်ဆောင်ထားသူ ဖြစ်ရမည်။
(၃) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းနိုင်သူ ဖြစ်ရမည်။
(ခ) **သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းများ**
(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ (B.D.S) ရရှိပြီးသူ ဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်တစ်နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်း ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဂ) **သွားဘက်ဆိုင်ရာ ဆေးပညာပါရဂူဘွဲ့သင်တန်းများ**
(၁) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ (M.D.Sc) ရရှိထားသူ ဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး လုပ်သက်တစ်နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
**[မှတ်ချက်။** ပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ)ဘွဲ့လွန်သင်တန်းအတွက် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ ဘွဲ့ရရှိပြီးနောက် လုပ်သက်ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။]
(ဃ) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသန်တန်း(ဇယျ)(သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်း သင်တန်း(အကြိုဇယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်) သင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ရက်(သောကြာနေ့) ဖြစ်ပါသည်။

၄။ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) သို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး သွားဘက်ဆိုင်ရာဆေးပညာ မဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ကြိုတင်မိတ္တူတစ်စောင်ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ထံ မပျက်မကွက်ပေးပို့ရမည်။

၅။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-
(က) ပါရဂူဘွဲ့သင်တန်းများ ၂၀-၉-၂၀၁၆ရက်(အင်္ဂါနေ့)
(ခ) ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်းများ ၂၁-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်းသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀(တစ်ထောင်ကျပ်တိတိ)ကိုလည်းကောင်း၊ ပြင်ပ သွားဘက်ဆိုင်ရာဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေး ပွဲကြေး ကျပ် ၁၀၀၀၀(တစ်သောင်းကျပ်တိတိ)ကိုလည်းကောင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ မြန်မာ့စီးပွားရေးဘဏ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-010219 သို့ ပေးသွင်းရမည်။
(မှတ်ချက်၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ငွေစာရင်းအမှတ် MD-010219 သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) Website:http:// www.udmyangon-edu.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ သို့မဟုတ် ဘွဲ့လွန်ဌာနစိတ်၊ ဖုန်း-၀၁-၅၇၀၈၄၇၊ ၅၇၁၂၇၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

**မိဘအမည်မှန်**
မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဖက်တောကျေးရွာမှ မအေးမြတ်မွန် (စ-နှစ်၊ ပထဝီ)၊ မောင်သိန်းဇော် (မြင်းခြံ GTC-၃နှစ် MP)၊ မောင်လှိုင်မျိုးသူ (မသ-၁၁၆၅(၂၀၁၅-၂၀၁၆ အောင်)တို့၏ မိဘအမည်မှန်မှာ ဦးမျိုးမြင့်အောင် ၉/တသန(နိုင်)၀၅၅၉၀၅နှင့် ဒေါ်ကြည်ကြည်ဝင်း ၉/တသန(နိုင်) ၀၈၂၅၉၀ ဖြစ်ပါသည်။

**ယာဉ်မောင်းအလိုရှိသည်**
ရန်ကင်း၊ တောင်ဥက္ကလာပနီးသူ
ဦးစားပေး၊
လိုင်စင်ငါးနှစ်အထက်
လစာ-၂၀၀၀၀၀၊ ၂၅၀၀၀၀
Ph:09971899915

**အမည်ပြောင်း**
ဦးဖြိုးဝေလင်း-ဒေါ်ပြည့်ပြည့်ဖြိုးတို့၏သမီး ပုသိမ်မြို့ PEC ၊ အလွတ်ပညာသင်အလယ်တန်းကျောင်း ဒုတိယတန်းမှ မနှင်းရတီလင်းအား ယနေ့မှစ၍ မထက်ရွှေစင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မထက်ရွှေစင်ဝင်း**

**အမည်ပြောင်း**
ဦးစံနိုင်၁၂/ကမတ(နိုင်)၀၁၂၆၉၇၏ သား မရမ်းကုန်းမြို့နယ် Crane International School (Myanmar) ကျောင်းစတုတ္ထတန်းအောင် မောင်သူရဟိန်းအား ယနေ့မှစ၍ မောင်သုမင်းထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

**ပျောက်ဆုံးကြောင်း**
ကြံခင်း (၄) ရေယာဉ်၏ လိုင်စင်ကြီး (မူရင်း) အမှုတွဲဖိုင်နှင့် သဘော်သားလိုင်စင်များ ၂၃-၆-၂၀၁၆ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၉၅၅၀၁၂၄**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးကျော်ထွန်း (၁၂/ရပသ(နိုင်)၀၉၇၀၆၁) သည် Pass Port-CDC ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်၊
ဖုန်း-၀၉ ၅၁၆၉၉၀၁

**ဖခင်အမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဘိုကုန်းကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်ကြိုင် ၅/ကသန(နိုင်)၀၅၉၁၈၅ ဖြစ်ပါကြောင်း။ **ဦးမြင့်ကြိုင်**

**ဖခင်အမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဘိုကုန်းကျေးရွာ၊ အထက၊ အဌမတန်း(B)မှ မောင်ဇော်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်ကြိုင် ၅/ကသန(နိုင်)၀၅၉၁၈၅ ဖြစ်ပါကြောင်း။ **ဦးမြင့်ကြိုင်**

# ရမည်းသင်း၌ LED လျှပ်စစ်မီးလုံးများအစားထိုးတပ်ဆင်

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းမီးလုံးများ ပြန်လည်အစားထိုး တပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရမည်းသင်းမြို့ပေါ် ရပ်ကွက်များအတွင်း ပြေီလကုန်ရက်က လေပြင်းမုန်တိုင်းတိုက် ခတ်၍ ပျက်စီးသွားသော လမ်းမီးလုံးများကို ၂၀၁၆-၂၀၁၇ ခုနှစ် စည်ပင်သာယာရေးဌာန ဘတ်ဂျက် ပထမအရစ် ငွေကျပ်ခြောက်သိန်း ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်- မန္တလေး ကားလမ်းတွင် နိုင်ငံခြားဖြစ် LED လျှပ်စစ်မီးလုံး ၂၀ ပြန်လည်အစားထိုးတပ်ဆင်ရာ ဝပ်အား ၂၀ သာရှိပြီး မီးလင်းအားပိုကောင်း၍ ညအမှောင်ချိန် အလိုအလျောက် မီးလင်းပြီး နံနက် အလင်းရောင်ရချိန်တွင် အလိုအလျောက် မီးပိတ်နည်းစနစ်ပါသည့်အတွက် လျှပ်စစ်မီတာခများ သက်သာသည့် လျှပ်စစ်မီးလုံးများ ပြန်လည်အစားထိုး တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ဝါတိုးရပ်ကွက် သီလဝလမ်းတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းမှုအရ LED မီးလုံးငါးလုံးကို တပ်ဆင်ပြီးကြောင်း သိရပြီး စည်ပင်သာယာရေး ၂၀၁၆-၂၀၁၇ ဘတ် ဂျက်လျာထားမှုနည်းပါးနေသဖြင့် မိမိရပ်ကွက်၊ မိမိအိမ်ရှေ့ ခုတ်တိုင်များတွင် လမ်းမီးကြိုးများ ရှိပါက ကိုယ့်အားကိုယ်ကိုး တပ်ဆင်လှူဒါန်းနိုင်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် လျှပ်စစ်တာဝန်ခံ ဦးတင်ဦးက ပြောသည်။ လမ်းမီးလုံး လှူဒါန်းလိုသူများအနေဖြင့် မြို့နယ်စည်ပင်သာယာရေးရုံးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# မြန်မာ့ဆယ်မားအူးလ်အွန်ဒုံကျေးရွာသစ် ရှမ်းပြည်နယ်တွင် ဖွင့်

**တောင်ကြီး ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ့ဆယ်မားအူးလ်အွန်ဒုံကျေးရွာသစ် လှုပ်ရှားမှု စီမံကိန်း၏ လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအထိမ်းအမှတ် မြန်မာ့ဆယ်မားအူးလ်အွန်ဒုံကျေးရွာသစ်ဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက်က အဆိုပါဆိုင်းဘုတ်ရှေ့၌ ကျင်းပခဲ့သည်။

ကွန်လုံကျေးရွာအုပ်စု ဘန်းကန်(ရွာမ) ကျေးရွာဆိုင်းဘုတ်ရှေ့တွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) Project Manager Mr. Park Hyeong Sin၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးချိုနိုင် ထွန်း၊ ကျေးရွာဆယ်မားအူးလ်အွန်ဒုံကျေးရွာခေါင်းဆောင် ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးတို့က ဘန်းကန်(ရွာမ)ကျေးရွာ ဆိုင်းဘုတ်ရှေ့တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ဘန်းကန်(ရွာမ)ကျေးရွာ ဆိုင်းဘုတ်ကို တာဝန်ရှိသူများက အမွှေးနံ့သာများပက်ဖျန်းပေးကြသည်။မြန်မာ့ဆယ်မားအူးလ်အွန်ဒုံ ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်း၏ လုပ်ငန်းများကို တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စုရှိ စံပြကျေးရွာ ငါးရွာဖြစ်သော လူရိုးတောင်ကျေးရွာ၊ ဘုရားမဲကျေးရွာ၊ ဘန်းကန်(ရွာမ) ကျေးရွာ၊ ကျောက်စုကျေးရွာနှင့် ညောင်စင်ကျေးရွာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အမှတ် (၂) ဆင်ဇာတံတားချဉ်းကပ်ကျောက်ရိုးစီလမ်း ပြန်လည်ပြုပြင်



**ပေါက် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့အောင်တံခွန်ရပ်ကွက်ရှိ အမှတ်(၂) ဆင်ဇာတံတား သည် ဇွန်လဆန်းပိုင်းတွင် မိုးများအဆက်မပြတ် ရွာသွန်း၍ ချဉ်းကပ်မြေသားလမ်းမှ လမ်းမြေအချို့ ချောင်းအတွင်းသို့ ပြိုကျပျက်စီးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရက် ၁၀၀ စီမံချက်ဆောင်ရွက်မှု ချဉ်းကပ်ကျောက်ရိုးစီပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားသည် အောင်တံခွန်တိုးချဲ့ရပ်ကွက်၊ အင်းတောကျေးရွာ၊ သီးချောက်ကျေးရွာ၊ ညောင်ဝန်းပေါက်ကျေးရွာ၊ ရှားခွကြီးကျေးရွာနှင့် မြို့ခင်းသာကျေးရွာမှ ဒေသခံပြည်သူများ ဈေးသွား ဈေးပြန်ရောင်းရေး ဝယ်ရေးအတွက် အများဆုံးသွားလာလျက်ရှိသော တံတားတစ်စင်းဖြစ်သည်။

ယခုအခါ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလျား ၃၂ ပေ၊ အမြင့် ၆ ပေနှင့် ထုအကျယ် တစ်ပေခွဲရှိ ချဉ်းကပ် ကျောက်ရိုးစီခြင်းကို စီမံချက်ကာလအတွင်း အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# ယဉ်ကျေးလိမ္မာနည်းပြသင်တန်းဆင်းပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၄**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ပြန့်ပွားရေးအဖွဲ့ (ဗဟို)မှ ကြီးမှူးဖွင့်လှစ်သည့် ဒုတိယအကြိမ်မြောက် ဓမ္မရံသီကုလရက္ခိတ ယဉ်ကျေး လိမ္မာနည်းပြသင်တန်းဆင်းပွဲကို ဇွန် ၂၃ ရက် နံနက်က မိတ္ထီလာနည်းပညာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ (နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယ) ပြည်တွင်းပြည်ပသာသနာပြုထံမှ ငါးပါးသီလ ကိုသင်တန်းသားကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများက ခံယူဆောက်တည်ကြပြီး ဓမ္မရံသီဆရာတော်က ဆုံးမသြဝါဒတရားဟောကြားသည်။

ယင်းနောက် ဓမ္မရံသီဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဆက်ကပ်လှူဒါန်းကြပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဇွန် ၉ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ သင်တန်းသား ၁၄၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် သနပ်ခါးအခြေခံပြည်တွင်းဖြစ် အရည်အသွေးကောင်းမွန်သော လူသုံးကုန်ပစ္စည်းများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်၍ ဈေးကွက်အတွင်း ထိုးဖောက်ရောင်းချနိုင်စေခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရန်နှင့် နိုင်ငံခြားစံချိန်မီ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ အမှတ် (၄)ရပ်ကွက် မဟာဗောဓိဓမ္မာရုံ၌ ဇွန် ၂၂ ရက်မှ ၂၈ ရက်ထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး အလှကုန်ထုတ်လုပ်နည်း ၁၆ မျိုးနှင့် လူသုံးကုန်ထုတ်လုပ်နည်း ၁၅ မျိုး သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# မုံရွာခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**မုံရွာ ဇွန် ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရွှေ့ပြောင်းလုပ်သားများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်း၊ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် အသက်(၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများအား မုံရွာခရိုင်အတွင်းရှိ မြို့နယ်များတွင် တစ်ပြိုင်နက်တည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယင်းသို့ ဆောင်ရွက်ရာတွင် မုံရွာမြို့ ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း အလကတွင် ၁၅၉ ဦး၊ ချောင်းဦးမြို့နယ် မုန်ချို အလကတွင် ၂၁၆ ဦး၊ အရာတော်မြို့နယ် ဝါးတန်းကျေးရွာ အထက(ခွဲ)တွင် ၅၁ ဦး၊ ဘုတလင်မြို့နယ် ကျောက်အိုးတောင် အလကတွင် ၉၁ ဦး စုစုပေါင်း ၅၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**မူဆယ် ဇွန် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်၊ ခတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က စာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မူးယစ်ဆေးဝါးတာဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာများကိုကျောင်းသား ကျောင်းသူများအကြား မူးယစ်ဆေးဝါး စိမ့်ဝင်မှုမရှိစေရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများ အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီးတက်ရောက်လာသော ကျောင်းသား ကျောင်းသူသားများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ယင်းပြပွဲသို့ သုတ၊ ရသစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ခတ်ပုံပြဘုတ်၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စာအုပ်ပေါင်းများစွာ ခင်းကျင်းပြသခဲ့ရာအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများလာရောက် ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**



# ဂျပန့်သူလျှိုနှင့် ရှေ့နေဦးဘတင်

**မြင့်ဆွေဦး**

နဂါးနီစာအုပ်အသင်းကြီးသည် စာအုပ်တစ်အုပ်ကို လူနှစ်ယောက်အား ဘာသာပြန်ခိုင်းပြီး ရှေ့ဆင့်နောက်ဆင့် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်မှာ အမ်မလက်တိုဗက်စပါး ရေးသားသော Secret Agent of Japan ဖြစ်သည်။ ပထမဆုံးထုတ်ဝေသော 'ဂျပန့်သူလျှို'စာအုပ်ကို အယ်ဒီတာတစ်ဦးက ဘာသာပြန်သည်ဟုဖော်ပြခဲ့သည်။ ထိုအယ်ဒီတာတစ်ဦးမှာ သတင်းထောက်ဦးထွန်းဖေ(နောင် - ထွန်းနေ့စဉ် ဦးထွန်းဖေ)ဖြစ်သည်။ ဘာသာပြန်သူ၏ နိဒါန်းတွင် 'ဘာသာပြန်သည်ဟု ဆိုရသော်လည်း မူလစာရေးသူ၏ စကားအသုံးအနှုန်းများကို တိုက်ရိုက်ပြန်ဆိုသည်မဟုတ်၊ သဘောမှုကို သာယူ၍ ဘာသာပြန်ဆိုခြင်းပင်ဖြစ်သည်။' ဂျပန့်သူလျှိုကို အယ်ဒီတာတစ်ဦးအနေဖြင့် ဘာသာပြန်ရာ၌ လုံးစေ့ပတ်စေ့ မဟုတ်ဘဲ အကျဉ်းချုံး၍ ဘာသာပြန်ခဲ့ခြင်းဖြစ်သည်။ (ထိုစာအုပ်ကို တကောင်းစာအုပ်တိုက်က ဒုတိယအကြိမ်အဖြစ် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ထုတ်ဝေခဲ့သည်။ ထိုသို့ထုတ်ဝေရာ အမှားမှားအယွင်းယွင်းနှင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ မူရင်းရေးသားသူအမည် အမ်မလက်တိုဗက်စပါး အမည်ကို အမ်းလက်တိုဗက်စပါးဟု ဖော်ပြခဲ့သည်။ ဘာသာပြန်သူမှာ အယ်ဒီတာတစ်ဦး(ဦးထွန်းဖေ)ဖြစ်သော်လည်း ရှေ့နေကြီး ဦးသန်းတင်(လက်ပံတန်း)ဟု ဖော်ပြခဲ့သည်။ အမှန်မှာ ရှေ့နေကြီး ဦးသန်းတင်မဟုတ်ပါ။ ဒုတိယ ဂျပန့်သူလျှိုကို ဘာသာပြန်သူမှာ ဦးဘတင် ဘီအေ၊ ဘီအယ်လ် လက်ပံတန်းဖြစ်သည်)။ အယ်ဒီတာတစ်ဦး(ဦးထွန်းဖေ)၏ ဂျပန့်သူလျှိုကို ၁၉၃၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် နဂါးနီစာအုပ်အသင်းက ထုတ်ဝေခဲ့သည်။ အယ်ဒီတာတစ်ဦး ဘာသာပြန်သည့် 'ဂျပန့်သူလျှို' တွင် နဂါးနီစာအုပ်အသင်း၏ အမှာစာပါသည်။ ယင်းမှာ 'ဂျပန့်သူလျှို' ဤစာအုပ်ကိုဖတ်ရင်း စဉ်းစားရန်အချက် - ဂျပန့်သူလျှိုကို ထုတ်ဝေရာ၌ နဂါးနီတွင် ရည်ရွယ်ချက် နှစ်ရပ်ရှိ၏။ ၎င်းနှစ်ရပ်အနက် ပထမရည်ရွယ်ချက်သည် နဂါးနီအသင်းသားတို့အား ဗဟုသုတတိုးပွားရန်ပင်ဖြစ်၍ ဒုတိယအချက်မှာကား နဂါးနီ၏ ဝါဒပြန့်ပွားရန်ပင်ဖြစ်သည်။

ဂျပန့်သူလျှိုတွင် ဂျပန်တို့၏ ယုတ်မာညစ်ညမ်းပုံတို့ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြရေးသားထားသည့် ဖြစ်ရကား ယင်းကိုဖတ်ရုံနှင့် အလွန်တရာအသိနည်းကြသေးသော ဂျပန်တို့၏ အတွင်းရေးများကို နဂါးနီအသင်းသူ အသင်းသားတို့သည် ကောင်းစွာသိရှိနားလည်နိုင်ကြမည်ဖြစ်ပေသည်။

နဂါးနီဝါဒကို မည်ကဲ့သို့ ဖြန့်မည်နည်း။

ယခုအခါများစွာသော မြန်မာများ၏ စိတ်တွင် ဂျပန်ပြည်ကို အားကိုးချင်သလိုလို မြန်မာပြည်၏ လွတ်လပ်ရေးအတွက် ဂျပန်ပြည်မှ အကူအညီရသလိုလို ထင်ယောင်ထင်မှားဖြစ်နေကြပေ၏။ ဂျပန့်တို့သည် ဘယ်လိုလူစားမျိုးဖြစ်သည်၊ ဂျပန်အစိုးရသည် မည်သည့်ဝါဒအရ ထူထောင်ထားသော အစိုးရဖြစ်သည် အစရှိသည်တို့ကိုမူကား များစွာသော မြန်မာများ မစဉ်းစားမိကြသည်မှာ များစွာဝမ်းနည်းဖွယ်ကောင်းလှပေ၏။

နဂါးနီဝါဒသည် ဓနရှင်နှင့် နယ်ချဲ့စနစ်တို့ကို သုတ်သင်ပစ်ရန် ဝါဒပင်ဖြစ်ရကား၊ ဂျပန့်သူလျှိုကို ဖတ်ပြီးနောက် နယ်ချဲ့သမားတို့၏ ယုတ်မာညစ်ညမ်းမှုတို့ကို စက်ဆုပ်ရွံရှာသော စိတ်ထားများသည် စာဖတ်သူတို့၏ ရင်တွင်းဝယ် တဖွားဖွား ပေါ်ပေါက်လာပါလျှင် ယခုစာအုပ်ကို ထုတ်ရကျိုးနပ်ပြီဖြစ်သည်ဟု ရေးသားထားသည်။

နဂါးနီစာအုပ်အသင်းကြီးကို စတင်ဖွဲ့စည်း ထူထောင်ခဲ့သူတို့မှာ သခင်နုနှင့် ဦးထွန်းဖေဖြစ်သည်။ ထို့နောက် နဂါးနီစာအုပ်အသင်း အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာ၌ ဥက္ကဋ္ဌ မြို့မဆရာဟိန်၊ အတွင်းရေးမှူး ကိုထွန်းရွှေ၊ တွဲဖက်အတွင်းရေးမှူး သခင်ထိန်ဝင်း၊ ငွေထိန်း - သခင်ချစ်၊ စာအုပ်ရွေးချယ်ရေး သခင်နု နှင့် သခင်သန်းထွန်း၊ ဝါဒပြန့်ပွားရေးမှူး သခင်စိုးတို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးများသည် ဂျပန်ဖက်ဆစ်ဝါဒအန္တရာယ်ကို ကြိုတင် သိမြင်ထားပြီးဖြစ်သည်။ ထို့ကြောင့် ဂျပန့်သူလျှိုစာအုပ်ကို အပြည့်အစုံထုတ်ဝေရန် ဆုံးဖြတ်ကြပြီး လက်ပံတန်းမှ ရှေ့နေ ဦးဘတင်ကို ပြန်ဆိုရန် တာဝန်ပေးအပ်နှံ ခဲ့သည်။ ဦးဘတင်ကလည်း လက်ခံပြီး ပြန်ဆိုပေးခဲ့သည်။ ဦးဘတင်သည် ဘာသာပြန်ရန်အတွက် မူရင်းစာရေးသူ မစ္စတာ အမ်မလက်တိုဗက်စပါးနှင့် ထုတ်ဝေသူ လက်ဝဲဂိုဏ်း စာအုပ်အသင်းထံမှ ခွင့်ပြုချက်တောင်းခဲ့လေသည်။

ဂျပန့်သူလျှိုစာအုပ်မှာ ၁၉၃၂-၃၇ ခုနှစ်အတွင်း မန်ချူးရီးယားကို ဂျပန်တို့ ကျူးကျော်သိမ်းပိုက်အုပ်ချုပ်စဉ် ဂျပန့်သူလျှိုအဖြစ် မလွှဲမရှောင်သာ တာဝန်ထမ်းဆောင်ခဲ့ရသော မစ္စတာ ဗက်စပါးက ဖက်ဆစ်တို့၏ ယုတ်မာရက်စက်ပုံ တိုင်းသူပြည်သားတို့ကို အမျိုးမျိုးသောနည်းတို့ဖြင့် နှိပ်စက်၊ ညှဉ်းပန်းပုံများကို မခြွင်းမချန် ဖော်ထုတ်တင်ပြထားလေသည်။ ထိုစာအုပ်ကြောင့် ဖက်ဆစ်စနစ်ကို တစ်ကမ္ဘာလုံးက မျက်ဝါးထင်ထင် တွေ့မြင်ကြသဖြင့် တုန်လှုပ်ချောက်ချားသွားကြသည်။ မြန်မာနိုင်ငံတွင်လည်း ဦးဘတင်၏ 'ဂျပန့်သူလျှို'မြန်မာပြန်စာအုပ်ကြောင့် ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်များ ပျံ့နှံ့လာခဲ့လေသည်။ ဂျပန်ကို အားကိုးတကြီးနှင့် မျှော်လင့်နေကြသူများကိုလည်း ကြိုတင်သတိပေးခဲ့လေသည်။

ရှေ့နေဦးဘတင်သည် ရန်ကုန်ကောလိပ်မှ ဘီအေ၊ ဘီအယ်လ်တို့ ရပြီးနောက် လက်ပံတန်းတွင် နေထိုင်ပြီး ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်။ ဦဘတင်သည် အင်္ဂလန်ပြည် လက်ဝဲစာအုပ်အသင်းဝင်ဖြစ်ပြီး ဆိုရှယ်လစ်စာပေများ လေ့လာလိုက်စားခဲ့သည်။ ဆိုရှယ်လစ်သဘော



တရားဆိုင်ရာဘွဲ့ကို အင်္ဂလန်မှရရှိခဲ့သည်။

၁၉၃၀ ပြည့်နှစ် လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားစဉ် နှစ်ဖက်စလုံးကို ကူညီစောင့်ရှောက်ပေးခဲ့သည်။ ၁၉၃၀-၃၁ ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံတွင် ဖမ်းဆီးခံရသည့် တောင်သူလယ်သမားများဘက်မှ အခမဲ့အမှုလိုက်ပေးခဲ့သည်။

ဦးဘတင်သည် သခင်မြထက် ဝတ်လုံဝါရင့်သူတစ်ဦးဖြစ်သည်။ ဥပဒေရေးရာ၊ နိုင်ငံရေးရာနှင့်ပတ်သက်၍ သခင်မြနှင့်ဆွေးနွေးဖော် ဆွေးနွေးဖက်ဖြစ်သည်သာမက အကြံဉာဏ်များလည်းပေးခဲ့သူဖြစ်သည်။ ဂျပန်ခေတ်ရောက်လာသည့်အခါ ဦးဘတင်သည် မြို့မှရှောင်မထွက်သွားဘဲ အရှိန်မပျက် နေထိုင်ရင်း မြို့သူမြို့သားများနှင့် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များအတွက် လိုအပ်သည့်အကူအညီပေးနေခဲ့သည်။ စောစောပိုင်းတွင် သခင်မြက အကာအကွယ်ပေးနေခဲ့သော်လည်း နောက်ပိုင်းတွင် ကာကွယ်စောင့်ရှောက်မှုမပေးနိုင်တော့ပေ။ ဂျပန်ဖက်ဆစ်တို့၏ ဇာတ်ရုပ်ကလည်း ပေါ်လာပြီး ဦးဘတင်သည် 'ဂျပန့်သူလျှို' စာအုပ်ကို ရေးသူအဖြစ် သိသွားကြသည်။

ဦးဘတင်သည် တစ်နေ့တော့ နံနက် ၈ နာရီခန့်တွင် အိမ်အောက်ထပ်ရှိ သူ့ရုံးခန်းတွင် စာဖတ်နေခိုက် တရုတ်ကဲ့သို့



ဝတ်ဆင်ထားသူ နှစ်ယောက် လာရောက်တွေ့ဆုံလေသည်။ ဦးဘတင်လည်း အဆိုပါနှစ်ဦးကို မြင်လျှင်မြင်ချင်း မျက်နှာအကြီးအကျယ်ပျက်သွားပြီး 'ဟုတ်ကဲ့' ဟုဆိုကာ ထလိုက်သွားလေသည်။ မည်သူ့ကိုမျှပင် မှာကြားချိန်မရလိုက်တော့။ ဦးဘတင်သည် ထိုအချိန်တွင် ချည်ပုဆိုးအဟောင်း၊ စွပ်ကျယ်အင်္ကျီနှင့် ကုတ်အင်္ကျီအမည်းရောင်အဟောင်းကိုသာ ဝတ်ဆင်ထားလေသည်။

ဦးဘတင်အား ထိုသူနှစ်ဦးက မီးရထားလမ်းမြောက်ဘက်သို့ ခေါ်ဆောင်သွားသည်။ ထိုအချိန်တွင် ဦးဘတင်ရုံးခန်း၌ တစ်ဦးတစ်ယောက်မျှမရှိသဖြင့် အဖြစ်အပျက်ကို မည်သူမျှမသိလိုက်ကြပေ။ ဇနီးဖြစ်သူ ဒေါ်အုံးရွှေမှာ နံနက်စာ ထမင်းစားစောင့်နေသော်လည်း အချိန်တန်ပြန်မလာသဖြင့် သာယာဝတီရုံးသို့ အရေးတကြီး ရုံးကိစ္စဖြင့် မပြောမဆိုထွက်သွားသည်ဟု ထင်မှတ်နေသည်။ ညနေစောင်းပြန်မလာသည်တွင်မှ စိတ်ပူစပြုကာ စုံစမ်းမေးမြန်းရာ မြင်လိုက်သူများက နံနက်ပိုင်းကပင် တရုတ်ကဲ့သို့ ဝတ်ဆင်ထားသူနှစ်ဦးနှင့်အတူ မီးရထားလမ်းမြောက်ဘက်သို့ လိုက်ပါသွားကြောင်း သိရလေသည်။

ဦးဘတင်အိမ်နှင့်ကပ်လျက်ရှိသည့် ဦးဘတင်၏ ယောက္ခမကလည်း နံနက်ပိုင်းက တရုတ်နှစ်ယောက်နှင့်ထွက်သွားသည်ကို မြင်လိုက်ကြောင်း၊ နေအိမ်ရှေ့ လမ်းမပေါ်သို့ရောက်သော အခါ ဦးဘတင်သည် ၎င်း၏နေအိမ်ကိုတစ်ချက်မျှ လှည့်ကြည့်သွားသေးကြောင်း ပြောပြလေသည်။ ၎င်းနောက် အချိန်ရှိသမျှ နေ့ရှိသရွေ့ ဦးဘတင်၏သတင်းကို လိုက်လံမေးမြန်းသော်လည်း အစအနမျှပင် မရရှိတော့ပေ။

ဤသို့ဖြင့် လေးလကျော်မျှကြာမြင့်သွားပေရာ တစ်နေ့သော ည ၁၁ နာရီခန့်တွင် ဦးဘတင်၏ နေအိမ်သို့ မြန်မာအဝတ်အစားဝတ်ဆင်ထားသည့် ဂျပန်စစ်ဗိုလ်တစ်ဦးနှင့် စကားပြန်တစ်ဦးတို့ ရောက်လာပြီး တံခါးကိုထုရိုက်ပြီး ဖွင့်ခိုင်းသည်။ ဇနီးဖြစ်သူနှင့် တွေ့သောအခါ ဦးဘတင် အတော်မကျန်းမမာဖြစ်နေသဖြင့် ရန်ကုန်ပုလိပ်ရုံးကြီးသို့ လိုက်ခဲ့ရန်ပြောလေသည်။

ဦးဘတင်၏ ဇနီးဖြစ်သူလည်း နောက်တစ်နေ့ နံနက်လင်းလျှင်လင်းချင်း ယောက်မတစ်ယောက်၊ မတ်တစ်ယောက်တို့နှင့်အတူ ထွက်ခွာလာခဲ့သည်။ ပုလိပ်ရုံးကြီးသို့ ရောက်သည့်အခါ ဦးဘတင်နှင့်တွေ့ခွင့်မရဘဲ ဂျပန်စစ်ဗိုလ်က အတော်မမာနေကြောင်းသာ ပြောသည်။

ဦးဘတင်၏ ဇနီးသည်က ဤသို့မကျန်းမမာဖြစ်နေပါလျှင် နေအိမ်သို့ ယူဆောင်၍ ဆေးကုသခွင့်ပေးရန် ပြောဆိုသော်လည်း ဂျပန်စစ်ဗိုလ်က ခွင့်မပြုပေ။ နောက်ဆုံး ဦးဘတင်၏ ဇနီးသည်က ရှိခိုးဦးတင်တောင်းပန်တော့မှ နေထိုင်ကောင်းလျှင် ပုလိပ်ရုံးသို့ ပြန်လည်ပေးပို့ပါမည်ဟူသော ဝန်ခံချက်ဖြင့် ဦးဘတင်အားဆေးကုသရန် ခွင့်ပြုလိုက်သည်။ ထို့အပြင် လက်ပံတန်းတွင် အကောင်းဆုံးဆရာဝန်ဖြင့် ကုသပါမည်ဟူသော ခံဝန်ချက်လည်းပေးခဲ့ရသည်။

ရန်ကုန်မြို့ ကင်ပေတိုင်ဌာနချုပ်(ပုလိပ်ရုံးကြီး) အချုပ်ခန်းတွင်းမှ ဦးဘတင်အားလွှတ်ပေးစဉ် အခြေအနေကို မန်းတင်က ဤသို့ရေးသားတင်ပြခဲ့သည်။ 'နေပြောက်မထိုး၊ လေသန့်မရ၊ မှောင်ကျလျက် အေးမြသောသမံတလင်းပေါ်တွင် သူလမ်းလျှောက်ထွက်သွားစဉ်က (အဖမ်းခံရစဉ်က) ဝတ်စားထားသော အဝတ်အစားများနှင့်ပင် ခွေခွေကလေး ကွေးလျက်ရှိသည်။ သူ၏ မျက်ကွင်းတို့သည် ချိုင့်ဝှမ်းလျက်ရှိသည်။ ပါးတို့သည်အတွင်းသို့ ခွက်ဝင်ကုန်ပြီ။ ဆံပင်တို့သည် ဖြူဖွေးရှည်လျားလျက် ဖားလျားကျကာ နားရွက်ကို ဖုံးအုပ်လျက်ရှိကုန်၏။ နဖူးကို လွှမ်းလျက်ရှိကုန်၏။ ဖြူဖွေးသော နှုတ်ခမ်းမွေးတို့သည် ကားကားစွင့်လျက် ချိုင့်ဝှမ်းသော ပါးပြင်ကို ရစ်ဝဲကုန်၏။ တစ်ထွာကျော်မျှ ရှည်နေသည့် ဖြူဖွေးသော မုတ်ဆိတ်တို့သည်လည်း သမံတလင်းပေါ် တွင် တံမြက်လှည်းသကဲ့သို့ ရှိကုန်၏။ ဦးဘတင်က ယခင် သုံးလခန့်က ဦးဘတင်မဟုတ်တော့ချေ။'

ဦးဘတင်မှာ လမ်းမလျှောက်နိုင်။ ထနိုင်သည့် အခြေအနေတွင် မရှိတော့ချေ။ အချုပ်ခန်းအတွင်းမှ လူနာတင်ကတ်နှင့် သယ်ထုတ်၍ မော်တော်ကားဖြင့် ဘူတာကြီးသို့ ယူဆောင်ခဲ့သည်။ ထိုမှ မီးရထားသီးသန့်တွဲပေါ်တင်၍ လက်ပံတန်းသို့ သယ်ဆောင်ခဲ့ရသည်။ နောက်တစ်နေ့ နံနက် ၇ နာရီတွင် လက်ပံတန်းအိမ်သို့ ရောက်ရှိခဲ့သည်။ ဆရာဝန်ကြီး အမ်ကေဇူးနှင့် ကုသကြသည်။ သို့သော် ဖက်ဆစ်ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှု ဒဏ်ရာဒဏ်ချက်များကြောင့်ပင် အိမ်ပြန်ရောက်သည့်နေ့ ညဦးပိုင်း ၈ နာရီခန့်တွင် ကွယ်လွန်ခဲ့လေသည်။

'ဂျပန့်သူလျှို' စာအုပ်ရေးသားပြုစုသူ ဖက်ဆစ်ဂျပန်တို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ သို့သော် သူ့ဂုဏ်ပုဒ်ကား မကွယ်ပျောက်ပါ။ ဖက်ဆစ်တော်လှန်ရေးသမိုင်းတွင် ထာဝစဉ်တည်တံ့လျက်ရှိပါသည်ဟု မင်းယုဝေက မှတ်တမ်းတင်ခဲ့သည်။

ဖက်ဆစ်ဝါဒ၊ ဖက်ဆစ်ဂျပန်တို့၏ အန္တရာယ်ကို စောစီးစွာ ကြိုတင်အသိပေးခဲ့သော ဦးဘတင်သည် ထိုဖက်ဆစ်ဝါဒ၊ ဖက်ဆစ်ဂျပန်တို့ထံတွင် အသက်ပေးဆပ်ခဲ့ရသည်။ တကယ်တော့ ဖက်ဆစ်ဆန့်ကျင်ရေးကို ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံတွင် မရောက်ခင်ကပင် တပ်လှန့်သတိပေးခဲ့သည်။ ဦးဘတင်ကား အာဇာနည်တစ်ဦးပမာ အသက်စွန့်သွားခဲ့ရသည်။ ဖက်ဆစ်ဝါဒကို စာတွေ့မဟုတ် လက်တွေ့ခံစားသွားရရှာသူတစ်ဦးပင် ဖြစ်လေသည်။

**■ ဂျပန့်သူလျှိုစာအုပ်မှာ ၁၉၃၂-၃၇ ခုနှစ်အတွင်း မန်ချူးရီးယားကို ဂျပန်တို့ ကျူးကျော်သိမ်းပိုက်အုပ်ချုပ်စဉ် ဂျပန့်သူလျှိုအဖြစ် မလွှဲမရှောင်သာ တာဝန်ထမ်းဆောင်ခဲ့ရသော မစ္စတာ ဗက်စပါးက ဖက်ဆစ်တို့၏ ယုတ်မာရက်စက်ပုံ တိုင်းသူပြည်သားတို့ကို အမျိုးမျိုးသောနည်းတို့ဖြင့် နှိပ်စက်၊ ညှဉ်းပန်းပုံများကို မခြွင်းမချန် ဖော်ထုတ်တင်ပြထားလေသည်။**

**■ 'ဂျပန့်သူလျှို'စာအုပ်ရေးသားပြုစုသူ ဖက်ဆစ်ဂျပန်တို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ သို့သော် သူ့ဂုဏ်ပုဒ်ကား မကွယ်ပျောက်ပါ။ ဖက်ဆစ်တော်လှန်ရေးသမိုင်းတွင် ထာဝစဉ်တည်တံ့လျက်ရှိပါသည်ဟု မင်းယုဝေက မှတ်တမ်းတင်သည်။**

# စိုက်ပျိုးရေးကဏ္ဍအထောက်အကူပြုစီမံကိန်းဆိုင်ရာ ဆွေးနွေး



**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေးကဏ္ဍ အထောက်အကူပြုစီမံကိန်းအရ မြန်မာနိုင်ငံ၏ ဆည်မြောင်းစနစ်များ စီမံထိန်းသိမ်းမှုကောင်းမွန်စေရေး၊ လယ်ယာမြေဆိုင်ရာအကြံပေးခြင်းနှင့် နည်းပညာပံ့ပိုးမှု ဖွံ့ဖြိုးလာစေရေး၊ သဘာဝဘေး အရေးပေါ် အခြေအနေများအတွက် ကြိုတင်စီမံခန့်ခွဲနိုင်ရေး စသည့်လုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းကို ဇွန် ၂၁ ရက် က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa နှင့် အဖွဲ့ဝင်များ တွေ့ဆုံစည် ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး အသိပညာပေး

**မုဒုံ ဇွန် ၂၃**

မွန်ပြည်နယ် မုဒုံမြို့အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး ပြုံးချိုက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပွားစေရေးနှင့်မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေအကြောင်းသိကောင်းစရာများကို ဟောပြောခဲ့သည်။

ထို့နောက် အမှတ်(၇၇) ယာဉ်ထိန်းတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်(မုဒုံ)မှ ဒုရဲအုပ်အေးမင်းသန်းက ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ လမ်းနှင့်နီးသော ကျောင်းများအား နေ့စဉ်ကျောင်းတက် / ကျောင်းဆင်းချိန်များတွင် လမ်းကူးပေးခြင်း၊ လမ်းရှင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အလားတူ မုဒုံမြို့ အ.ထ.က (၁) တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ပြီး ပြည်သူများသိရှိစေရန် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**



**ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ဇွန် ၂၃ ရက်က ကျွန်းအပါအဝင် အခြားသစ်မာပျိုးပင် ၅၀၀ ကို ကျောင်းသား ကျောင်းသူများ စုပေါင်းစိုက်ပျိုးခဲ့ကြစဉ်။**
ဖြူး-မြင့်ဦး

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ဟိုမိန်း ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လင်းခေးခရိုင် ဟိုမိန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဟိုမိန်းမြို့ နားမိုက်လေ(အမက) ကျောင်း၌ ဇွန် ၂၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အိအိသန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆိုးကျိုးများအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**ရဲနောင်(ဟိုမိန်း)**

## ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက် ကျေးရွာအရောက်ကျန်းမာရေးစောင့်ရှောက်မှုပေး

**နတ်တလင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပွတ်စုကျန်းမာရေးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ကံသာရွာနှင့် မြိုးစိုးကျေးရွာတို့တွင် ဇွန် ၂၀ရက်မှ ၂၂ရက်အထိ ကျေးရွာအုပ်စု သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့၊ ငှက်ဖျားဌာနမှ ဝန်ထမ်းအဖွဲ့နှင့် ပွတ်စုကျန်းမားရေးဌာနမှ ဆေးမှူး ဦးသိဏ်းလှိုင်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံ၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးမှုတ်ပေးခြင်း၊ အဘိတ်ဆေးများခပ်ခြင်း၊ ကျေးရွာနေပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**

## ကျေးလက်ပြည်သူများအတွက် အခြေခံလက်သမားသင်တန်းဖွင့်

**ကလေးဝ ဇွန် ၂၃**

ကလေးခရိုင် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးလက်အတွက် များစွာအကျိုးပြုသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် တစ်ဦးချင်းဝင်ငွေတိုးလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်သမားသင်တန်း အမှတ်စဉ်(၂/ ၂၀၁၆) ကို ဇွန် ၁၈ ရက်က အောင်ချမ်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။

အခြေခံလက်သမားသင်တန်းကို ၁၀ ရက်ကြာပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တို့အား တစ်ဦးလျှင် အထောက်အကူပြုပစ္စည်း ၁၃ မျိုးစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



## ဂန့်ဂေါမြို့နယ် ကျွန်းဒတ်ကျေးရွာ၌ စေတနာစာကြည့်တိုက်ဖွင့်

**ဂန့်ဂေါ ဇွန် ၂၃**

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဂန့်ဂေါမြို့နယ် ကျွန်းဒတ်ရွာ စေတနာစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၁ ရက်နံနက် ၉ နာရီတွင် ကျင်းပသည်။

စာကြည့်တိုက်သို့ သုတရသ စာအုပ်မျိုးစုံ ၁၀၀ ကိုလည်းကောင်း၊ စေတနာရှင် ၂၁ ဦးက စာကြည့်တိုက်ပဒေသာပင်အဖြစ် ငွေကျပ် ၂၃၀၀၀၀ ကျော်တို့ကို လည်းကောင်း တာဝန်ရှိသူများမှတစ်ဆင့် စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ပြသသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဓာတ်ပုံများပြပွဲကို ကြည့်ရှုကြ၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၁၀၁)

## အခြေခံပညာကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်

**ပေါင်းတည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အခြေခံပညာကျောင်းများ ကျောင်းသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ရက်သတ္တပတ် အစီအစဉ်အရ ဇွန် ၂၂ ရက်နံနက် ၉ နာရီက မြို့မအထကကျောင်းသို့ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါအဖွဲ့မှ ကျောင်းကျန်းမာရေးအဖွဲ့ဆရာဝန် ဒေါက်တာဇာဇာဝင်းနှင့် ဝန်ထမ်း ၁၅ ဦးက ကျောင်းရှိကျောင်းသားကျောင်းသူများအား ကိုယ်အလေးချိန်ပေါင်ချိန်ပေးခြင်း၊ အရပ်တိုင်းထွာခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်း၊ သွားရောဂါစစ်ဆေးပေးခြင်းများ ပြုလုပ်ကာသက်ဆိုင်သည့်ဆေးဝါးများအား အခမဲ့ပေးအပ်ခဲ့သည့်အပြင် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ဆေးနည်းအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ရေရှားပါးကျေးရွာများတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်



**ညောင်လေးပင် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း နွေရာသီရေရှားပါးခဲ့သောကျေးရွာများ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ဖြင့် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် သတ်မှတ်ချိန်ကာလအတွင်းပြီးစီးနိုင်ရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများသည် ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဇွန်လတတိယပတ်က ကျဘန်းကျေးရွာအုပ်စု အနောက်ဇီးကန်ကျေးရွာ၌ ဆောင်ရွက်နေသည့် တွင်းတိမ် နှစ်တွင်း၊ လက်တူးတွင်းကျယ်ငါးတွင်းတို့ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

တွင်းတိမ်တစ်တွင်းလျှင် ငွေကျပ် သိန်း ၄၀ ခန့် ကုန်ကျပြီး လေးလက်မကာပိုက်၊ နှစ်လက်မ ရေစုပ်ပိုက်၊ ရေစက်ရုံ၊ ရေကန်တို့ပါဝင်၍ လက်တူးတွင်းတစ်တွင်းလျှင် ငွေကျပ် ၄၅ သိန်း ကုန်ကျကာ ရေတုံကင်နှစ်စုံနှင့် ရေကန်တို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို ရက် ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ပြီးစီးသွားပါက ယင်းကျေးရွာအုပ်စုတွင်းရှိ လက်ပံဘု (အရှေ့)ကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ အလယ်ရွာ၊ ကျဘန်းကျေးရွာ၊ အနောက်ဇီးကန်ကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ စမ်းကလေးကျေးရွာများရှိ အိမ်ခြေ ၁၀၀၀ ခန့် လူဦးရေ ၅၀၀၀ ခန့်ရှိသော ဒေသခံပြည်သူများအား နွေရာသီရေရှားပါးခြင်းမှ ကင်းဝေးလွတ်မြောက်ပြီး သောက်သုံးရေဖူလုံရေးအတွက် များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ပရိယတ္တိစာသင်တိုက်များ၌ စာပေပရိယတ္တိသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲလှူဒါန်း

**ရန်ကုန် ဇွန် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ကလေးဝတောရ ပရိယတ္တိစာသင်တိုက်၊ ပိဋကတ်ရွှေဝါ ပရိယတ္တိစာသင်တိုက်နှင့် ရတနာ့ဗိမာန်ပရိယတ္တိစာသင်တိုက်များ၌ နယ်စပ်ဒေသများမှ စာပေပရိယတ္တိ သင်ကြားလျက်ရှိသော သာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူများ အတွက် လစဉ် ဆန်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယခုဆိုလျှင် နှစ်ပေါင်း ၂၃ နှစ်ရှိပြီဖြစ်သည်။

အဆိုပါစာသင်တိုက်များသို့ ဆန်၊ ဆီ၊ ဆား၊ ပဲများနှင့် အလှူငွေများ ဆက်ကပ် လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကလေးဝတောရပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော် သြဝါဒစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက ညွှန်ပရိသတ်များအား အနုမောဒနာတရားတော်ချီးမြှင့်တော်မူပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန် အရှေ့ပိုင်း ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိ သူများက ဆရာတော်ထံ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ စာသင်တိုက်သုံးတိုက်ရှိ သာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူ ၁၅၆၅ အတွက် ဆန် ၂၄၃ အိတ်၊ ဆီ ၂၃၅ ပိဿာ၊ ဆား ၂၃၅ ပိဿာနှင့် ပဲ ပိဿာ၄၇၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝါသလကျေးရွာ၌ ရေဘေးကာကွယ်ရေးသရုပ်ပြ



**ဇလွန် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ဝါသလကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေဘေးကာကွယ်သရုပ်ပြပွဲအခမ်းအနားကို ဇွန် ၂၀ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းနှင့် တာဝန်ရှိသူများက တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)၊ တာအိခြင်း၊ သဲပွက်ထခြင်းဖြစ်ပေါ်ရသည့်အကြောင်းအရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီ-ဟသ်ာတ တာမိုင် ၁၈/၆ တာပေါ်တွင်ကာကွယ်မှုနည်းလမ်းပိုင်းများကို မြေသား(သို့)သဲအိတ်များဖြင့်ကာကွယ်နည်း၊ ထူးပေါက်အထက်အမြင့် နှစ်ပေမှ သုံးပေအထိ ရေလှောင်နိုင်သော မြေကတုတ်(ရေခွေ) တည်ဆောက်ခြင်း၊ ရေခွေအပိုင်းအား တောင့်တင်းခိုင်မာရန်နှင့် တန်ပြန်ရေဖိအားရရန်(ရေအမြင့် နှစ်ပေမှ သုံးပေအထိ) တည်ဆောက်ခြင်းနှင့် ရေဘေးကာကွယ်ရေး ဆောင်ရွက်ရာတွင် စုဆောင်းထားရှိရမည့်ပစ္စည်းများမှာ ဆောင်ထားရန်တို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ ကျေးရွာနေပြည်သူများကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# မဒေါက်မြို့၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဇွန် ၂၄**

ညောင်လေးပင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန် ၂၁ ရက်နံနက် ၈ နာရီကမဒေါက်မြို့အထက(ခွဲ)ကျောင်း၌ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပြီး နေမကောင်းသူများအား ဆေးဝါးကုသပေးခြင်း၊ ကိုယ်အလေးချိန်စစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပြီး သွားရောဂါ ရှိသူများအား



ကုသပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ လက်ဆေးခြင်းများ သရုပ်ပြခြင်း၊ ကျောင်းဈေးဆိုင်များအား တန်ဖိုးသင့် အာဟာရဖြစ်စေသောအစားအသောက်များကိုသာ ရောင်းချစေရေးတို့ကို အသိပညာပေး စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့်အဖွဲ့ဝင်များ၊ ပျို့ရွယ်သူစောင့်ရှောက်မှုမြှင့်တင်ရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများကို ဟောပြောကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေဗဟုသုတတိုးပွားရေးတို့အတွက် နံရံကပ်စာစောင်များပြသခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကိုပါ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကျောင်းစာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်း

**ရန်ကုန် ဇွန် ၂၄**

တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှမြင့်က ဇွန် ၂၂ ရက်တွင် မြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များသို့ People မဂ္ဂဇင်းများကို ပညာရေးမှူးရုံးမှတစ်ဆင့် လှူဒါန်းခဲ့သည်။

အဆိုပါမဂ္ဂဇင်းအုပ်ရေ ၂၀၀ ကို ကျောင်းစာကြည့်တိုက်များတွင် ကျောင်းသားလူငယ်များ အားလပ်ချိန်၌ ဖတ်ရှုလေ့လာနိုင်အောင် လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် အဆိုပါစာအုပ်များကို 7 days စာပေတိုက်က လာရောက်လှူဒါန်းထားရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆက်လက်၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**လှလှမြင့် (ပြန်/ဆက်)**

**သတင်းတိုများ**




## ရက် ၁၀၀ စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရက်(၁၀၀) စီမံချက် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သီရိပညာခန်းမ၌ ဇွန် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**

## အလုပ်သမားဥပဒေအကြောင်း ဟောပြောပွဲကျင်းပမည်

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ Trade Center Hallတွင် ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိ အလုပ်သမားဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါမြင့်၊ ဦးစီးအရာရှိ ဒေါ်ညိုညိုလွင်တို့က ဟောပြောမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်နိုင်ပါကြောင်းနှင့် လူဦးရေကန့်သတ်ထားသဖြင့် တက်ရောက်သူတိုင်း Shin Saw Pu Business School 10% Discount Card ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင်ပညာသင်ကြားနေသော ကျောင်းသားလူငယ်များအသိပညာဗဟုသုတရရှိပြီး မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဇွန်လတတိယပတ်က မဲသိမ်ကျေးရွာ၊ ပတ်ကျောကျေးရွာ၊ စစ်မှုထမ်းဟောင်း ကျေးရွာ ၊ ဝင်းစိန်ကျေးရွာ၊ နောင်တိုင်ကျေးရွာနှင့် မဲဆမိတ်ကျေးရွာများတွင် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းကြောင့် ပြစ်မှုပြစ်ဒဏ်ခံစားရမှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ၊ လူမှုဘဝအညွန့်ကျိုးပြီး ဇာတ်သိမ်းမလှပုံများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စလင်း၌ အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး စလင်းမြို့ အောက်လှိုင်းကျေးရွာအုပ်စု အောက်လှိုင်းရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇွန် ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးပြီး ကွန်ကရစ်လက်မှုထည်သင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ယင်းသင်တန်းဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးတို့က အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွဋ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ကျေးရွာမြေပုံဂရန်ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ပိုက်သင်ကျေးရွာတွင် မြေပုံဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း ဦးဆောင်သော မြို့နယ်အဆင့်ကျေးရွာမြေပုံဂရန်ထုတ်ပေးရေး လုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ဇွန် ၂၂ ရက်တွင် ပိုက်သင်ကျေးရွာနေ ပြည်သူများအား ကျေးရွာမြေပုံဂရန်ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေး၍ ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးပွဲကျင်းပခဲ့သည်။

ထို့နောက် ကျေးရွာအတွင်းရှိလမ်းများအား သတ်မှတ်အဝန်းအဝိုင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကျေးရွာနယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်း၊ ရွာအဝန်းအဝိုင်းနှင့် အသေးစိတ်မြေပုံတိုင်းတာခြင်း၊ ကွက်စိတ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မြေလွတ်နေရာတိုင်း သစ်ပင်များဖြည့်တင်းစိုက်ပျိုးခြင်းဖြင့် ကလောမြို့စိမ်းလန်းစေမည်

**ကလော ဇွန် ၂၄**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့စည်ပင်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလောမြို့အတွင်း အိမ်ခြံဝင်းမြေလွတ် မြေလပ်နေရာတိုင်းတွင် အရိပ်ရပင်များ လေကာပင်များ ပန်းအလှပင်များ စားသုံးသီးနှံပင်များ နှစ်ရှည်ပင်များစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ နိုင်ငံခြားသားခရီးသွားလုပ်ငန်းများ လုံခြုံစိတ်ချမ်းသာရေး၊ ကလောမြို့ရှိ ရှေးဟောင်းအဆောက်အအုံအဟောင်းများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး ရှေးဟောင်းအမွေအနှစ်ခရီးသွားအပန်းဖြေတောင်ပေါ်စခန်းကလောမြို့အဖြစ် ပြန်လည်ပြုပြင်မွမ်းမံရေး စသည်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ နန္ဒာလှမြင့်၊ ပြည်နယ်(တောင်ပိုင်း) ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကြည်လွင်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်၊ မြို့နယ်အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးကိုကိုထွန်း၊ ဌာနဆိုင်ရာဦးစီးအရာရှိများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ ဟိုတယ်မိုတယ်လုပ်ငန်းရှင်များ၊ မြို့မိ မြို့ဖများက ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ကလော၊ ရွှေညောင်၊ တောင်ကြီး၊ ကက္ကူရှေးဟောင်းသာသနာ့နယ်မြေများသို့ Tourist Destination အတွက် အထူးမြန်မာ့မီးရထားခရီးစဉ်ပြေးဆွဲနိုင်ရေး ကလောဘူတာရှေးမူလက်ရာအတိုင်း ပြုပြင်မွမ်းမံရေးကုန်ကျမှုများအတွက် ကလောမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်သည်။ လက်ရှိကလောနာရီစင်ကို ကမ္ဘာလှည့်ခရီးသွားဆွဲဆောင်နိုင်ရန် ရှေးမူရှေးဟန်ပုံစံရေးဆွဲဆောက်လုပ်သွားရန် Kalaw Princess Hotel မှ ဒေါ်တင့်တင့်လွင်က တာဝန်ယူဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ကလောမြို့စိမ်းလန်းစိုပြည်သာယာလှပရေး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့တွင်းအိမ်ခြံမြေဝင်းအတွင်း အပြင် လမ်းဘေးဝဲယာတွင် အရိပ်ရပင်များ ၊လေကာပင်များ၊ နှစ်ရှည်ပင်စားသုံးအသီးအရွက်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးရန်၊ တစ်အိမ်ထောင်သစ်ပင်မျိုးစုံ သုံးပင်အနည်းဆုံးစိုက်ပျိုးကြရန်၊ Royal Kalaw Hill Resort မှ ဦးဝေစိုးက သစ်ပင်မျိုးစုံ အပင် ၆၀၀၀၀ လှူဒါန်းရန်ဝယ်ယူပြီးဖြစ်၍ စိုက်မည့်ရက်ပေးဝေမည့်ရက်များစီစဉ်ဆွေးနွေးကြကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်ထံမှ သိရသည်။

**ဇော်သိန်းရည်**



# ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ မိုးနဲမြို့၌ တိုးချဲ့တပ်ဆင်

**မိုးနဲ ဇွန် ၂၄**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ရက် ၁၀၀ စီမံချက်ဖြင့် မိုးနဲမြို့နယ် မိုင်းကိုင်ရပ်ကွက်တွင် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း ပေ ၃၀၀၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၁၀၀၀ လုပ်ငန်း၊ လွိုင်မြေရပ်ကွက်တွင် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းပေ ၁၇၀၀၊ ၁၁.၀၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၁၀၀၀ လုပ်ငန်းနှင့် ဥယျာဉ်ရပ်ကွက်တွင် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းပေ ၇၅၀၊ ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၁၀၀၀ လုပ်ငန်းနှင့် နောင်မြိုင်းအုပ်စုတွင် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းပေ ၁၇၀၀၊ ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၁၇၀၀ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများအား မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ ဇွန် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# သံဖြူဇရပ်မြို့၌ အခွန်ဆိုင်ရာရှင်းလင်းပွဲကျင်းပ

**သံဖြူဇရပ် ဇွန် ၂၄**
ပြည်သူများ နိုင်ငံ့တာဝန်ကျေပွန်ရေးအတွက် အခွန်ထမ်းဆောင်ရာတွင် မိမိထမ်းဆောင်ရသည့် အခွန်အမျိုးအစားနှင့် ကောက်ခံမှုနှုန်းအား သိရှိနိုင်ရေး၊ ပြင်ဆင်ပြောင်းလဲကောက်ခံသည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအကြောင်းကိုသိရှိနိုင်ရေးအတွက် ဦးတည်၍ သံဖြူဇရပ်မြို့တွင် အခွန်ဆိုင်ရာရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၂၂ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခွန်ထမ်းပြည်သူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ်အခွန်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဦးက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်အမျိုးအစားအလိုက်ကောက်ခံမှုနှုန်းထား၊ ကောက်ခံရရှိသည့်အခွန်ငွေများကို ပြည်သူများအကျိုးအတွက် ခွဲဝေသုံးစွဲနေမှုနှင့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသက်တင်ဦးက အထူးကုန်စည်ခွန်ဥပဒေနှင့် တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာများ ချပြရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သိရှိလိုသည့် အခွန်ထမ်းခြင်းဆိုင်ရာများကိုမေးမြန်းရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ယာဉ်မောင်းလိုင်စင်ပြုလုပ်ဆောင်ရွက်ပေး

**ကလေး ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေးခြင်းကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက ကွန်ပျူတာတက္ကသိုလ်(ကလေး)ခန်းမ၌ ပြုလုပ်ဆောင်ရွက်ပေးသည်။

အသိပညာပေးဟောပြောပွဲတွင် ကွန်ပျူတာတက္ကသိုလ်(ကလေး) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာငွန်နုံမ်က အမှာစကားပြောကြားပြီးနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ စစ်ဆေးရေးမှူး ဦးခင်မောင်ထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းချက်များကိုလည်းကောင်းအသီးသီး ရှင်းလင်းပြောကြားကြသည်။

အဆိုပါဟောပြောပွဲအပြီးတွင် ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် အသက် ၁၆ နှစ်ပြည့် ကွန်ပျူတာတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၈၄ ဦးတို့အား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့က ယာဉ်မောင်းလိုင်စင်များဆက်လက်ပြုလုပ်ပေးခဲ့သည်။ “မြို့နဲ့ အလှမ်းကွာဝေးတဲ့ ကျွန်တော်တို့တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ နေ့စဉ်ကျောင်းတက်၊ ကျောင်းပြန်တဲ့နေရာမှာ ခေါက်တုံ့ခေါက်ပြန် မော်တော်ယာဉ်လိုင်းတွေမရှိတော့ လက်လှမ်းမီရာ ဆိုင်ကယ်တွေအသုံးပြုပြီး ကျောင်းချိန်အမီ အရောက်သွားနေရပါတယ်။ ဥပဒေပြဋ္ဌာန်းထားတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီ အမြဲစစ်ဆေးအရေးယူခြင်းခံနေရတဲ့အခက်အခဲနဲ့ရင်ဆိုင်နေရပါတယ်။ အခုလို ကညနက တာဝန်ရှိသူတွေက ယာဉ်မောင်းလိုင်စင်တွေပြုလုပ်ပေးဖို့ တကူးတက ကျောင်းအရောက်ကွင်းဆင်းဆောင်ရွက်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေ စိတ်လွတ်ကိုယ်လွတ်ချောမွေ့စွာနဲ့ ကျောင်းတက်နိုင်တော့မှာပါ”ဟု ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ဆိုသည်။

**ချင်းတွင်းသား**

# ဖလမ်းမြို့နယ် တားလ်- လေးလက်ကျေးလက်လမ်း ရေပြွန်ရှစ်စင်း တည်ဆောက်

**ဖလမ်း ဇွန် ၂၄**
ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမွမ်းမံရန်ပုံငွေဖြင့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့နယ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် ဖလမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တားလ်- လေးလက်ကျေးလက်လမ်းရေပြွန်ရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအား ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့်အဖွဲ့တို့သည် ဇွန် ၁၉ ရက်က မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ရေပြွန်ရှစ်စင်းတည်ဆောက်ပေးခြင်းအားဖြင့်ကျေးရွာပေါင်း ၁၅ ရွာရှိ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေးစသည့်ကိစ္စရပ်များအတွက် များစွာအကျိုးပြု၍ လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ငါ့သရောက် ဇွန် ၂၄**
ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့အမှတ်(၂)ဈေးကုန်း ရပ်ကွက်အတွင်းရှိ ရွှေမြင်တင်ဘုန်းတော်ကြီးကျောင်းဝင်းအနီး ကွင်းပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင်ကျွန်းပင် ၂၀၀၊ လျှော်ဖြူပင် ၂၀၀ နှင့် ဒဟတ်ပင် ၁၅၀ ၊ စုစုပေါင်း ၅၅၀ ပင်ကို ညောင်ဦးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင့်တင့်ဝေနှင့်အဖွဲ့ဝင်များ၊ ငါ့သရောက်မြို့နယ်ရှိဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက စုပေါင်းစိုက်ပျိုးခဲ့ရာ နံနက် ၉ နာရီတွင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင့်တင့်ဝေနှင့် အသင်းအဖွဲ့ဝင်များ၊ ငါ့သရောက်မြို့ရှိ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး စာရေးဝန်ထမ်းများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ရေကြောင်းရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းစေရေးကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဇွန် ၂၄**

ရေကြောင်းရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ ရေကြောင်းသွားလာပြည်သူများနှင့်ရေယာဉ်ငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး အကျိုးပြုလုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြန်မာ-ထိုင်းနယ်စပ်ဖြစ်သည့် ကော့သောင်းမြို့သည့် ပင်လယ်ဝန်းရံလျက် ရေလုပ်ငန်းဖြင့် အသက်မွေးမြူသူများ၊ နေ့စဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံ အပြန်အလှန်ကူးတို့လှေ(ပဲ့ချိတ်) စက်တပ်လှေငယ်များဖြင့် နယ်စပ်ပင်လယ်ပြင်ဖြတ်ကျော် ကူးသန်းရောင်းဝယ်သွားလာနေကြသည့် မြို့နေပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေး ရေယာဉ်မောင်းနှင်သူများအပါအဝင် ခရီးသွားပြည်သူများ အသက်ကယ်အင်္ကျီ (Life Jacket)များ ဝတ်ဆင်ကြရေး ကူးတို့ဆိပ်များ၌ အဆိုပါနေ့က ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာ့ပင်လယ်ပြင်အတွင်း အသက်မွေးမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ဒေသပြည်သူများ ယခုနှစ်မိုးရာသီကာလတွင် ကျရောက်လာနိုင်သည့်သဘာဝဘေးနှင့် မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များကြောင့် ရေလုပ်သား ပြည်သူများ၏ အသက်အန္တရာယ်နှင့် အသက်မွေးမှုလုပ်ငန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှု လျော့နည်းကျဆင်းရေးနှင့် ရေကြောင်းခရီးသွားပြည်သူများအား ပင်လယ်ပြင်အတွင်း ဘေးအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီကူညီပံ့ပိုးမှုများဆောင်ရွက်ပေးနိုင်ရေးရေကြောင်းရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့စု (ကော့သောင်း) မှ တပ်ဖွဲ့စုရေယာဉ်များဖြင့် အက်ဒမန်ပင်လယ်ပြင် နယ်နိမိတ်အပိုင်းအခြားအလိုက် မြန်မာ့ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး၊ နိုင်ငံပိုင်နက်ရေနယ်နိမိတ်နှင့် ပင်လယ်သယံဇာတ ကာကွယ်ရေး၊ ရေကြောင်းသွားဒေသပြည်သူများ၊ ရေလုပ်သားများ၏ ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ကင်းလှည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ပြန်/ဆက်)**

# ဆိပ်ဖြူ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေး

**ဆိပ်ဖြူ ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းရှိသင်တန်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အမှတ်(၂)တပ်ဖွဲ့စု ပခုက္ကူခရိုင် တာဝန်ခံ ရဲအုပ်လှိုင်မျိုးသန့်က လူကုန်ကူးခံရမှုအကြောင်းနှင့် လူကုန်ကူးမှုကျူးလွန်ပါကခံရမည့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ အမှတ်(၁၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တိုင်းဒေသကြီး ပခုက္ကူလုပ်ရှားအဖွဲ့ရဲတပ်ကြပ်ကြီး စိုးညွန့်အောင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းသိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များကို သင်တန်းသူများအားဖြန့်ဝေပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(မြိတ်) တွင် မူးယစ်ဆေးတိုက်ဖျက်ရေး အသိပညာပေး

**မြိတ် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မြိတ်) ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၂၀ အား ဇွန် ၂၁ ရက်က ဌာနဆိုင်ရာများမှ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် မြိတ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က အမှာစကားပြောကြားပြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဘဝင်းက မူးယစ်



ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ ရှောင်ကြဉ်ရမည့်အချက်များ၊ သိမှတ်ဖွယ်ရာများအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြိတ်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးစံသိန်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်းကိုလည်းကောင်း၊ အမှတ်(၇၆) ယာဉ်ထိန်းတပ်ဖွဲ့စု(မြိတ်)မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးကိုကိုက ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မြိတ်)မှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးသက်ဦးက နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို ပညာပေးဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ယာဉ်ကမ်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များနှင့် လူကုန်ကူးမှုမခံရစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ရေလုပ်သားတရားဝင်ကတ်များထုတ်ပေးမည်

**ရေး ဇွန် ၂၄**

မွန်ပြည်နယ် ရေးမြို့နယ် ဒေသအတွင်း ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်နေကြလျက်ရှိရာတွင် လာမည့်ပင်လယ်ငါးဖမ်းရာသီမှာ ရေလုပ်သားများအား တရားဝင်ဥပဒေများနဲ့အညီဖြစ်ရန် ဇွန်လနောက်ဆုံးပတ်တွင် ရေလုပ်သားကတ်များကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်

"အရင်က ရေလုပ်သားများကိုယ်တိုင် ဥပဒေနဲ့အညီ ငါးလုပ်ငန်းဦးစီးဌာနမှာ လာလျှောက်ရပါမယ်။ ရေလုပ်သားကတ်ရမှ လုပ်ငန်းရှင်တွေဆီမှာ သွားပြီးအလုပ်လုပ်ပိုင်ခွင့်ရမယ်။ ဒါပေမယ့် ရေလုပ်သားကတ်တွေကို ရေလုပ်သားတွေကိုယ်တိုင်က လာလုပ်ကြတာမရှိသလောက်မို့လုပ်ငန်းရှင်တွေဆီမှာ ရှိနေတဲ့ရေလုပ်သားများကို ကျေးရွာတွေအထိကွင်းဆင်းပြီး ရေလုပ်သားကတ်များ ပြုလုပ်ပေးသွားမယ်"ဟု မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။



ရေလုပ်သားကတ်မရှိစဉ်က ရေလုပ်သားများနှင့် လုပ်ငန်းရှင်များအကြား အငြင်းပွားမှုပြဿနာများက ပိုမိုဖြစ်ပေါ်စေပြီး ရေလုပ်သားကတ်ထုတ်ပေးပြီးနောက်ပိုင်းတွင် လုပ်ငန်းရှင်နဲ့ ရေလုပ်သားတွေ အငြင်းပွားမှု လျော့နည်းလာမည့်အပြင် ရေလုပ်သားများ၏ ရပိုင်ခွင့်တွေကိုလည်း ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ငါးဦးစီးမှူး ဦးဇော်မင်းဦးက ဆက်ပြောသည်။

ရေးမြို့နယ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် စာရင်းမှတ်တမ်းများအရ တရားဝင်ခွင့်ပြုလုပ်ပိုင်ခွင့်ရထားသော ပင်လယ်ပြင်ကမ်းနီးငါးဖမ်းစက်လှေအစင်း ၃၇၀ ၊ ကမ်းဝေးစက်လှေမှာ အစင်း ၂၀၀ ရှိပြီး ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီမှဝင်ရောက်လုပ်ကိုင်နေကြသော ရေလုပ်သားတရားဝင် ဦးရေမှာ ၅၁၀ ဦးက ဝင်ရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မိုးညှင်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

**မိုးညှင်း ဇွန် ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ဇွန် ၂၂ ရက်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်ရှိသူများလိုက်ပါလျက် မိုးညှင်းမြို့နယ်တောင်ပိုင်းဒေသများသို့ ကွင်းဆင်းစစ်ဆေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇင်အောင်နှင့်အဖွဲ့တို့သည် နန့်ပုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံသို့ ရောက်ရှိရာ ကျေးရွာပြည်သူလူထုများနှင့်တွေ့ဆုံပြီး အခြေခံပညာမူလွန်ကျောင်းတွင် လိုအပ်နေသောအမိုးပါးနှင့် ပေါက်ပြဲနေသော ကွန်ကရစ်ကြမ်းခင်းများ ပြန်လည်မွမ်းမံပြုလုပ်နိုင်ရန်အတွက်လည်းကောင်း နန့်ပုတ်ကျေးရွာမှ ပင်ရင်းလုကျေးရွာသို့ ဆက်သွယ်ထားသော ရွာအတွင်းမြောင်းကူးတံတားအလျားပေ ၂၀၊ အကျယ် ၉ ပေ၊ အမြင့် ၆ ပေရှိသော RCကွန်ကရစ်တံတား တည်ဆောက်နိုင်မှုအခြေအနေများကို ကြည့်ရှုကြသည်။

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ လုပ်ငန်းတစ်ခုလျှင် ငွေကျပ် သိန်း ၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာအတွင်း ရေကျော်တံတား အလျားပေ ၂၀ အကျယ် ၉ ပေရှိသော RC ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ရန်အတွက် အဆိုပါကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဆယ်မိုင်ရွာသစ်ကျေးရွာအတွင်း အလျား ၁၄ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၃ ပေနှင့် အလျား ၁၃ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၆ ပေစီရှိသော RCကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်နိုင်ရန်နှင့် အသစ်တည်ဆောက်ပြီးစီးခဲ့သော ကျန်းမာရေးဆေးပေးခန်းအဆောက်အအုံကိုဖွင့်လှစ်နိုင်ရေး၊ မော်ဟန်ရွာ လေးတန်ချောင်းကူးတံတား ကျောက်စီမြေထိမ်းနံရံတည်ဆောက်ရန်နှင့် မော်ဟန်-မော်ပင့်ကျေးရွာချင်းဆက်တံတားကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးတို့အတွက် ရန်ပုံငွေရရှိနိုင်ရေးနှင့် ပင်လုံ၊ မြိုင်သာယာနှင့် သာယာကုန်းကျေးရွာတို့တွင်လည်း ဒေသလိုအပ်ချက်များ ဖြည့်တင်းနိုင်ရေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နီတိုး**

# ဘားအံပြည်သူ့ဆေးရုံသို့ ရဲတပ်ဖွဲ့ဝင်များက (၁၃)ကြိမ်မြောက် သွေးလှူဒါန်း

**ဘားအံဇွန် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဘားအံမြို့ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်များက အရေးပေါ်လိုအပ်လာသောလူနာများ အဆင်ပြေစေရန် ရည်ရွယ်၍ (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဇွန် ၂၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းရာတွင် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင် ၂၀ ကို ဘားအံဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဒေါ်နှင်းမြိုင်ဦးဆောင်၍ ခေတ်ခွဲကျွမ်းကျင်ဝန်ထမ်းများက လိုအပ်သောဆေးစစ်မှုများ ပြုလုပ်ကြပြီး စုပေါင်းသွေးလှူဒါန်းခြင်းကို ဆောင်ရွက်ကြကြောင်း သိရသည်။



အဆိုပါ သွေးလှူဒါန်းနေမှုအား အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ရေးအရာရှိ ဒုတိယရဲမှူးမင်းကိုနှင့် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်၊ ဘားအံဆေးရုံအုပ်ဒေါက်တာသီတာစိုးတို့က သွားရောက်ကြည့်ရှုအားပေးကာ သွေးလှူရှင်တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ အချိုရည်၊ အားဆေးများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ယခုကဲ့သို့ လစဉ်ပုံမှန် စုပေါင်းသွေးလှူဒါန်းခဲ့ရာ စုစုပေါင်းသွေးလှူဒါန်းနိုင်မှု ၅၈၈ ပုလင်းကို ဘားအံမြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ပြည်သူ့အကျိုးပြု လှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဖေ့စ်ဘုတ်က ထောက်ပံ့ပေးလိုက်သော ဇော်ဂျီဖောင့်နှင့် ကွန်ပျူတာသုံးမြန်မာစာစနစ်တိုးတက်ရေး

ကွန်ပျူတာသုံးမြန်မာစာစနစ်ဖြစ်သည့် ယူနီကုတ်(Unicode)ကို အသုံးများလာရေးအတွက် ကွန်ပျူတာပညာရှင်အချို့နှင့် မြန်မာစာစနစ်ကို တိုးတက်စေလိုသော အင်တာနက်အသုံးပြုသူများက ကြိုးပမ်းလျက်ရှိသည်မှာ ကြာပြီဖြစ်သည်။ အင်တာနက်ကို စတင်အသုံးပြုခဲ့ကြသည့် ၂၀၀၀ ပြည့်နှစ်မှစ၍ ယနေ့အထိ အင်တာနက်သုံးသူအားလုံးနီးပါးက အသားကျစွာသုံးစွဲခဲ့ကြသော ဇော်ဂျီဖောင့်(Zawgyi Font)မှ ယူနီကုတ်ကို ပြောင်းသုံးကြရန် အသိပညာပေးခြင်း၊ ယူနီကုတ်၏ အကျိုးကျေးဇူးများကို ရှင်းပြခြင်း၊ ပြောင်းလဲလိုသူများအား လိုအပ်သော အကူအညီများပေးခြင်းတို့ကို ကွန်ပျူတာပညာရှင်အချို့ အပါအဝင် အင်တာနက်သုံးသူအချို့က ဆောင်ရွက်ခဲ့ကြကာ လက်ရှိအချိန်အထိလည်း ဆောင်ရွက်နေဆဲဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် ယူနီကုတ်ကို အသုံးပြုသူဦးရေ အနည်းငယ်တိုးတက်လာသည်။ ထို့အတူ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်ဖြစ်သည့် ယူနီကုတ်စံသတ်မှတ်ချက်ကို လိုက်နာထားသော ဖောင့်များကို နိုင်ငံတကာမှ နည်းပညာထုတ်ကုန်များတွင် သီးသန့်ထည့်သွင်းစရာမလိုဘဲ အလိုအလျောက်အသုံးပြုနိုင်အောင် ထည့်ပေးလာသောကြောင့်လည်း ယူနီကုတ်ကို အသုံးပြုသူဦးရေ ထပ်မံတိုးတက်လာသည်။

မိုက်ခရိုဆော့ဖ်နှင့် Apple တို့၏ Operating System များတွင် မြန်မာစာကို ထည့်သွင်းရန်မလိုဘဲ အသုံးပြုနိုင်ပြီဖြစ်သလို Open Source OS များတွင်လည်း ယူနီကုတ်များ ပါဝင်လာပြီဖြစ်သည်။ မိုဘိုင်း OS ဖြစ်သည့် အန်းဒရွိုက်တွင်လည်း ဗားရှင်း 4.4 နှင့် နောက်ပိုင်းမှစ၍ ယူနီကုတ်ထောက်ပံ့ပေးထားသလို Apple ၏ iPhone များတွင်လည်း ယခုဇွန်လဆန်းပိုင်းမှစ၍ ဘီတာဗားရှင်းအနေဖြင့် စမ်းသပ်ထည့်သွင်းပေးထားပြီးဖြစ်ကာ မကြာမီတွင် ပါဝင်လာတော့မည်ဖြစ်သည်။ အခြားနည်းပညာကုမ္ပဏီကြီးဖြစ်သည့် Google မှာမူ ယူနီကုတ်ကို ၎င်း၏ ထုတ်ကုန်အမျိုးမျိုးတွင် ထောက်ပံ့ပေးထားသည့်အပြင် ၎င်း၏ ဘာသာပြန်စနစ် (Google Translation)တွင် မြန်မာ-အင်္ဂလိပ်ဘာသာပြန်နိုင်သည့်အထိ ဖြစ်လာစေရန် မြန်မာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကမ္ဘာတွင်ရော မြန်မာနိုင်ငံတွင်ပါ လူသုံးအများဆုံး ဆိုရှယ်နက်ခ်ဝပ်ဖြစ်သည့် Facebook ကလည်း ယူနီကုတ်ကို ထောက်ပံ့ပေးထားပြီး ယူနီကုတ်စနစ်ပါသော ကွန်ပျူတာနှင့် ဖုန်းများတွင် ဖေ့စ်ဘုတ်တစ်ခုလုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည်။

သို့ရာတွင် ဖေ့စ်ဘုတ်သည် ယခုဇွန်လအတွင်း၌ ယူနီကုတ်အပြင် ဇော်ဂျီဖောင့်ကိုပါ ထောက်ပံ့ပေးလိုက်ရာ ယူနီကုတ်ကို မသုံးထားသော ကွန်ပျူတာနှင့်ဖုန်းများသည်လည်း ဖေ့စ်ဘုတ်ကို မြန်မာဘာသာဖြင့် ဖတ်ရှုအသုံးပြုနိုင်လာသည်။ ဇော်ဂျီဖောင့်သည် ယူနီကုတ်စံသတ်မှတ်ချက်များနှင့် မကိုက်ညီသောကြောင့် ကွန်ပျူတာသုံး မြန်မာစာစနစ်တိုးတက်စေရေးအတွက် အသုံးမပြုနိုင်သော ဖောင့်ဖြစ်သည်။ ရေးထားသော စာများကို အင်တာနက်ရှာဖွေရေးအင်ဂျင်များဖြင့် မှန်ကန်စွာပြန်လည်ရှာဖွေနိုင်ရန်၊ မြန်မာစာလုံးပေါင်းသတ်ပုံအတိုင်း မှန်ကန်စွာ အက္ခရာစဉ်နိုင်ရန်၊ Google ၏ ဘာသာပြန်စနစ်တွင် သုံးနိုင်ရန် စသည့်အကျိုးကျေးဇူးများကို ရရှိရန်အတွက် ယူနီကုတ်စံသတ်မှတ်ချက်ကို လိုက်နာထားသော ဖောင့်များ၊ (ဥပမာ- မြန်မာ-၃၊ ပြည်ထောင်စု စသည်ဖြင့်)ကိုသာ အသုံးပြုရမည်ဖြစ်သည်။

မိုက်ခရိုဆော့ဖ်၊ ဂူဂဲလ်နှင့် Apple တို့ အပါအဝင် နိုင်ငံတကာနည်းပညာကုမ္ပဏီကြီးများနှင့် ဝက်ဘ်ဆိုက်ကြီးများ၊ မိုဘိုင်းဖုန်းထုတ်လုပ်သူများက ယူနီကုတ်ကို ထောက်ပံ့ပေးနေချိန်တွင် မြန်မာနိုင်ငံမှ အင်တာနက်အသုံးပြုသူများ အများဆုံး အသုံးပြုနေကြသည့် ဝက်ဘ်ဆိုက်ကြီးတစ်ခုဖြစ်သော ဖေ့စ်ဘုတ်က ယူနီကုတ်အပြင် ဇော်ဂျီကိုပါ ထောက်ပံ့ပေးလိုက်ခြင်းကြောင့် ကွန်ပျူတာသုံး မြန်မာစနစ်တိုးတက်လာရေးအတွက် အနှောင့်အယှက်ဖြစ်စေကြောင်း ဝေဖန်မှုများ ရှိလာခဲ့သည်။


"မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေက ယူနီကုတ်သုံးဖို့ကို ပညာပေးနေရတဲ့ အခြေအနေလို့ ပြောလို့ရတယ်။ အင်တာနက်သုံးနေတဲ့ လူအများစုက ယူနီကုတ်ရဲ့ အကျိုးကျေးဇူးကို မသိကြသေးသလို သိပြီးတဲ့လူတွေကလည်း လူအများသုံးနေတဲ့ ဇော်ဂျီကနေ ရုတ်တရက်ပြောင်းသုံးဖို့ ဝန်လေးနေတုန်းပဲ။ အစိုးရဝန်ကြီးဌာနဝက်ဘ်ဆိုက်တချို့ကအစ ဇော်ဂျီတစ်မျိုးတည်းသုံးနေသလို နာမည်ကြီး မီဒီယာတွေရဲ့ဝက်ဘ်ဆိုက်တွေမှာလည်း ဇော်ဂျီတစ်မျိုးတည်းသုံးနေကြတယ်။ ဒီလိုယူနီကုတ်သုံးဖို့ ကြိုးစားလုပ်နေရတဲ့ အခြေအနေမှာ ဖေ့စ်ဘုတ်က အခုလို ဇော်ဂျီကိုပါ Support ပေးလိုက်တော့ ယူနီကုတ်ရဲ့ အားသာချက်တွေကို မသိသေးတဲ့လူတွေအတွက် ဇော်ဂျီကလည်း ယူနီကုတ်လိုပဲ ဖေ့စ်ဘုတ်ကို မြန်မာလိုသုံးလို့ရပါတယ်လို့ ထင်သွားစေနိုင်တယ်"ဟု ယူနီကုတ်အသုံးပြုရေး တတ်နိုင်သမျှ ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ကွန်ပျူတာသုံးမြန်မာစာစနစ်တိုးတက်လာရေးအတွက် ယူနီကုတ်ကို မဖြစ်မနေပြောင်းလဲအသုံးပြုရမည်ဖြစ်ကြောင်း၊ အက္ခရာစဉ်ခြင်း၊ စာလုံးပေါင်းသတ်ပုံစစ်ခြင်း၊ ဘာသာပြန်ခြင်း စသည်တို့အတွက် ယူနီကုတ်ကို အသုံးပြုရမည်ဖြစ်သည့်အပြင် ပို၍အရေးကြီးသောအချက်မှာ တိုင်းရင်းသား ဘာသာစကားများဖြစ်ကြောင်း၊ ဇော်ဂျီအနေဖြင့် ယူနီကုတ်သတ်မှတ်ချက်အရ တိုင်းရင်းသားဘာသာစကားများအတွက် သတ်မှတ်ပေးထားသော နေရာများကိုပါ ယူသုံးထားသည့်အတွက် ဇော်ဂျီကို အသုံးပြုနေသမျှ တိုင်းရင်းသားဘာသာစကားများကို မှန်ကန်စွာ သုံးနိုင်မည်မဟုတ်သောကြောင့် မြန်မာစာအပြင် တိုင်းရင်းသားစာပေများပါ မှန်ကန်လာရန်အတွက် ယူနီကုတ်ကိုသာ အသုံးပြုရန် လိုအပ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ယူနီကုတ်တွင် ထိုသို့သော အကျိုးကျေးဇူးများရှိနေသော်လည်း ပြည်တွင်းမှ အင်တာနက်သုံးသူအများစုက လက်ရှိအသုံးပြုနေသည်မှာ ဇော်ဂျီသာဖြစ်သည်။ မှန်ကန်သော ယူနီကုတ်စနစ်ကို အခမဲ့မရနိုင်သေးသည့် ၂၀၀၀ ပြည့်နှစ်လွန်ချိန်တွင် အင်တာနက်အသုံးပြုသူများ လွယ်လွယ်ကူကူအသုံးပြုနိုင်ရေးအတွက် ပေါ်ပေါက်လာခဲ့သော ဇော်ဂျီဖောင့်သည် ယနေ့အချိန်အထိလည်း လူအများစုအတွက် အသုံးဝင်နေဆဲဖြစ်သည်။ အင်တာနက်ကို ဖေ့စ်ဘုတ်ကြည့်ရန်နှင့် Viber သုံးရန်အတွက်သာ အသုံးပြုနေသော ကျေးလက်ဒေသနေ ပြည်သူအများအပြားနှင့် မြို့ပေါ်တွင်နေသော်လည်း နည်းပညာနှင့် အလှမ်းဝေးနေသူများအတွက် တစ်ဦးနှင့်တစ်ဦး စာပို့ဆက်သွယ်ရုံလိုအပ်ချက်ကို ဇော်ဂျီက ဖြည့်ဆည်းပေးနိုင်ဆဲဖြစ်သည်။ ထို့ကြောင့် လက်ရှိအသုံးပြုနေသော ဇော်ဂျီမှ ယူနီကုတ်သို့ ပြောင်းသုံးရန်မှာလည်း လူအများစုက စိတ်ဝင်စားမှုနည်းနေဆဲဖြစ်သည်။

ဤအခြေအနေမျိုးတွင် ဖေ့စ်ဘုတ်ကပါ ဇော်ဂျီကို ထောက်ပံ့ပေးလိုက်ခြင်းကြောင့် ယူနီကုတ်အသုံးပြုသူများလာရေး ကြိုးပမ်းနေကြသူများအနေဖြင့် အသိပညာပေးမှုများကို ပို၍အားစိုက်ကာ လုပ်ကြရတော့မည်ဖြစ်သည်။ ထို့အတူ ယူနီကုတ်ကို ပြောင်းလဲအသုံးပြုလိုသူများအား နည်းပညာဆိုင်ရာ အဆင်မပြေမှုများတွင် ကူညီဖြေရှင်းပေးနေမှုများကို ပို၍လုပ်ပေးကြရန် လိုအပ်လာကာ ဖြစ်နိုင်လျှင်မူ နိုင်ငံတော်အစိုးရထံ တင်ပြကာ လိုအပ်သည့် အကူအညီများကိုပါ ရယူ၍ ဆောင်ရွက်သင့်သလို နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကွန်ပျူတာပညာရှင်များဖြင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည့် အကူအညီများပေးပါက ကွန်ပျူတာသုံး မြန်မာစာအဆင့်အတန်း မြင့်မားလာအောင် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပေသည်။

**သူရဖြိုး**



ဇော်ဂျီဖောင့်ကို သုံးထားသော Browser တွင် ဖေ့စ်ဘုတ်ကို ဇော်ဂျီဖောင့်ဖြင့် ဖွင့်ထားစဉ်

# အန်းဒရွိုက်ဖုန်းများအတွက် အသုံးဝင်မယ့်အရာ

**ရန်ကုန် ဇွန် ၂၄**

ဖုန်းတစ်လုံးမှာလုပ်ဆောင်ချက်တော်တော်များများကို Tool box တစ်ခုတည်းကနေ ဖန်တီးခွင့်ရှိနိုင်ပါတယ်။ စာရေးသူတို့နေ့စဉ်ဘဝထဲမှာ အလေးချိန်အခေါ်အဝေါ်တွေ၊ ကြိမ်နှုန်းတွေကို အလွယ်တကူပြောင်းလဲကြည့်ရှုနိုင်သလို ကမ္ဘာပေါ်က အရာဝတ္ထုတွေကို satellite ကနေ သရီးဒီနဲ့ ဝင်ကြည့်နိုင်သေးပါတယ်။ နှလုံးခုန်သံတိုင်းနိုင်သလို မှန်အဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ မှန်ဘီလူး တစ်ခု၊ ပေတံတစ်ချောင်း ဒါမှမဟုတ် ဓာတ်မီးအနေနဲ့လည်း အသုံးပြုနိုင်တာကြောင့်အန်းဒရွိုက်ဖုန်းသုံးသူတိုင်း လုပ်ဆောင်ချက် ၃၅ ခုကို ရရှိနိုင်မယ့်အပ်ကလီကေးရှင်းလေးကိုဒေါင်းလုပ်ဆွဲပြီး မိမိဖုန်းအတွင်း ထည့်သွင်းသင့်တယ်လို့အကြံပြုပါရစေ။ ဒေါင်းလုပ်ဆွဲချင်တယ်ဆိုရင်တော့ http://play.google.com/store/apps ထဲက Smart Tools ကို ဝင်ရောက်ရယူနိုင်ပါပြီ။

**သွန်းဝဿန်**




# ဇွန် ၂၅ ရက်တွင် ရောင်းချပေးမည့် ဟွာဝေလ်း P9 အား အခမဲ့စမ်းသပ်ရန် ကံစမ်းနိုင်

**ရန်ကုန် ဇွန် ၂၄**

ဟွာဝေလ်းမှ အသစ်ထွက်ရှိသည့် Huawei P9 အား စမ်းသပ်အသုံးပြုခြင်းအစီအစဉ်သစ်ကို ယခုအပတ်တွင်း စတင်မည်ဖြစ်ပြီး ဇွန် ၂၈ ရက်နောက်ဆုံးထားကာ Huawei Mobile Myanmar ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်အမည်၊ နေရပ်နှင့်ဖုန်းနံပါတ်များ ဖြည့်စွက်ကာ Message ပေးပို့ကံစမ်းနိုင်ကြောင်း သိရသည်။

ရွေးချယ်ခံရသူများကိုဆက်သွယ်ကာဖုန်းအသစ်အား တစ်လတိတိအခမဲ့သုံးစွဲခွင့်များ ပေးအပ်သွားမည်ဖြစ်ပြီး ယင်း P9 ဖုန်းကိုဇွန် ၂၆ ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

Huawei P9 သည် FHD 96 ရာခိုင်နှုန်း ကာလာစနစ်ဖြစ်ပြီး ကြည်လင်ပြတ်သားမှုအတွက်အလွန်ပင်ဦးစားပေး ထုတ်လုပ်ထားသည်ဟု ဖန်တီးသူများက ကြွေးကြော်ထားပြီး ဇွန် ၂၅ ရက်တွင် ရန်ကုန် Junction Square နှင့် မန္တလေးမြို့ Skywalk Plaza တို့တွင်ရောင်းချပေးမည်ဖြစ်ပြီး ပထမဆုံးဝယ်ယူသူတစ်ဦးစီကို ငွေကျပ် ၅၅၉၀၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝဿန်**



# ဖုန်းထဲကဖျက်တဲ့အရာတွေ ပြန်ခေါ်ကြမယ်

**ရန်ကုန် ဇွန် ၂၄**

အန်းဒရွိုက်ဖုန်းဖြစ်ဖြစ် tablet ကိုင်သူတွေဖြစ်ဖြစ် မကြာမကြာကြုံရတဲ့အခက်အခဲကပျက်သွားတဲ့သီချင်းတွေ၊ ဗီဒီယိုတွေ ဓာတ်ပုံတွေကိုစ္စဖြစ်ပါတယ်။ ကွန်ပျူတာသုံးသူတွေကအများအားဖြင့် recovery software ထည့်ထားတတ်ကြပေမယ့် ဖုန်းသုံးသူတွေကတော့ထည့်လေ့မရှိပါဘူး။ အင်တာနက်အသုံးပြုမှု ပိုမိုမြန်ဆန်အားကောင်းလာတဲ့အခါ ဆိုင်ကထည့်ပေးမှအပ်ပလီကေးရှင်းတွေ၊ ဆော့ဖ်ဝဲလ်တွေကို သုံးရတာမဟုတ်တော့ပဲ ကိုယ်ပိုင်ရှာဖွေဖော်ထုတ်လာတတ်ကြပါတယ်။ အသုံးမတတ်ရင်ဖုန်းထဲမှာရှိတဲ့ ကိုယ့်အမှတ်တရတွေပျက်သွားတတ်တာကို ကြိုရှောင်ဖို့အတွက် Dumpster Image & Vedio Restore premium ဗားရှင်းအသစ်ကို အသုံးပြုနိုင်ပါတယ်။ ဓာတ်ပုံ၊ စာ၊ သတင်းဖိုင်နဲ့ဗီဒီယိုဖိုင်တွေအပြင် pdf,zip,pptjpg,rarpwm တွေအားလုံးကိုလည်း ပြန်ရှာတွေ့နိုင်တာမို့ http://www75.zippshart.com မှာ ဝင်ရောက်ရယူနိုင်ပါတယ်။

**သွန်းဝဿန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ မုံရွာခရိုင်၊ အရာတော်(၂)၊ မြစ်ရေတင်စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**

၁။ အုတ်(ပထမတန်းစား)

၂။ ခွဲကျောက်(ချီပင်)

၃။ တောသဲ

၄။ ကျောက်ကြီး(၆"-၉")

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၂-၇-၂၀၁၆

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ အရာတော်(၂) စီမံကိန်းရုံးတွင် ကြော်ငြာပါသည့် နေ့ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၉-၆၄၅၀၅၉၆**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းခရိုင်အတွင်း မက်မန်းမြို့နယ်နှင့် လမ်းအထူးအဖွဲ့(၃)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော အုတ်၊ သဲ၊ ခွဲကျောက်ရွယ်စုံ၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံ၊ သစ်ခွဲသားစသည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းပေးသွင်းလိုသူများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၆ ရက်

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊မက်မန်းခရိုင်၊ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့၊
- ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန) မက်မန်းခရိုင်၊ နောက်တန်းရုံး၊ မိုင်းပျဉ်းမြို့

၄။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၇-၂၀၁၆ ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၇-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ

၆။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မက်မန်းမြို့

၇။ အသေးစိတ်သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းခရိုင် [ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့] ဖုန်း-၀၉-၅၀၄၁၄၉၄၊ ၀၉-၂၅၀၄၇၇၁၂၄၊ ၀၉-၄၉၀၄၀၁၀၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မက်မန်းခရိုင်**

### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)
### ပင်လုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)၊ ပင်လုံတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်-

(1) Laboratory Equipment (၃၈) မျိုး

(2) Machinery and Equipment (၁) မျိုး

(3) Office Equipment (၁) မျိုး

(4) Furniture (၁၀) မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၆-၂၀၁၆ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ပစ္စည်းဝယ်ယူရေးကော်မတီ ပင်လုံတက္ကသိုလ်၊ ပင်လုံမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၈၁-၃၀၀၄၅၅၊ ၀၈၁-၃၀၀၄၅၄၊ ၀၈၁-၃၀၀၂၄၂ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ပင်လုံတက္ကသိုလ်**
**ပင်လုံမြို့**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် ကျေးလက်မီးလင်းရေးအထောက်အကူပြု ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်း(၂၄)ခုအား Lot ၈ ခုခွဲ၍ Lot တစ်ခုချင်းအလိုက် Turn Key စနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| (က) | ၁၁ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၂၃ လိုင်း |
| (ခ) | ၃၃ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း | ၁ လိုင်း |
| (ဂ) | ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း | ၁၃၄ ရုံ |
| (ဃ) | ၃၃/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း | ၁ ရုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၀-၈-၂၀၁၆ ရက် ၁၀း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၁၅-၁၁-၂၀၁၆ရက်နှင့် ၁၅-၅-၂၀၁၇ရက်တို့တွင်ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ် သင်တန်းနှင့် ၁၅-၁၁-၂၀၁၆ရက်တွင် ဖွင့်လှစ်မည့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ် သင်တန်းသို့တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူဖြစ်ရမည်၊ (၂၀၁၆ခုနှစ်မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၆ခုနှစ် မတ်လတွင် အောင်မြင်သူများ လျှောက်ထားခြင်းမပြုရ။)

(ဂ) လျှောက်လွှာပိတ်သည့် ၂၂-၇-၂၀၁၆ရက်တွင် အသက် ၂၅နှစ်ထက်မကြီးရ၊ (အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)၊

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်၊

(စ) အနည်းဆုံး အရပ်(၅ပေ)ရှိရမည်၊

(ဆ) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိရ၊ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်၊

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်၊

(ဈ) သင်တန်းအောင်မြင်ပြီးပါက အမှတ်ဖြင့် ရွေးချယ်ပြီးတက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အထူးကိစ္စဖြင့် တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ည) သင်တန်းတက်ရောက်စဉ် သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီးပါက အမှတ်ဖြင့်ရွေးချယ်ပြီး တက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ အထူးကိစ္စဖြင့်တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ် သင်တန်းအတွက် (၈၀၀၀၀၀ိ/-) (ကျပ်ရှစ်သိန်းတိတိ) ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းအတွက် (၃၀၀၀၀၀ိ/-) (ကျပ်သုံးသိန်းတိတိ) ပေးလျော်နိုင်သူဖြစ်ရမည်။

၂။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို (မည်သည့်တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်မဆို)ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိ၏ အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့သာလိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၂-၇-၂၀၁၆ ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

**(နေပြည်တော်၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာနသို့ လိပ်မူ၍ (လုံးဝ)လျှောက်ထားခြင်းမပြုရ)**

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်-

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ် (မိတ္တူ)တစ်စောင်၊

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ရမှတ်စာရင်း (မူရင်း)တစ်စောင်၊

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)တစ်စောင်၊

၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ(မူရင်း)တစ်စောင်၊

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း)တစ်စောင်၊

၆။ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာ ခရိုင်/မြို့နယ်၊ ကုသရေးဦးစီးဌာနမှူး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး/ဆေးရုံအုပ်၏ ဆေးထောက်ခံစာ (မူရင်း)တစ်စောင်၊

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှနုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ထောက်ခံစာ (မူရင်း)တစ်စောင်၊

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံတစ်ပုံကပ်ပြီး၊ ဓာတ်ပုံနှစ်ပုံကို ပူးတွဲပေးပို့ရမည်။ (ခြောက်လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ မိဘအမည်၊ နေရပ်များ ရေးရမည်။)

**(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ်၊ရာထူးတံဆိပ်တုံး၊ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)**

၃။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)

၄။ အောက်ပါအချက်များနှင့် ငြိစွန်းသည့် လျှောက်လွှာကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ -

(က) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့်လျှောက်လွှာများ၊

(ခ) သတ်မှတ်ချက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနလိပ်မူ၍ တိုက်ရိုက်ပို့သည့် လျှောက်လွှာများ၊

(ဃ) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ။

၅။ **သင်တန်းတက်ခွင့်ရ အမည်စာရင်းများ ကြေညာခြင်း။**

၂၀၁၆ ခုနှစ် အောက်တိုဘာလ (ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(ဂ) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများ။

**(မှတ်ချက်။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး နှစ်ပတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)**

၆။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ သူနာပြု/သားဖွားသင်တန်းကျောင်း၊

(ဂ) နေပြည်တော်၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန (သူနာပြုဌာန) ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ ၈၁၈။

**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**

## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ကြိုးပမ်းဆောင်ရွက်ချက်များ

၁။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)သည် နိုင်ငံပိုင်ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုဖြစ်၍ နိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (၁၉၉၀)အရ ပြည်တွင်းဘဏ်လုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးရန်အတွက် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် တည်ထောင်ခဲ့ပါသည်။ နိုင်ငံတော်အတွင်း ငွေကြေးအရင်းအမြစ်များကိုစုစည်းပြီး ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းဖြင့် (၂၆)နှစ်တာ ကာလအတွင်း ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အမြတ်ဝင်ငွေများရရှိခဲ့သဖြင့် နိုင်ငံတော်အတွက် ဝင်ငွေခွန်များတိုးမြှင့်ထမ်းဆောင်နိုင်ခြင်း၊ ထည့်ဝင်ငွေများ နှစ်စဉ်တိုးမြှင့်ထည့်ဝင်ခြင်း ဆောင်ရွက်ပေးနိုင်ပြီး စာရင်းပိုင်ရှင်ပြည်သူများအတွက်လည်း တိုးတက်ပြောင်းလဲသော နိုင်ငံတကာဘဏ်လုပ်ငန်းများနှင့်အညီ ဝန်ဆောင်မှုအသစ်များကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၂။ MICB သည် တိုးတက်ပြောင်းလဲလျက်ရှိသော စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍများနှင့်အညီ ပုဂ္ဂလိက ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအား ထိရောက်လျင်မြန်သော ဘဏ်ဝန်ဆောင်မှုများပေး၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွင်း Over-the-Counter စနစ်ဖြင့် ငွေထုတ်ကောင်တာတွင် ချက်ချင်းငွေထုတ်ပေးခြင်း၊ On-Line Banking System များအား အဆင့်မြှင့်တင်၍ ဆောင်ရွက်ခြင်း၊ ပြည်တွင်းဘဏ်လုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းဌာနအသီးသီးရှိ အရာထမ်းများ၏ ဆောင်ရွက်နိုင်ခွင့်ရှိသည့် ပမာဏများတိုးမြှင့်သတ်မှတ်ပေးခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာ ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်းနှင့် ငွေပေးချေခြင်းကိစ္စရပ်များတွင် စာရွက်စာတမ်းလိုအပ်ချက်များအား ဖြေလျှော့ပေးခြင်း၊ ငွေစုဆောင်းသူများ စာရင်းသို့ အတိုးနှုန်း တစ်နှစ်လျှင် (၈%)ဖြင့် တစ်နှစ်လျှင်တစ်ကြိမ် အတိုးထည့်သွင်းပေးခဲ့ခြင်းအစား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ် စက်တင်ဘာလနှင့် မတ်လ စာရင်းပိတ်ပြီးချိန်တွင် အတိုးထည့်သွင်းပေးနိုင်ခဲ့ပါသည်။

၃။ ထို့အပြင် ဘဏ်ဝန်ဆောင်မှုအသစ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အောက်ပါအတိုင်း လက်ရှိဝန်ဆောင်မှုပေးလျက်ရှိပါသည်-

(က) စာရင်းပြောင်းခြင်း၊ ငွေသားပေးသွင်းခြင်း၊ ချက်လက်မှတ်ဖြင့်ငွေသားထုတ်ပေးခြင်း၊ ငွေပေးအမိန့်လွှာ ထုတ်ပေးခြင်းတို့၏ ပျမ်းမျှအရေအတွက်သည် နေ့စဉ်တိုးတက်လျက်ရှိရာ ဘဏ်အရာထမ်းအသီးသီးသို့ ဆောင်ရွက်နိုင်ခွင့်ရှိသည့် ပမာဏများ ထပ်မံတိုးမြှင့်သတ်မှတ်ခြင်း၊ Electronic Queuing System အသုံးပြု၍ ကောင်တာတွင် ပြီးပြတ်အောင်ဆောင်ရွက်ခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များဆောင်ရွက်ပေးနိုင်ရန် ဘဏ်အရာထမ်း၊ ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းများသို့ တက်ရောက်စေခြင်း။

(ခ) ပြည်သူများ၏ ငွေစုဆောင်းမှု ပိုမိုတိုးမြင့်လာစေရန်ရည်ရွယ်၍ ငွေစုဘဏ်အပ်ငွေအတိုးနှုန်း တစ်နှစ်လျှင်(၈%)ဖြင့် တစ်နှစ်လျှင် (၂)ကြိမ် အတိုးထည့်ပေးခြင်းအစား (၃)လ တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် (၄)ကြိမ်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ဇွန်လ၊ စက်တင်ဘာလ၊ ဒီဇင်ဘာလ၊ မတ်လ စာရင်းပိတ်ပြီးချိန်တွင် အတိုးထည့်သွင်းပေးခြင်း၊

(ဂ) ငွေဖြစ်လွယ်၍ စီမံခန့်ခွဲနိုင်သော နိုင်ငံခြားငွေ(ငွေမာငွေကြေး)အား အာမခံရယူ၍ ကျပ်ငွေထုတ်ချေးသည့်လုပ်ငန်း (Bilateral Interbank Lending) အား ဘဏ်၏စီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များဖြင့် ရွေးချယ်သတ်မှတ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက် (Guidelines)များနှင့်အညီ မြန်မာကျပ်ငွေ ထုတ်ချေးခြင်း၊

(ဃ) ဘဏ်မှ စံနှုန်းသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ညီညွတ်သော ကုမ္ပဏီလုပ်ငန်းရှင်၏ ကျပ်ငွေဖြင့် ချေးငွေအပေါ်အခြေခံသည့် သွင်းကုန်ငွေလွှဲစာတမ်းကို Margin လျှော့ယူခြင်းနှင့် ပို့ကုန်လုပ်ငန်းတွင် ပစ္စည်းတင်ပို့ပြီးသည်နှင့် ပို့ကုန်ငွေလွှဲစာတမ်းအောက်မှ ငွေကြိုတင်ထုတ်ပေးခြင်းဆိုင်ရာ ကုန်သွယ်မှုချေးငွေလုပ်ငန်း (Trade Financing)ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။

၄။ MICB သည် နိုင်ငံပိုင် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတော်မှချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများမှ ဝေဖန်အကြံပြုချက်များကိုလည်း အစဉ်နားစွင့်လျက် ပြည်သူများ၏ လိုအပ်ချက်များနှင့်အညီ ပြည်သူ့အကျိုးပြုမြန်ဆန်သည့် ဝန်ဆောင်မှုများဖြင့် အောင်မြင်မှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြပါသည်။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**
**အမှတ် ၁၇၀-၁၇၆၊**
**ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## CLAIMS DAY NOTICE
## M.V GOLDEN FAN VOY: NO (172)

Consignees of cargo carried by M.V GOLDEN FAN VOY: NO (172) are here by notified that the vessel will arrive on about 26-6-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00) AM to (11:20) AM and (12:00) NOON to (4:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၆၉၁၆၆ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ ဦးမြအေး ၁၄/မအပ(နိုင်)၀၂၅၀၁၉က (ကမ-၃)ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

## နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများသို့ ကုန်စည်များ တင်သွင်းခွင့်တင်ဒါအောင်မြင်သူများသို့ အသိပေးနှိုးဆော်ချက်

* နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများအနေဖြင့် ဝယ်ယူအသုံးပြုလိုသည့် ကုန်စည်များ (ယာဉ်နှင့်ပစ္စည်းအမျိုးမျိုး) အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိပါသည်။
* နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများနေဖြင့် ဝယ်ယူအသုံးပြုလိုသည့် ကုန်စည်များအတွက် တင်ဒါအောင်မြင်သူသို့ငွေပေးချေရာတွင် -
  - ပေးချေငွေမှပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်ကို သတ်မှတ်ရာခိုင်နှုန်းများအတိုင်း နုတ်ယူပြီး တင်ဒါအောင်မြင်သူအမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းမည်ဖြစ်ပါသည်။
  - ဝယ်ယူသော ကုန်စည်သည် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရရှိသည့် ကုန်စည်မဟုတ်လျှင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင် ပြီးမပြီး စိစစ်ပြီးမှ ပေးချေငွေကို အပြေအကျေပေးချေမည်ဖြစ်ပါသည်။
* ပေးဆောင်ရသည့်ဝင်ငွေခွန်ကို နှစ်ကြိမ်ပေးဆောင်ရခြင်းမရှိစေရန်နှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ပေးဆောင်ခွင့်ရရှိစေရန်အတွက် အသိပေးနှိုးဆော်ရခြင်းဖြစ်ပါသည်။
* ဝင်ငွေခွန်နှစ်ကြိမ် ပေးဆောင်ရခြင်းမရှိစေရေး။ တင်ဒါအောင်မြင်သူသည် ပေးသွင်းရမည့်ကုန်စည်ကို ပြည်ပမှ ကိုယ်တိုင်တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့်ကုန်စည်၏ ဆိပ်ကမ်းရောက်တန်ဖိုး (CIF Value) အပေါ် ပေးဆောင်ရမည့်ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ရရှိရေးအတွက် တင်ဒါအောင်မြင်သူက အောက်ပါအကြောင်းကြားစာကို ပူးတွဲလျက်ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ပါသည်-
  - ပေးချေငွေအပေါ်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းမည်ဖြစ်ပါသဖြင့် ဝယ်ယူသည့် ကုန်စည်များ ပြည်ပမှ တင်သွင်းခြင်းအပေါ် ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် သက်ဆိုင်ရာအဖွဲ့အစည်း၊ လုပ်ငန်းဌာန၏ထောက်ခံချက်။
* ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ပေးဆောင်ခွင့်ရှိရေး။ တင်ဒါအောင်မြင်သူက ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနသို့ တင်ဒါပါကုန်စည်များ ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါကုန်စည်ကို ပြည်ပမှ ကိုယ်တိုင်တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးသွင်းခြင်းကို ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနမှ လက်ခံပေးရေး အကြောင်းကြားပေးရန် တင်ဒါအောင်မြင်သူက အောက်ပါအထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ပါသည်-
  - သွင်းကုန်ကြေညာလွှာ မိတ္တူ၊
  - ပတခ(ကသခ)-၃၂ ပုံစံ မိတ္တူ၊
  - ဝယ်ယူသည့် ကုန်စည်များအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ပြည်ပမှ တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးဆောင်ခွင့် တောင်းခံချက်အပေါ် လိုအပ်သလို စိစစ်ပေးနိုင်ပါရန် အဖွဲ့အစည်း၊ လုပ်ငန်းဌာန၏ညှိနှိုင်းစာ။
* ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ပြည့်စုံစွာ ကပ်နှိပ်ထားပြီးဖြစ်သည့် တင်ဒါစာချုပ်မိတ္တူ၊
* ပူးတွဲတင်ပြထားသည့် အထောက်အထားမိတ္တူများကို မှန်ကန်မှုရှိမရှိ စိစစ်နိုင်ရန်အတွက် မူရင်းများကို ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲထံ ကြိုတင်ပြသလျက် ဖော်ပြပါလျှောက်ထားစာများကို တင်သွင်းနိုင်ပါသည်။
* အထောက်အထားများ ပြည့်စုံမှန်ကန်စွာ လျှောက်ထားလာသည့်ကိစ္စရပ်များအတွက် လျင်မြန်သည့် ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
* နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများနှင့်ဆောင်ရွက်ရသည့်လုပ်ငန်းအမျိုးမျိုးနှင့် စပ်လျဉ်း၍ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဆိုင်ရာ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စများ၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန် အကြံပြုလိုသည့်ကိစ္စများ၊ မရှင်းလင်းသည့်ကိစ္စများရှိပါက အောက်ဖော်ပြပါဌာနခွဲ ညွှန်ကြားရေးမှူးများထံ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-
  - **ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၄**
  - **ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများမှ ရယူလိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးဆောင်ရွက်ခွင့် တင်ဒါအောင်မြင်သူများသို့ အသိပေးနှိုးဆော်ချက်

* နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများအနေဖြင့် ရယူလိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူလျက်ရှိပါသည်။
* နိုင်ငံတော်အဖွဲ့အစည်းများ လုပ်ငန်းဌာနများအနေဖြင့် ရယူမည့်ဝန်ဆောင်မှု လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သူသို့ ငွေပေးချေရာတွင် -
  - ပေးချေငွေမှ ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်ကို သတ်မှတ်ရာခိုင်နှုန်းများအတိုင်း နုတ်ယူပြီး တင်ဒါအောင်မြင်သူအမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းမည်ဖြစ်ပါသည်။
  - ရယူသော ဝန်ဆောင်မှုလုပ်ငန်းသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား မဟုတ်လျှင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကိုပေးဆောင် ပြီးမပြီး စိစစ်ပြီးမှ ပေးချေငွေကို အပြေအကျေပေးချေမည်ဖြစ်ပါသည်။
* တင်ဒါအောင်မြင်သူအနေဖြင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာတွင် ဥပဒေ၊ စည်းမျဉ်း ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ပေးဆောင်ခွင့်ရရှိစေရန်အတွက် အသိပေးနှိုးဆော်ရခြင်းဖြစ်ပါသည်။
* ဆိုင်ရာအဖွဲ့အစည်း၊ လုပ်ငန်းဌာနက ရယူသည့်ဝန်ဆောင်မှုလုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ဝယ်ယူခဲ့သည့် ကုန်စည်များ၊ ရယူခဲ့ရသည့် ဝန်ဆောင်မှုများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပေးသွင်းခြင်းအား ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနမှ လက်ခံပေးရေးအကြောင်းကြားပေးရန် တင်ဒါအောင်မြင်သူက အောက်ပါအထောက်အထားများကို ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ပါသည်-
  - ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ပြည့်စုံစွာ ကပ်နှိပ်ထားပြီးဖြစ်သည့် တင်ဒါစာချုပ် မိတ္တူ၊
  - ပတခ(ကသခ)-၃၁ သို့မဟုတ် ပတခ(ကသခ)-၃၂ ပုံစံမိတ္တူ
  - ပတခ(ကသခ)-၃၃ ပုံစံမိတ္တူ
  - ရယူသည့်ဝန်ဆောင်မှုလုပ်ငန်းအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ဝယ်ယူခဲ့သည့် ကုန်စည်များ၊ ရယူခဲ့ရသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးဆောင်ခွင့် တောင်းခံချက်အပေါ် လိုအပ်သလို စိစစ်ပေးနိုင်ပါရန် အဖွဲ့အစည်း လုပ်ငန်းဌာန၏ ညှိနှိုင်းစာ။
* ပူးတွဲတင်ပြထားသည့် အထောက်အထားမိတ္တူများကို မှန်ကန်မှုရှိမရှိ စိစစ်နိုင်ရန်အတွက် မူရင်းများကို ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲထံ ကြိုတင်ပြသလျက် ဖော်ပြပါလျှောက်ထားစာများကို တင်သွင်းနိုင်ပါသည်။
* အထောက်အထားများ ပြည့်စုံမှန်ကန်စွာ လျှောက်ထားလာသည့်ကိစ္စရပ်များအတွက် လျင်မြန်သည့် ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
* နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းအမျိုးမျိုးနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဆိုင်ရာ ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ပေးစေလိုသည့် ကိစ္စများ၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန် အကြံပြုလိုသည့်ကိစ္စများ၊ မရှင်းလင်းသည့်ကိစ္စများရှိပါက အောက်ဖော်ပြပါဌာနခွဲ ညွှန်ကြားရေးမှူးများထံ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-
  - **ညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၄**
  - **ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

### အမည်ပြောင်း
အမှတ်(၁)၊ အလက၊ ကန်နား ကျောင်း၊ တတိယတန်း(A)မှ ဦးနေမျိုးသန့်၏သမီး မခက်ဖူးဝေအား ယနေ့မှစ၍ မခိုင်ဆုဝေထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မခိုင်ဆုဝေထက်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ တမာကျေးရွာနေ ဦးငွေဆောင်(ခ)ဦးကျော်ခဲ ၅/ခဥန(နိုင်)၀၁၆၈၃၇ မှာ တစ်ဦးတည်း ဖြစ်ပါသည်။
**ဦးငွေဆောင်(ခ)ဦးကျော်ခဲ**

### ဖခင်အမည်မှန်
တောင်သာမြို့၊ ရသစ် အထက ကျောင်း၊ နဝမတန်း(A)တွင် ပညာသင်ကြားနေသော မောင်လှိုင်မိုးအောင်၏ဖခင်အမည်မှန်မှာ ဦးစိန်ကုလား ၉/တသန(နိုင်)၀၉၀၂၂၄ ဖြစ်ပါသည်။ **ဦးစိန်ကုလား**

### အမည်ပြောင်း
ဦးအောင်မြင့်ဦး-ဒေါ်နီနီသန်းတို့၏သမီး မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ ပဉ္စမတန်း(က)တွင် ပညာသင်ကြားနေသော မနှင်းရတီဦးအား ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ မနှင်းရတီခြူးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မနှင်းရတီခြူး**

### ဖခင်အမည်မှန်
မြိတ်မြို့၊ အထက-၂၊ အဋ္ဌမတန်းတွင်ပညာသင်ကြားနေသော မောင်နှင်းဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဆန်းဝင်းဖြစ်ပါကြောင်း။
**ဦးဆန်းဝင်း MYK-၀၅၅၈၂၆**

### အမည်ပြောင်း
ဦးမြင့်ကိုကို၏သမီး နေပြည်တော် ပျဉ်းမနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မသန့်စမ်းနဒီအား ယနေ့မှစ၍ မသွန်းဖြိုးနဒီဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းဖြိုးနဒီ**

### မိဘအမည်မှန်
စလင်းမြို့ အထက အဋ္ဌမတန်း(C)မှ မောင်ဆန်းလင်းအောင်၏ မိဘအမည်မှန်မှာ ဦးမြင့်ရွှေ ၈/စလန(နိုင်)၁၀၄၈၉၆ နှင့် ဒေါ်တင်မွန် ၈/စလန(နိုင်)၂၂၃၈၀၃ ဖြစ်ပါသည်။
**ဦးမြင့်ရွှေ၊ ဒေါ်တင်မွန်**

### အမည်မှန်
ကျောက်တံခါးမြို့နယ်၊ ကျွန်းချောင်းကျေးရွာအုပ်စု၊ ခင်ရှည်ကျေးရွာနေ ဦးကြည်ညွန့်၏သား မောင်ဇင်ကိုဦး ၇/ကတခ(နိုင်)၁၈၅၀၂၂သည် ကျောင်းမှတ်ပုံတင်စာရင်းအရ မောင်တင်ကိုဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ မောင်တင်ကိုဦး ဖြစ်ပါသည်။ **မောင်တင်ကိုဦး**
**ခင်ရှည်ရွာ၊ ကျောက်တံခါးမြို့နယ်**

### မွေးသက္ကရာဇ်မှန်
မကွေးမြို့၊ကန်သာအလက၊ အဋ္ဌမတန်း(A)မှ ဦးသက်ကိုကို ၈/မမန(နိုင်)၀၀၂၄၉၀၏သမီး မအိဖူးကိုကို၏ မွေးသက္ကရာဇ်မှန်မှာ ၂၅-၅-၂၀၀၃ ဖြစ်ပါကြောင်း။ **မအိဖူးကိုကို**

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 7F/2330 Daihatsu Hijet P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောချောသက် ၇/ရကန(နိုင်)၀၄၀၆၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

### ဖခင်အမည်မှန်
လှိုင်ကော်မြို့၊ လောမမ္မရပ်ကွက်၊ အထက(ခွဲ)ကျောင်း၊ စတုတ္ထတန်းမှ မောင်ရဲရင့်မောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သူအောင် ၂/လကန(နိုင်) ၀၅၁၂၈၂ ဖြစ်ပါကြောင်း။
**ဦးကျော်သူရအောင်**

### ဖခင်အမည်မှန်
လှိုင်ကော်မြို့၊ အထက(၅)၊ ပဥ္စမတန်းမှ မောင်ဇင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော် ၂/လကန(နိုင်) ၀၇၈၀၀၇ ဖြစ်ပါကြောင်း။
**ဦးသန့်ဇော်**

### ဖခင်အမည်မှန်
လှိုင်ကော်မြို့၊ လောခမ္မ၊ အထက(ခွဲ)၊ စတုတ္ထတန်းမှ မဆွေဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးမင်းဆွေထိုက် ၉/သစန (နိုင်) ၁၀၄၅၃၁ ဖြစ်ပါကြောင်း။ **ဦးမင်းဆွေထိုက်**

### မွေးသက္ကရာဇ်မှန်
လှိုင်ကော်မြို့၊ လောခမ၊ အထက(ခွဲ)၊ စတုတ္ထတန်းမှ မဆွေဇင်ထက်၏ မွေးသက္ကရာဇ်မှန်မှာ ၁၉-၅-၂၀၀၆ ဖြစ်ပါကြောင်း။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇွန်လ ၂၂ ရက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Diesel Bowser (၂၈၀၀)ဂါလန်နှင့်အထက် | (၁) စီး |
| (ခ) | Vaccum Truck (၈၀၀)ဂါလန်ဆံ့ | (၁၀) စီး |
| (ဂ) | Station Wagon(7 Seater) | (၂) စီး |
| (ဃ) | Compactor Garbage Truck | (၃၀) စီး |
| (င) | Arm Roll Truck (10)Wheel | (၁၀) စီး |
| (စ) | Fuel Bowser 800 gallon | (၂) စီး |
| (ဆ) | City Cleaner Truck | (၄) စီး |
| (ဇ) | Hijet/Suzuki Pickup(2005&UP Model)ယာဉ် | (၃) စီး |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၈-၇-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံ-သာယာဝတီမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ သာယာဝတီ-စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ကျောင်းသူ(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း<br>ပေ(၁၇၃×၃၂×၂၁.၅)RC<br>(ရေ၊ မီး၊ မိလ္လာ၊ Apron & drain)<br>(သာယာဝတီ)စိုက်ပျိုးရေးသိပ္ပံ၊ ပဲခူးတိုင်းဒေသကြီး | (၁)ဆောင် |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁-၈-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၀၁၀၆၅၁ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးသိပ္ပံ-သာယာဝတီမြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ သော်က(၅)လမ်း၊ အမှတ်(၃၂)နေ မတင်ထွေး(ခ) မတင်တင်ထွေး ၉/ပမန (နိုင်) ၂၂၇၄၉၄၏ဖခင် ဦးမြင့်(ခ)ဦးမြင့်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မတင်တင်ထွေး၏ မွေးသက္ကရာဇ်မှန်မှာ ၂၃-၃-၁၉၉၁ ရက်ဖြစ်ကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၆ယ/၄၈၆၃၃ ဟွန်ဒါဝေ့ဗ် 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၁၀/မဒန(နိုင်) ၁၆၇၄၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅ယ/၈၂၉၉၆ Honda MTX 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှစိန်အောင် ၃/ကဆက(နိုင်)၀၃၀၁၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတက္ကသိုလ်တွင် အသုံးပြုရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဤတက္ကသိုလ် အင်ဂျင်နီယာဌာနတွင် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများပေးသွင်း၍ ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)မှ စတင်ဝယ်ယူနိုင်ပါသည်။
၁။ စက်ပစ္စည်းများ
၂။ ပရိဘောဂပစ္စည်းများ
၃။ လက်တွေ့ခန်းသုံးပစ္စည်းများ (Apparatus, Glassware, Chemical)
၄။ Other(Educational Books)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၃၀နာရီဖြစ်ပြီး ဤတက္ကသိုလ် အိတ်ဖွင့်တင်ဒါစိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းသို့ နမူနာပစ္စည်း(သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဤတက္ကသိုလ် ဖုန်း-၀၅၂-၂၂၃၀၁၆၆၊ ၀၅၂-၂၂၃၀၁၃၈ (Ext-၁၄၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ပဲခူးတက္ကသိုလ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇွန်လ ၂၂ ရက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | C.T.P Plate | (၆၀၀၀) ချပ် |
| (ခ) | ပုံနှိပ်မင် | (၃၀၀၀) ကီလိုဂရမ် |
| (ဂ) | ကျောက်မီးသွေး | (၂၀၀၀) တန် |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁-၇-၂၀၁၆ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**







**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8K/7343 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၄၆၉၁၉ Honda C90 H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးသွယ် ၉/မနမ(နိုင်)၀၁၇၃၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့








**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၉၉၂၁ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်စိုးမင်း ၁၂/ကမန(နိုင်)၀၇၆၀၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/2854 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**




**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/1975၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**တက်နေဝန်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10'/14')Box ကားများဖြင့်

လုပ်သားအပြီးအစီး

ဝန်ဆောင်မှုပေးသည်။

09-442076599

09-400448695

09-33100721




**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တာမွေမြို့နယ်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈ နှင့်ဆက်နွှယ်သည့်**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀**

| | | |
|---|---|---|
| ဒေါ်ကျင်စွမ် | **နှင့်** | ဦးလွန်းကျင် |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၃ လမ်း၊ အမှတ် ၂၄ နေ ဦးလွန်းကျင်(ယခုလိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကျင်စွမ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၅ ရက် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**

**တာမွေမြို့နယ်တရားရုံး**

**အမည်မှန်**

မြောက်ဥက္ကလာပမြို့နယ်၊ အလက(၅)၊ ပဋ္ဌမတန်း(D)မှ ဦးအောင်နိုင်ဦး ၁၂/မဘန(နိုင်)၀၉၄၉၃၅ ၏ သမီး မပြုံးစန္ဒာ၏ အမည်မှန်မှာ မမေဇင်အောင် ဖြစ်ပါကြောင်း။ **မမေဇင်အောင်**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

မှန်ပြည်နယ်၊ ဖော်လမြိုင်မြို့ ဖော်လမြိုင်မြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ အထက်လမ်းမကြီး၊ ဘိုကုန်းကွင်းအမှတ် (၆၄) အုပ်စု၊ အမှတ် (၁၂)၊ ဦးပိုင်အမှတ် (၀၄-ဆ)၊ မြေချိန်ဧရိယာ (၁.၅၄၂) ဧကရှိ ဏာဝရန်ဂရန်၊ ဘီးဘွားပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၀၅)၊ အထက်လမ်းမကြီး၊ ဘိုကုန်းရပ်ကွက်၊ ဖော်လမြိုင်မြို့နယ်၊ ဖော်လမြိုင်မြို့ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဖော်လမြိုင်မြို့ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသည့် အထက်ဖော်ပြပါ မြေကွက်အား လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သည့် ၁။ ဦးမောင်စိန် (၁၂/သမန (နိုင်) ၀၀၀၀၄၆)၊ ၂။ ဦးဝင်းကြိုင် (ခ) အာရမှန် (၁၄/ဘကလ (နိုင်) ၀၀၀၀၀၇)၊ ၃။ ဦးသိန်းဝင်း (၁၂/တမန (နိုင်) ၀၆၇၅၂၉) တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း (မူရင်း) များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ

အမှတ် (၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်းနံပါတ် - ၀၉ ၄၂၀၀၆၁၅၆၉ ၊ ၀၉ ၅၀၆၀၁၃၇၊ ၀၉ ၄၂၀၀၀၂၀၇၅

**ကံ့ကော်ရိပ် အဋ္ဌမတန်း [၃၄]စုံ**

**၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်**

**စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ**

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေး စည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

**ကောရီစံစာပေ** C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/7483၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကျေးဇူးအထူးတင်ရှိခြင်း
**ဦးအုံ့မောင်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**သာသနာရေးဦးစီးဌာန**
**အသက်(၈၄)နှစ်**

၁၇-၆-၂၀၁၆ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးအုံ့မောင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်သည့် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် သံဝေဂရတရားတော်များ လာရောက်ဟောကြားခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ စာသင်တိုက်ကြီးများမှ ပင့်သံဃာတော်များ၊ ရွှေမင်းဝံသာသနာ့ရိပ်သာ၊ မဏိရတနာသီလရှင်စာသင်တိုက်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးခဲ့သော ဓမ္မာစရိယ ဦးမင်းကြည်၊ ဦးမောင်မောင်စိုးတင့်(ဥက္ကဋ္ဌ)ပညာပါရမီတက္ကသိုလ်၊ ရွှေတိဂုံဘုရားဂေါပကအဖွဲ့၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ မြန်မာနိုင်ငံထေရဝါဒ သာသနာ့ဂုဟာအသင်း၊ မြန်မာ့သံတော်ဆင့်သတင်းဌာန ဝန်ထမ်းမိသားစု၊ ဦးသိန်းထွေး(ဒုဥက္ကဋ္ဌ) C.B ဘဏ်၊ ရွှေသံလွင်မိသားစု၊ မင်္ဂလာမေအမျိုးသမီးများ၊ သမဝါယမအသင်းလီမိတက်အသင်းသားများ၊ စစ်ဘက်၊ နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများ၊ ကျန်ရစ်သူမိသားစုအား ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းမေးခြင်းဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့)ရက်လည်ဆွမ်းကျွေးတွင် အစစအရာရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဒေါ်မြူအောင် ၁၂/ဗဟန(နိုင်)၀၄၈၉၅၃၊ ဦးစန္ဒာထူးမင်းဝင်း ၁၂/တမန(နိုင်)၀၉၈၁၅၁နှင့် ၎င်း၏အမွေစားအမွေခံသမီးများနှင့် အများသိစေရန်**

## အသိပေးကြေညာခြင်း

လူကြီးမင်းက ကိုယ်ရေးကိုယ်တာအသုံးပြုရန် လိုအပ်နေသော ငွေများကို အတိုးမဲ့ချေး ငှားအသုံးပြုရန် အကူအညီတောင်းခံသဖြင့် ခင်မင်ရင်းနှီးသူများဖြစ်ခြင်း၊ အပြည့်အဝယုံကြည် မှုရှိခြင်းကြောင့် လူကြီးမင်းလိုအပ်သောငွေကျပ်သိန်း ၃၀၀တိတိကို ၂၃-၁၁-၂၀၁၂ရက်က အတိုးမဲ့ကူညီသောအားဖြင့် အသိသက်သေများရှေ့တွင် စာချုပ်ချုပ်၍ ချေးငှားပေးအပ်ခဲ့ပြီးဖြစ်ပါ သည်။

လူကြီးမင်းကပင်ထပ်မံ၍ ငွေကျပ်သိန်း ၅၀ကိုလည်း အတိုးမဲ့အသုံးပြုရန်အတွက် ချေးငှားပါရန် ထပ်မံအကူအညီတောင်းခံသဖြင့် ၂၄-၂-၂၀၁၃ရက်တွင် အသိသက်သေများ၏ရှေ့တွင် စာချုပ်ချုပ်၍ ချေးငှားခဲ့ပြီးဖြစ်ပါသည်။

လူကြီးမင်းက အတိုးမဲ့ချေးငှားခဲ့သော စုစုပေါင်းငွေကျပ်သိန်း ၃၅၀တိတိကို ၂၄-၈-၂၀၁၃ရက်တွင် တစ်လုံးတစ်ခဲတည်း အပြေအကျေပြန်လည်ပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုပြီး လည်းဖြစ်ပါသည်။

သို့ပါ၍ လူကြီးမင်းက အတိုးမဲ့ချေးငှားခဲ့သော စုစုပေါင်းငွေကျပ်သိန်း ၃၅၀တိတိကို ဤရက်မှစ၍ ရက်သတ္တပတ်အတွင်း ဒေါ်ခင်စောညွန့်၏လက်ဝယ်သို့ ပြန်လည်ပေးအပ်ပါရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စောညွန့်၏ညွှန်ကြားချက်အရ-**
**ဦးဝင်းဌေး(B.A,R.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၅၆)**
**အမှတ် ၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၂၅၄၁၇၉၀၅၇၊ ၀၉-၇၉၉၉၂၉၂၆၃**

---

## ဈေးဆိုင်ခန်းအမည်ပြောင်းလဲခြင်းအား ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့မဈေး၊ စဝ်စံထွန်းဈေး၊ အေးသာယာဈေး၊ အေးသီရိဈေးတို့မှ ဆိုင်ခန်းအမည်ပြောင်းလဲခွင့်အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းလွှဲခွင့်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၁၂၀၃၊ ၀၈၁-၂၁၂၂၇၄၁၊ ၀၈၁-၂၁၂၃၉၂၄ တို့သို့ ဆက်သွယ်စုံစမ်းကန့်ကွက်နိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

| စဉ် | ဈေးအမည် | ဈေးရုံ အမှတ် | ဆိုင်ခန်း အမှတ် | မူလဆိုင်ခန်းပိုင်ရှင် မှတ်ပုံတင်အမှတ် | လွှဲပြောင်းလက်ခံမည့်သူ မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| ၁ | မြို့မဈေး | မြေညီ | ၃၃ | ဒေါ်ခင်ခင် ၁၃/တကန(ဧည့်)၀၀၀၆၅၈ | ဦးဒုန်းပေါက်ချွင် ၁၃/လလန(နိုင်)၀၅၄၃၉၀ |
| ၂ | မြို့မဈေး | D | ၂၉ | ဦးစိုးဝင်း ၁၃/တကန(နိုင်)၀၂၇၁၁၄ | ဦးဝင်းကျော် ၁၃/လလန(နိုင်)၀၀၂၆၈၀ |
| ၃ | မြို့မဈေး | E | ၁ | ဒေါ်ကျောက်ရီဆင် ၁၃/တကန(နိုင်)၁၂၉၀၂၅ | ဒေါ်ဖိန်းဖိန်း(ခ)လွင်လွင်မြင့် ၁၃/တကန(နိုင်)၁၈၉၅၉၉ |
| ၄ | မြို့မဈေး | E | ၂ | ဒေါ်ကျောက်ရီဆင် ၁၃/တကန(နိုင်)၁၂၉၀၂၅ | ဒေါ်ရှင်းရှင်း(ခ)ဖြူဖြူမြင့် ၁၃/တကန(နိုင်)၀၀၄၅၉၃ |
| ၅ | မြို့မဈေး | E | ၄ | ဒေါ်ခင်အုန်းကြည် ၁၃/တကန(နိုင်)၀၁၀၅၉၇ | ဒေါ်ခင်နု ၁၃/လလန(နိုင်)၀၃၈၈၈၄ |
| ၆ | မြို့မဈေး | E | ၉ | ဒေါ်အေးမေ ၁၃/တကန(နိုင်)၀၂၆၅၃၄ | ဒေါ်ခင်လှဝေ ၁၃/တကန(နိုင်)၁၃၂၄၁၅ |
| ၇ | မြို့မဈေး | G | ၃၅ | ဒေါ်ရီရီဝင်း ၁၂/လမတ(နိုင်)၀၁၈၆၂၉ | ဦးချွန်စောင်(ခ)ကိုကိုလွင် ၁၃/တကန(နိုင်)၀၆၈၀၆၆ |
| ၈ | မြို့မဈေး | G | ၉၅ | ဦးတင်မောင်(ခ)အဗ္ဗဒူကရင်း ၁၃/တကန(နိုင်)၁၃၇၂၅၆ | ဦးစိုင်းဝင်းမင်းဦး ၁၃/တကန(နိုင်)၀၀၄၇၅၇ |
| ၉ | မြို့မဈေး | H | ၈၅ | ဒေါ်ပိုးကြည် ၁၃/တကန(နိုင်)၀၁၃၂၉၁ | ဒေါ်ခင်မမ ၉/မထလ(နိုင်)၀၅၅၉၄၁ |
| ၁၀ | မြို့မဈေး | K | ၁၇၁<br>၁၇၂ | ဦးတင်ဦး ၁၃/တကန(နိုင်)၁၁၁၄၉၅ | ဒေါ်တင်မာရီ၊ ဒေါ်သီတာဦး<br>၁၃/တကန(နိုင်)၃၂၂၃၇၃<br>၁၃/တကန(နိုင်)၃၂၂၃၇၄ |
| ၁၁ | မြို့မဈေး | L | ၁၂၂ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၂၂၈၅၅ | ဒေါ်ရှားရင်စဲ ၁၃/မနန(နိုင်)၀၀၉၉၄၃ |
| ၁၂ | မြို့မဈေး | L | ၁၉၃ | ဒေါ်နန်းကော် ၁၃/လလန(နိုင်)၀၆၃၉၃၈ | ဒေါ်ခင်သန်းဝင်း TGI-070051 |
| ၁၃ | မြို့မဈေး | L | ၁၉၆ | ဒေါ်ဖြူဖြူအေး ၁၃/ဟပန(နိုင်)၀၃၁၁၁၇ | ဒေါ်ဌေးကြည် ၁၃/တကန(နိုင်)၁၃၉၁၄၆ |
| ၁၄ | မြို့မဈေး | L | ၂၃၃ | ဒေါ်ဝင်းမင်းသူ ၁၃/တကန(နိုင်)၀၆၂၀၆၃ | ဒေါ်မိုးမိုးအေး ၁၃/တကန(နိုင်)၁၅၆၆၄၆ |
| ၁၅ | စဝ်စံထွန်းဈေး | က-၃ | ၅၆ | ဒေါ်နန်းခင်ခင်ညွန့် ၉/ပကန(နိုင်)၀၈၂၇၂၇ | ဒေါ်နန်းဟွမ်နွန်း ၁၃/တကန(နိုင်)၀၀၁၄၂၉ |
| ၁၆ | စဝ်စံထွန်းဈေး | ခ-၄ | ၁၁ | ဒေါ်နာဝါ ၉/မရက(နိုင်)၁၀၅၉၆၀ | ဦးညွန့်ဟန် ၁၃/တကန(နိုင်)၀၆၅၉၁၁ |
| ၁၇ | စဝ်စံထွန်းဈေး | ဂ-၆ | ၁၀ | ဦးဝင်းမောင် ၁၃/တကန(နိုင်)၀၇၄၀၆၁ | ဒေါ်ဌေးဌေးစိုး ၁၃/တကန(နိုင်)၁၄၄၃၈၄ |
| ၁၈ | စဝ်စံထွန်းဈေး | ဂ-၆ | ၁၃ | ဒေါ်တင်နိုင်ဦး ၁၃/တကန(နိုင်)၁၉၃၀၂၂ | ဒေါ်နန်းဆိုင်ခမ်း ၁၃/လခတ(နိုင်)၀၀၀၀၁၄ |
| ၁၉ | စဝ်စံထွန်းဈေး | ဂ-၁၄ | ၁၂ | ဦးမြင့်ဆွေ ၇/တငန(နိုင်)၀၅၅၁၄၉ | ဒေါ်ဌေးဌေးစိုး ၁၃/တကန(နိုင်)၁၄၄၃၈၄ |
| ၂၀ | စဝ်စံထွန်းဈေး | စ-၂ | ၃ | ဦးထွန်းဝင်း ၁၂/ဒဂန(နိုင်)၀၀၀၁၆၉ | ဒေါ်သန်းသန်းဦး ၁၃/တကန(နိုင်)၀၄၆၀၅၂ |
| ၂၁ | စဝ်စံထွန်းဈေး | စ-၃ | ၂ | ဒေါ်ခင်ညို ၁၃/တကန(နိုင်)၁၃၈၇၆၇ | ဒေါ်စန်းဝါ ၁၃/တကန(နိုင်)၀၇၈၄၀၂ |
| ၂၂ | စဝ်စံထွန်းဈေး | စ-၃ | ၉ | ဦးကျော်စိုးမိုး၊ ဒေါ်မိမိခိုင်<br>၁၃/တကန(နိုင်)၁၄၅၅၂၀<br>၁၃/တကန(နိုင်)၀၁၈၃၂၀ | ဒေါ်နန်းဟွမ်နွန်း ၁၃/တကန(နိုင်)၀၀၁၄၂၉ |
| ၂၃ | စဝ်စံထွန်းဈေး | စ-၈ | ၆ | ဒေါ်မြစိန် ၁၃/တကန(နိုင်)၀၂၀၉၆၈ | ဒေါ်သူဇာထွေး ၁၃/ကလန(နိုင်)၀၅၅၁၃၆ |
| ၂၄ | စဝ်စံထွန်းဈေး | စ-၈ | ၇ | ဒေါ်မြစိန် ၁၃/တကန(နိုင်)၀၂၀၉၆၈ | ဒေါ်ဇင်မာထွန်း ၁၃/ကမန(နိုင်)၀၆၄၁၂၃ |
| ၂၅ | စဝ်စံထွန်းဈေး | ခ-၁ | ၈ | ဦးကျော်ဦးခိုင် ၁၃/တကန(နိုင်)၀၈၅၈၃၇ | ဒေါ်နိုင်နိုင်ထွန်း ၁၃/တကန(နိုင်)၀၁၃၃၉၁ |
| ၂၆ | စဝ်စံထွန်းဈေး | စ-၁၃ | ၈ | ဒေါ်ခင်မြင့် ၁၃/တကန(နိုင်)၀၇၀၅၅၉ | ဦးခွန်ဟန်ပြည့်ဦး ၁၃/တကန(နိုင်)၁၄၉၇၄၅ |
| ၂၇ | စဝ်စံထွန်းဈေး | စ-၁၄ | ၉ | ဦးဇော်ဝင်းလတ် ၁၃/တကန(နိုင်)၁၃၈၇၄၂ | ဒေါ်ရီရီရွှေ ၁၃/တကန(နိုင်)၂၀၀၄၆၃ |
| ၂၈ | စဝ်စံထွန်းဈေး | ပွဲရုံနောက်တောင် | ၂ | ဦးခွန်သန်းအောင် ၁၃/တကန(နိုင်)၀၆၆၅၄၁ | ဦးစိုင်းထွန်းလှိုင် ၁၃/ကသန(နိုင်)၀၃၈၉၄၅ |
| ၂၉ | စဝ်စံထွန်းဈေး | ပွဲရုံနောက်တောင် | ၃ | ဒေါ်ဝင်းဌေး ၇/သနဖ(နိုင်)၀၄၀၀၇၈ | ဦးဝင်းကျော် ၁၃/တကန(နိုင်)၁၄၉၈၆၈ |
| ၃၀ | အေးသာယာဈေး | ခ | ၁၃၊၁၆ | ဦးသန်းမြင့် ၁၃/သကန(နိုင်)၀၅၈၂၃၈ | ဒေါ်သန်းသန်းဝေ ၉/မထလ(နိုင်)၀၅၅၄၁၀ |
| ၃၁ | အေးသာယာဈေး | ခ | ၂၅ | ဒေါ်စိုးစိုးလှိုင်၁၃/တကန(နိုင်)၀၃၆၂၉၃ | ဒေါ်နီလာအောင် ၁၃/တကန(နိုင်)၁၅၉၃၁၅ |
| ၃၂ | အေးသီရိဈေး | ခ | ၉ | ဒေါ်အေးမေ ၁၃/မရန(နိုင်)၀၁၈၀၀၈ | ဒေါ်ကျင်းဟွယ် ၁၃/လရန(နိုင်)၀၅၇၆၂၂ |
| ၃၃ | အေးသီရိဈေး | ဂ | ၁၅ | ဒေါ်စလီမန်(ခ)ဒေါ်တင်အေး ၁၃/တကန(နိုင်)၁၈၀၅၃၁ | ဒေါ်ခင်နွယ်သင်း ၁၃/တကန(နိုင်)၂၇၈၀၁၅ |

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးခင်မောင်(ရန်ကုန်)**
**အသက် (၈၇)နှစ်**

ဦးခင်သက်(အင်ဂျင်နီယာချုပ်၊ လမ်းဦးစီး(စီမံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်သိန်းရီတို့၏ ဖခင် ဦးခင်မောင်သည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)**
**အင်ဂျင်နီယာများနှင့်ရုံးသူရုံးသားဝန်ထမ်းများ**
**လမ်းအထူးအဖွဲ့(၁၇)**
**စစ်တွေမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးခင်မောင်(ရန်ကုန်)**
**အသက် (၈၇)နှစ်**

ဦးခင်သက်[အင်ဂျင်နီယာချုပ်၊ လမ်းဦးစီး(စီမံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါ်ခင်သိန်းရီတို့၏ ဖခင် ဦးခင်မောင်သည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)**
**နှင့်အင်ဂျင်နီယာဝန်ထမ်းများ**
**လမ်းအထူးအဖွဲ့(၂၃)**
**ထားဝယ်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးခင်မောင်(ရန်ကုန်)**
**အသက် (၈၇)နှစ်**

ဦးခင်သက်(အင်ဂျင်နီယာချုပ်၊ လမ်းဦးစီး(စီမံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်သိန်းရီတို့၏ဖခင် ဦးခင်မောင်သည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန် သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲမင်းဇော်(ညွှန်ကြားရေးမှူး)**
**စီမံကိန်းနှင့်စာရင်းဌာနခွဲဝန်ကြီးရုံး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးခင်မောင်(ရန်ကုန်)**
**အသက် (၈၇)နှစ်**

ဦးခင်သက်(အင်ဂျင်နီယာချုပ်၊ လမ်းဦးစီး(စီမံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်သိန်းရီတို့၏ဖခင် ဦးခင်မောင်သည် ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန် သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေသုဟန်**
**သိန်းကျော်ဆောက်လုပ်ရေးကုမ္ပဏီ**
**ရန်ကုန်မြို့**

---

## "လူ့ဘဝ"

ဘဝအခြေ၊ အတက်အကျ
ပြောင်းလဲလှချေသည်
အိုကွယ်ဘဝ
သံသရာလည်း မဆုံးနိုင်ပြီ
အချိန်စက်ဝိုင်း၊ တတောက်တောက်နှင့်
မိုးသီးပမာ၊ ပြောင်းလဲလှချေသည်
ရှန်းကန်လှုပ်ရှား၊ ဤဘဝတွင်
မောလှချေပြီ
သံယောဇဉ်တွေ ဝေနေပြီလေ။
ဘာသာတရား၊ ဘုရား၊ တရား
ပြုမည်ကြံလည်း၊ သံယောဇဉ်က
နှောက်ယှက်လေသည်။

လူ့ဘဝကို စွန့်ခွာသော်လည်း
နတ်ပြည် နတ်ရွာ ရောက်နိုင်ငြားက
ကောင်းလေသာစွ၊ သို့တည်းမဟုတ်
အောက်ပြည် အောက်ဘုံ၊ ထိုလေးဘုံကို
ရောက်ပြန်သော်လည်း၊ ငိုကြွေးရပြန်
ငြိမ်းအေးချမ်းသာ၊ နိဗ္ဗာန်ဘုံမှာ
နေနိုင်ရန်ကား၊ ကြံစည်သော်ငြား
ကနဦးက၊ ခြေလှမ်းသည်ကား
လူ့ဘဝပင် ဖြစ်နေပြန်သား။

မောင်ဖြိုးညာဏ်သစ်(ခ)ဖိုးလပြည့်

- သံသရာဘုံအဆင့်ဆင့်၊ "လူ" ဖြစ်ခြင်းရဲ့အဓိပ္ပာယ်
- မင်းနားလည်သွားခဲ့ပါတယ်လို့ လှစ်ဟပြသွားတဲ့ "သား" ရေ
- နိဗ္ဗာန်-မဂ်-ဖိုလ်ကို လမ်းတိုတိုနဲ့ "သား" လျှောက်နိုင်၊ ပေါက်နိုင်ပါစေကြောင်းကို ကောင်းမှု "အမျှ" တွေ ပေးနေမယ် "သား" ရေ
- သာဓု သာဓု သာဓု ခေါ်စေနိုင်ကြောင်း။

(၂၅-၆-၂၀၁၆) ဒုတိယနှစ်ပတ်လည်
ဖေဖေ ဦးအေးထွန်းမော် - မေမေ ဒေါ်ကျင်တီ
မမ ချမ်းထွန်းထွန်းစံ

---

## ဒေါ်မေရီပြုံး
**(Zenith Pr-School ကျောင်းအုပ်ဆရာမကြီး)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်၇၂၊ ပထမထပ်၊ အခန်း(2/A)နေ(ဦးသိန်းတန်-ဒေါ်ပြုံး)တို့၏သမီး၊ (ဦးသာဝင်း-ဒေါ်သန်းညွန့်)တို့၏သမီးချွေးမ၊ ဦးထွန်းဝင်း(2/A.E M.T.M Co:)၏ဇနီး၊ ဦးအောင်ကျော်မိုး-ဒေါ်ဧကရီဌေးလွင်၊ ဦးသန်းထိုက်တို့၏မိခင်၊ (ဦးသန်းဦး-ဒေါ်ခင်ထားရီ)၊ (ဒေါ်စိန်မြိုင်)-ဦးတင်ညွန့်၊ (ဒေါ်မြမြစိမ်း)-ဦးရဲထွဋ်၊ ဒေါ်တင်မျိုးမျိုး-ဦးစိုးဝင်းဦး၊ (ဦးတင်မောင်ဆွေ)၊ ဒေါ်ခင်မကြီး၊ ဒေါ်ဘေဘီပြုံး-ဦးခင်ဇော်ဦးတို့၏ညီမ၊ (ဦးခင်မောင်ဝင်း)၏အစ်မသည် ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇း၅၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီ တွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပဏ္ဍိစ္စမဟာထေရ်
**အင်းစိန်မြို့နယ်လုံးဆိုင်ရာ**
**သုဓမ္မာပဝါရဏာဂိုဏ်းချုပ်ဆရာတော်ကြီး**
**သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ မာလာရာမတိုက်ခွဲ ကံသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စမဟာထေရ်သည် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၃ရက်) ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၉ရက်) ၂၉-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ယာယီစံကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီးလျှင် ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၃ရက်)၇-၇-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ အန္တိမအဂ္ဂိဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ**

---

## ဒေါ်ခင်တင့် (မော်လမြိုင်)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၆၃/၁နေ(ဦးချိန်ထွန်း-ဒေါ်ကျင်ရှု)တို့၏သမီး၊ (ဦးအုန်းမောင်၊ ပြည်နယ်အကောက်ခွန်ဦးစီးမှူး-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ [ဒေါ်အေးမြင့်(ခ)Shirley Tun]၊ [ဒေါ်ခင်စီ(ခ) Daisy Tun]၊ [ဒေါ်စိန်စိန်(ခ)Betty tun] ဒေါ်စန်းစန်း(ခ)Margret Tun၊ ဦးစိုးမင်း-ဒေါ်ဝင်းမြင့်၊ ဦးစိုးဝင်း-ဒေါ်နွယ်နွယ်သိန်း၊ (ဦးသိန်းဝင်း)-ဒေါ်ခင်မြင့်မှုတို့၏အစ်မ၊ ဦးအောင်ကြည်-ဒေါ်အေးအေးခိုင်၊ ဒုဗိုလ်မှူးကြီးစိုးမြင့်(လေ/ငြိမ်း)-ဒေါ်ခင်နှင်းရီ(ခ)Pearl၊ (ဦးသက်စံ)-ဒေါ်တင်သန်းအေး၊ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း၊ (ဦးအေးကျော်)၊ မအိအိခင်(ခေတ္တ Japan)တို့၏မိခင်၊ မောင်ပြည့်ဖြိုးအောင်(ခ) PILOU(ခေတ္တစင်ကာပူ)၊မဖြူစင်စင်သန့်(ခေတ္တ Japan)၊ မမေမီမီသန့် (ခေတ္တ Australia)တို့၏အဘွားသည် ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက်၈း၄၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဗိုလ်ကြီးဇင်မင်းထွန်း (D.S.A 49) (ကြည်း ၄၆၅၁၈)**
**B.Sc,MC.SC(Russia)**
**၂၅-၆-၂၀၁၂မှ ၂၅-၆-၂၀၁၆**

သားဖိုးလမင်း အဖေနှင့်အမေကိုနောက်ဆုံးနှုတ်ဆက်ကန်တော့ပြီး ကချင်ပြည်နယ် တစ်နေရာမှာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ခွဲခွာသွားတာ (၄)နှစ်ပြည့်ပြီဖြစ်သော်လည်း ယနေ့တိုင်မေ့မရနိုင်ပါ သားအားရည်စူးပြီး ပြုသမျှကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝက သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်ပြည့်စုံတဲ့ဘုံဘဝကို ရောက်ပါစေ။

**သားရေ အမျှ -အမျှ -အမျှ(သာဓု၊ သာဓု၊ သာဓု)**

| | |
|---|---|
| ဖေဖေ၊ မေမေ | ဦးအေးလွင်-ဒေါ်လှလှဌေး(သုံးခွ) |
| ကိုကြီး | ကိုနိုင်မင်းဦး-မစံပယ်အေး(သုံးခွ) |
| ကိုလေး | ကိုလှိုင်ဇင်ဦး-မနွဲ့နွဲ့စိုး(ကြံစိုက်ပျိုးရေးတပ်ဖွဲ့ကုန်း) |
| ညီလေး | ဒုဗိုလ်ကျော်မြင့်သိန်း-မဇင်မာလွင်(မြစ်ကြီးနား) |
| တူလေးများ | ဇာနည်လင်း၊ အာကာလင်း၊ အောင်မင်းသန့်၊ ဖိုးသား |

---

## လေးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဦးခင်မောင်စိုး(လက်ထောက်အင်ဂျင်နီယာ)**
**မြန်မာ့မီးရထား**
**(၂၅-၆-၂၀၁၂ မှ ၂၅-၆-၂၀၁၆)**

ကျေးဇူးရှင်ခင်ပွန်း၏ လုံခြုံနွေးထွေးသောမေတ္တာအရိပ်အောက်မှ ဝေးကွာခဲ့ရသည်မှာ (၄)နှစ်ပြည့်ခဲ့ပါပြီ။ တစ်ရက်မှမေ့လို့မရပါ။ အစ်ကိုရဲ့ မိသားစုအပေါ်ထားရှိသည့် အတိုင်းအဆမရှိကြီးမားလှသော မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားတို့ကို နေ့စဉ်အမြဲသတိရလျက် (၄)နှစ်တာကာလ ပြုပြုသမျှကုသိုလ်အစုစုတို့နှင့် အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်သစ်ကြီးအတွက် ရည်စူးလှူဒါန်းမှုတို့ကို အမျှပေးဝေပါတယ်။ အစ်ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**အစ်ကိုရေ…အမျှ-အမျှ-အမျှ**

**ချစ်ဇနီး-ဒေါ်အေးအေးဝင်း**
**သားကြီး-မောင်ပြည့်ဖြိုးဟိန်း**
**သားငယ်-မောင်သန်းထူး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၈၊ မြေကွက်အမှတ် ၈၈၁/၁၁၈၀၊ မြေကွက်တည်နေရာအမှတ်၁၁၈၀၊ အင်ကြင်းလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း ဦးသန်းမြင့် ISN-၅၅၀၁၆၂၊ ဒေါ်သောင်းသောင်းအေး H/RGN-၀၀၃၆၇၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သောင်းသောင်းအေး(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းမြင့် ISN-၅၅၀၁၆၂၊ ၁၂/ရကန(နိုင်) ၀၅၆၈၉၆က ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ဇနီးသေစာရင်း၊ ပုံစံ(၁၀)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၉၉၀၊ ချောင်းသာအကွက်၊ ဦးပိုင်အမှတ် ဈ-၁၁၊ မြေဧရိယာ ၂ ဒသမ ၁၀၀ဧကရှိမြေ ကို ဒေါ်ခင်ပြုံးရွှေအမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၄**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ နံနက်ပိုင်းမှ စတင်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမောင်တို့နှင့်အတူ ယနေ့ နံနက် ၉ နာရီက မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲသမိုင်းနှင့် ခင်းကျင်းပြသထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မဏိရတနာကျောက်စိမ်းခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းပြကွက်၊ ကျောက်မျက်ရတနာပြကွက်များကို ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကျောက်စိမ်းလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ကျောက်မျက်လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မဏိရတနာကျောက်စိမ်းခန်းမ အောက်ထပ်၌ မြန်မာ့ပုလဲခင်းကျင်းပြသထားရှိမှု၊ တင်ဒါတင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောက်မျက်ရတနာအရောင်းဆိုင်များကို

*စာမျက်နှာ ၇ ကော်လံ ၁* ◆



# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်ပြင်ဆင်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

နေပြည်တော် ဇွန် ၂၄

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် အားကစားသမား ၂၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။**



မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်မှ ဇွန် ၂၁ ရက်က ပြန်လည်ရောက်ရှိလာပြီး ဇွန် ၂၂ ရက်မှစတင်ကာ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပမည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံနှင့် အကျွမ်းတဝင်ရှိစေရန်အတွက် ဇွန် ၂၆ ရက်တွင် စတင်ကာ နေပြည်တော်၌ လေ့ကျင့်သွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲမှာ ကလပ်အသင်းပြိုင်ပွဲဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းမှာ W F.C အသင်းအမည်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးငွေးမြင့်က ကိုင်တွယ်လျက်ရှိပြီး ပြိုင်ပွဲနီးမှသာ အပြီးသတ် ၁၆ ဦး ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံတွင် ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ခြေစွမ်းပွဲ သုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်-တစ်ပွဲသရေကျခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✪

**မြန်မာအမျိုးသမီး ဖူဆယ်အသင်းလေ့ကျင့်မှုများ ပြုလုပ်နေစဉ်**

**အီးယူမှ ဗြိတိန်ခွဲထွက်ရေး ထောက်ခံမဲအသာဖြင့် အနိုင်ရ** စာ ၁ - ၁၀

**ကိုလံဘီယာ၌ ဆယ်စုနှစ် ငါးခုကျော်ကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ် အဆုံးသတ်သည့်အထိမ်းအမှတ် ကျင်းပ** စာ ၁ - ၁၀

**ကချင်ပြည်နယ် ဖားကန့်တွင် ကျောက်ကြောမြေပြိုကျမှုဖြစ်ပွား၊ ၁၀ ဦးဒဏ်ရာရရှိ၊ နှစ်ဦး ပျောက်ဆုံး** စာ - ၇

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အိမ် သူခိုးဝင်၊ ယောက္ခမဖြစ်သူအား ချွန်ထက်သည့်အရာဖြင့်ထိုးပြီး ထွက်ပြေး** စာ ၁ - ၁၃

